# ကြေးမုံ

The Mirror Daily

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဉပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်)ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့။ Tuesday, 10 October 2017 (၉၀၇၃)


# ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများ အကောင်အထည်ဖော်ရာမှာ သာမန်လုပ်ရိုးလုပ်စဉ် ကယ်ဆယ်ထောက်ပံ့ရေး လုပ်ငန်းများကိုကျော်လွန်ပြီး ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းတို့ကို အလေးပေးဆောင်ရွက်မည်




မြန်မာနိုင်ငံဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းစီမံချက်(၂၀၁၇) အတည်ပြုမိတ်ဆက်ပွဲအခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမှာစကားပြောကြားစဉ်။

**"ရာသီဥတုပြောင်းလဲမှုနှင့် ပုံသဏ္ဌာန်မမှန်သည့် ဖွံ့ဖြိုးတိုးတက်လာမှုအလေ့အထများကြောင့်လည်း ထိခိုက်ဆုံးရှုံးနိုင်ခြေများ ဖြစ်လာနိုင်သည့်အတွက် ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများကို ကြိုတင်မြော်တွေးလုပ်ဆောင်ရန်လိုအပ်လာပြီး ရေရှည်ရင်းနှီးမြှုပ်နှံမှုနှင့် မိတ်ဖက်ဆောင်ရွက်မှုများလည်း တိုးမြှင့်ရန်လိုအပ်လာသည့်အတွက် MAPDRR ကို ရေးဆွဲခဲ့ခြင်းဖြစ်"**

**နေပြည်တော် အောက်တိုဘာ ၉**

မြန်မာနိုင်ငံဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းစီမံချက်(၂၀၁၇) အတည်ပြုမိတ်ဆက်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက "မြန်မာနိုင်ငံ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းစီမံချက်(MAPDRR)ဟာ မြန်မာနိုင်ငံရဲ့ ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းစဉ်တွေကို စနစ်တကျသတ်မှတ်ထားတဲ့ပုံစံအတိုင်း ဖော်ဆောင်ပေးမှာဖြစ်သလို ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများ အကောင်အထည်ဖော်ရာမှာ သာမန်လုပ်ရိုးလုပ်စဉ် ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများကိုကျော်လွန်ပြီး ကြိုတင်ပြင်ဆင်ခြင်းနဲ့ ကြိုတင်ကာကွယ်ခြင်းတို့ကို အလေးပေးဆောင်ရွက်စေမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

မြန်မာနိုင်ငံတွင် ဘေးအန္တရာယ်များကြောင့် ဖြစ်လာမည့် ထိခိုက်ဆုံးရှုံးမှုများကို အကာအကွယ်ပေးထားသည့် ရင်းနှီးမြှုပ်နှံမှုပုံစံမျိုးများ တိုးပွားလာစေရန်လည်း MAPDRR က အဓိကအထောက်အကူပြုပေးမည်ဖြစ်ပါကြောင်း၊ MAPDRR တွင် သဘာဝဘေးအန္တရာယ်တွေကိုသာမက လူ့ပယောဂကြောင့်ဖြစ်သည့် မတော်တဆအန္တရာယ်ဖြစ်ပွားမှုများကိုပါ ထည့်သွင်းထားပါကြောင်း၊ စီမံချက်အရ **စာမျက်နှာ ၈ ကော်လံ ၁ သို့**

ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် မြန်အောင်မြို့သူ မြို့သားများက အလှူငွေကျပ် ၂၄၅ သိန်း လှူဒါန်း

စာမျက်နှာ » ၅

ဇေယျာသီရိမြို့နယ်ရှိ ကျေးရွာများအတွင်း ရေများဝင်ရောက်



စာမျက်နှာ » ၁၀

ဖျာပုံမြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များ အလုပ်သမားရှားပါးမှုကြောင့် CCTV ကင်မရာများ တပ်ဆင်အသုံးပြုနေရ

စာမျက်နှာ » ၂၀




ကြေးမုံ

# ပညာ၊ ကျန်းမာ၊ အားကစား လူငယ်များအတွက် တွန်းအား

မကြာသေးမီက ပညာရေး၊ ကျန်းမာရေးနှင့် အားကစား သုံးပွင့်ဆိုင် ပေါင်းစပ်ဆောင်ရွက်ကြမည့် လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းတစ်ရပ်ကို ကြားသိလိုက်ရသည်။ အဆိုပါအစီအစဉ်ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဦးဆောင်စီစဉ်ခဲ့ပြီး မြန်မာနိုင်ငံဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောကဏ္ဍတစ်ရပ်ဖြစ်စေမည့်အပြင် လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းကိုလည်း အောင်မြင်စွာဆောင်ရွက်နိုင်မည့်အစီအစဉ်ဖြစ်သည်။

ယနေ့အချိန်တွင် ပညာရေးကဏ္ဍဖြစ်စေ၊ ကျန်းမာရေးကဏ္ဍဖြစ်စေ၊ အားကစားကဏ္ဍဖြစ်စေ အားကြိုးမာန်တက် ဆောင်ရွက်နေကြသော်လည်း အလုံးစုံအောင်မြင်မှု မရရှိနိုင်သေးဘဲ အားမလိုအားမရ ဖြစ်နေရဆဲအခြေအနေဖြစ်သည်။ တစ်ချိန်သောကာလက ပညာရေးနယ်ပယ်၊ ကျန်းမာရေးနယ်ပယ်နှင့် အားကစားနယ်ပယ်တို့တွင် အောင်မြင်မှုအသီးသီးရရှိခဲ့ကြပြီး အထူးသဖြင့် အားကစားနယ်ပယ်၌ ဘောလုံးလောကသည် ရွှေခေတ်သို့ပင် ရောက်ခဲ့သည်။

အဆိုပါနယ်ပယ်သုံးခု အားနည်းမှုရှိနေခြင်း၏ အဓိကအကြောင်းအရင်းမှာ လူငယ်များသာဖြစ်၍ လူငယ်လူရွယ်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နည်းလမ်းရှာဖွေဆောင်ရွက်မည်ဖြစ်သော ယခုအကောင်အထည်ဖော်မည့် လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းကို လှိုက်လှိုက်လှဲလှဲကြိုဆိုရမည်ဖြစ်သည်။ လူငယ်များမှာ ဗလငါးတန်ဖွံ့ဖြိုးမှသာ အလုံးစုံအောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်၍ လူငယ်များဖွံ့ဖြိုးတိုးတက်ရေး သုံးပွင့်ဆိုင်စီမံကိန်း အောင်မြင်ရေးကို အားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန် တိုက်တွန်းအပ်ပါသည်။

လူငယ်လူရွယ်များအား ကျန်းမာကြံ့ခိုင်စေနိုင်မည့် အားကစားကဏ္ဍဘက်တွင် ပိုမိုပါဝင်လှုပ်ရှားနိုင်ကြမည်ဆိုလျှင် လူငယ်လူရွယ်များ၏ ဉာဏ်ရည်ထက်မြက်သွက်လက်စေရေးသာမက အားကစားဘက်တွင် ထူးချွန်ထက်မြက်သည့် လူငယ်လက်ရွေးစင်အားကစားသမားများလည်း ပေါ်ထွက်လာနိုင်ပါသည်။ ယခုလက်ရှိတွင် သန်ရာသန်ရာ စိတ်ဝင်စားမှုရှိသည့် လူငယ်အားကစားသမားများကို သင့်သလိုရွေးချယ်ပြီး လေ့ကျင့်မွေးမြူပါဝင်ယှဉ်ပြိုင်စေသဖြင့် ထင်သလောက်ခရီးမပေါက်ခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

ယခု အကောင်အထည်ဖော်မည့်စီမံကိန်းတွင် လူငယ်ဘောလုံးပွဲတော်များ၊ နည်းပြသင်တန်းများ၊ လူငယ်ပြိုင်ပွဲများ စသည်တို့ကို လူငယ်ဖွံ့ဖြိုးရေးအစီအစဉ်အနေဖြင့် သဘောတူဆောင်ရွက်ကြမည်ဖြစ်သည်။ ထို့အပြင် အကယ်ဒမီအခြေပြု လူငယ်ပြိုင်ပွဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တည်ရှိသည့် အားကစားနှင့် ကာယပညာကျောင်းများတွင် နည်းပြသင်တန်းများဖွင့်လှစ်ပေးရေး၊ အာဟာရဖွံ့ဖြိုးရေးနှင့် ကြံ့ခိုင်မှုပိုမိုကောင်းမွန်ရေး၊ အလားအလာကောင်းမွန်သည့် လူငယ်လူရွယ်များအား စောင့်ကြည့်လေ့လာ ရှာဖွေဖော်ထုတ်၍ စနစ်တကျပြုစုပျိုးထောင်ပေးရေးတို့ကို စီစဉ်လျက်ရှိသည်။

စီမံကိန်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ မြို့နယ်ဘောလုံးအဖွဲ့ချုပ်များဖွဲ့စည်းပြီး နယ်မြေဒေသများအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဖွင့်လှစ်ထားသည့် ဘောလုံးအကယ်ဒမီကျောင်းများ၊ တပ်မတော် အကယ်ဒမီကျောင်းများနှင့် အားကစားသင်တန်းကျောင်းများမှ ပါဝင်ယှဉ်ပြိုင်မည့်အသင်းများ နှစ်စဉ်ကျင်းပပေးရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ရာ အနာဂတ်လူငယ်နှင့်အားကစားကဏ္ဍအတွက် အလားအလာကောင်းများ ဟုဆိုရမည် ဖြစ်သည်။

ယခုကဲ့သို့ လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းကို ဆောင်ရွက်ခြင်းသည် မြန်မာအားကစား ဘောလုံးလောကဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခြင်းဖြစ်ရုံသာမက ဒေသအလိုက် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ ကျောင်းပညာသင်ကြားရေးတွင် ကျန်းမာကြံ့ခိုင်ပြီး သွက်လက်ထက်မြက်၍ ဉာဏ်ရည်မြင့်မားရေးကိုပါ အထောက်အကူပြုနိုင်သဖြင့် လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

## ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းလောင်းအခြေခံ(အထူး)သင်တန်း အမှတ်စဉ် (၈)သင်တန်းဖွင့်



**ရန်ကုန် အောက်တိုဘာ ၉**

အရာထမ်းလောင်းအခြေခံ(အထူး)သင်တန်း အမှတ်စဉ်(၈)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပြည်သူ့ဝန်ထမ်းအကယ်ဒမီ ရတနာသိယ်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲ၌ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် လစ်လပ်လျက်ရှိသော လက်ထောက်ဆရာဝန်နှင့် သွားဘက်ဆိုင်ရာဆရာဝန်ရာထူးများအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ရွေးချယ်ခြင်းခံရသူ အရာထမ်းလောင်းများအား အမျိုးသားရေးအမြင်ရရှိရေးနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုရှိစေရေးအတွက်သာမက ပြည်သူ့ဝန်ဆောင်မှုပြည့်ဝစွာပေးနိုင်မည့် ဝန်ထမ်းကောင်းများဖြစ်လာစေရန် ရည်ရွယ်ပြီး ယခုသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းတွင် အရာထမ်းတစ်ဦး သိသင့်သိထိုက်သော အုပ်ချုပ်မှုဆိုင်ရာပညာရပ်များ၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် ကျန်းမာရေးနှင့် သက်ဆိုင်သောမူဝါဒများ၊ ဆေးပညာဆိုင်ရာ ပညာရပ်များကို ပို့ချဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို အမျိုးသားရေးမူဝါဒအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရပ်ဆိုင်ရာ အရည်အသွေး မြှင့်တင်ပေးနိုင်ရန်နှင့် စဉ်ဆက်မပြတ် လေ့လာဆည်းပူးနိုင်ရေးအတွက် ပညာရပ်ဆိုင်ရာဘွဲ့လွန်သင်တန်း ၁၂၆ မျိုးထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အရည်အသွေး ပိုမိုမြင့်မားစေရန်အတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းများ၊ စီမံခန့်ခွဲမှုသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး နိုင်ငံတကာအဖွဲ့အစည်း၊ တက္ကသိုလ်များနှင့် ပူးပေါင်းပြီး နိုင်ငံခြားပညာ သင်စေလွှတ်ခြင်း၊ သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိမိတို့ သင်ယူတတ်မြောက်ထားသော ပညာရပ်များနှင့် ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးရန်လိုအပ်ကြောင်း၊ ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် လူနာများအပေါ် ကတိသစ္စာပြု အဓိဋ္ဌာန်တွင် ပါဝင်သည့်အတိုင်း ကျန်းမာရေးစောင့်ရှောက်မှုကို စေတနာအရင်းခံကာ စိတ်ဝင်တစားကောင်းမွန်စွာဆက်ဆံပြီး စဉ်းစားဆောင်ရွက်ပေးရန်လိုကြောင်း၊ အမျိုးသားကျန်းမာရေးစီမံကိန်း ၂၀၁၇-၂၀၂၁ အရ အခြေခံကျဆုံးသော မရှိမဖြစ်ကျန်းမာရေးစောင့်ရှောက်မှုကို လူတိုင်းလက်လှမ်းမီရရှိစေရေးအတွက် မိမိတို့တာဝန်ကျရာ အခန်းကဏ္ဍများမှနေ၍ အကောင်းဆုံး ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးရန်နှင့် ကိုယ်ချင်းစာတရားလက်ကိုင်ထားပြီး လူနာများကို မိမိတို့၏ ဆွေမျိုးသားချင်းသဖွယ် စေတနာကရုဏာအပြည့်နှင့်ပြုစုကုသပေးကြရမည်ဖြစ်ကြောင်း။

မိမိ၏ လုပ်ငန်းကျွမ်းကျင်မှုကို အကောင်းဆုံး ဝန်ဆောင်မှုပေးခြင်းဖြင့် ကျေးလက်နှင့်မြို့ပြကျန်းမာရေးဝန်ဆောင်မှုကွာဟချက် ပိုမိုကျဉ်းမြောင်းလာအောင် အစွမ်းကုန်ကြိုးပမ်းကြစေလိုကြောင်း၊ ခေတ်မီဆေးပညာကုသရေး နည်းစနစ်များကို အမြဲတမ်း လက်လှမ်းမီနိုင်အောင် စဉ်ဆက်မပြတ် လေ့လာသင်ကြားဆည်းပူးကြရန်လိုကြောင်း၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့အနေဖြင့်လည်း နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးအတွက် ယခင်ပြည်သူ့ရေးရာ အုပ်ချုပ်မှုစနစ်ဟောင်း Old Public Administration မှ ယခုလက်ရှိနိုင်ငံတော်က ကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီစနစ်နှင့် လျော်ညီသော ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုစနစ်သစ် (New Public Management and New Public Governance)တို့ကို အထောက်အကူပြုပြီး ပြည်သူ့အတွက် ဝန်ဆောင်မှုပေးခြင်း (Public Service Delivery) လုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက် အကောင်အထည်ဖော်နိုင်မည့် နိုင်ငံ့ဝန်ထမ်းကောင်းများကို လေ့ကျင့်ပျိုးထောင်မွေးထုတ်ပေးနေပြီဖြစ်ကြောင်း။

ပထမအဆင့်အနေဖြင့် အရာထမ်းလောင်းများနှင့် ပုဂ္ဂလိကဝန်ထမ်းများအတွက်"အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန် ဒီပလိုမာသင်တန်း (Postgraduate Diploma in Civil Service Management )"များကို အမှတ်စဉ်(၂)အထိ အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဒုတိယအဆင့်အနေဖြင့် "အလယ်အလတ်အဆင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ ပြည်သူ့ဝန်ထမ်းအဆင့်မြင့် ဒီပလိုမာသင်တန်း(Advanced Diploma in Civil Service Management)"ကို ၂၀၁၈ ခုနှစ် မတ်လတွင် ပြည်သူ့ဝန်ထမ်း အကယ်ဒမီများတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ တတိယအဆင့်အနေဖြင့် အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှု သင်တန်းများကို ပြည်သူ့ဝန်ထမ်းခေါင်းဆောင်မှုဆိုင်ရာ မဟာဘွဲ့ (Master of Leadership in Civil Service) များကို ချီးမြှင့်အပ်နှင်းပေးနိုင်ရေးအတွက် အမေရိကန်နိုင်ငံ Akamai University၊ မလေးရှားနိုင်ငံ EDS Business School တို့နှင့် MoU ရေးထိုးပြီး ၂၀၁၉ ခုနှစ်မှာ စတင်ဖွင့်လှစ်သွားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဒီမိုကရေစီ ဖက်ဒရယ်စနစ်ထွန်းကားရေး၊ ဈေးကွက်စီးပွားရေးစနစ်ပီပြင်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ပြည်သူများ၏ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင် အထည်ဖော်ရာတွင် ပြည်သူများကို အနီးကပ်ဝန်ဆောင်မှုပေးရသည့် နိုင်ငံ့ဝန်ထမ်း၏ စွမ်းအား (Ability) နှင့်စွမ်းဆောင်ရည် (Capability) တို့သည် အလွန်အရေးကြီးကြောင်း၊ စွမ်းအားနှင့် စွမ်းဆောင်ရည်များ အစဉ်တိုးတက်နေစေရန်နှင့် ပညာသစ်၊ အတွေ့အကြုံသစ်များဆက်လက်ရှာဖွေစုဆောင်းသွားရန် ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များဖြစ်သည့် ဦးဝင်းမော်၊ ဒေါက်တာဦးပွား၊ ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုး၊ဆေးတက္ကသိုလ်(၂)ပါမောက္ခချုပ် ဒေါက်တာအေးထွန်း၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာရွှေတိုး၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ ပါမောက္ခချုပ် ဦးအောင်တင်စိုးနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်မှ အရာထမ်း၊ အမှုထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ သင်တန်းကို သင်တန်းသား ၂၃၈ ဦး၊ သင်တန်းသူ ၂၇၈ ဦး စုစုပေါင်း ၅၁၆ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၁ ရက်ထိ ရက်သတ္တပတ်ရှစ်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၉**

ရန်ကုန်(ရွှေဈေး) ၉၃၃၀၀၀ - ၉၃၃၀၀၀ မန္တလေး(ရွှေဈေး) ၉၃၃၀၀၀ - ၉၃၃၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၁၀/၇၃၀ ကျပ်၊ | ၇၅၀/၇၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၆၀/၇၇၅ ကျပ်၊ | ၈၀၀/၈၈၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၂၀/၇၄၀ ကျပ်၊ | ၇၈၀/၇၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၂၅/၇၅၀ ကျပ်၊ | ၇၇၀/၇၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၉၀/၆၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၀၅/၇၁၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၁၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၉၆. ၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၄. ၄၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၀. ၆၈၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၂၁. ၅၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၇၉၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၀၇. ၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၈. ၇၈ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၇. ၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၆. ၅၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်ထုတ်ဝေသည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဧည့်သည်များ ပိုမိုလာရောက်လည်ပတ်နိုင်ဖို့ ဧည့်သည်တွေရဲ့ စိတ်ကျေနပ်မှုရရှိအောင် အလေးဂရုပြု

**နေပြည်တော် အောက်တိုဘာ ၉**

ခရီးသွားလုပ်ငန်းဟာ လူသားအချင်းချင်း ဝန်ဆောင်မှုပေးတဲ့ လုပ်ငန်းဖြစ်တဲ့အတွက် မိမိတို့နိုင်ငံကို ဧည့်သည်များ ပိုမိုလာရောက်လည်ပတ်နိုင်ဖို့အတွက် ဧည့်သည်တွေရဲ့ စိတ်ကျေနပ်မှုရရှိအောင် အလေးဂရုပြုကြဖို့ လိုအပ်ပါတယ်ဟု ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားသည်။




ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမှာစကားပြောကြားစဉ်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ (World Tourism Day) အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်း ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံတကာခရီးသွားလာသူ အရေအတွက် ၁ ဒသမ ၈ ဘီလီယံအထိ ရောက်ရှိလာမည်ဟု ခန့်မှန်းထားကြောင်းနှင့် မြန်မာနိုင်ငံ၌ ၂၀၁၇ ခုနှစ်တွင် ခရီးသွားဧည့်သည် ၃ ဒသမ ၅ သန်းအထိရှိလာမည်ဟု ခန့်မှန်းထားကြောင်း ဒုတိယသမ္မတက ပြောကြားခဲ့သည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရ ၂၀၁၆ ခုနှစ်တစ်နှစ်အတွင်း ကမ္ဘာတစ်ဝန်းလုံးတွင် နိုင်ငံတကာခရီးသွားလာသူအရေအတွက်သည် ၁ ဒသမ ၂ ဘီလီယံ ကျော်ရှိခဲ့ပြီး ၂၀၃၀ ပြည့်နှစ်တွင် ၁ ဒသမ ၈ ဘီလီယံအထိ ရောက်ရှိလာလိမ့်မည်ဟု ခန့်မှန်းထားပါကြောင်း၊ ယခုကဲ့သို့ တိုးတက်လာသည့် အရေအတွက်၏ အကျိုးဆက်အဖြစ် မြန်မာနိုင်ငံအတွင်း ခရီးသွားဧည့်သည်ဝင်ရောက်မှုသည်လည်း တိုးတက်လာမည်ဟု မျှော်လင့်ရပါကြောင်း၊

၂၀၁၆ ခုနှစ်က မြန်မာနိုင်ငံအတွင်း ခရီးသွားဧည့်သည် ၂ ဒသမ ၉ သန်း ဝင်ရောက်ခဲ့ပြီး ယခုနှစ်တွင် ခရီးသွားဧည့်သည် ၃ ဒသမ ၅ သန်းအထိ လာရောက်မည်ဟု ခန့်မှန်းထားပါကြောင်း၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ မြန်မာနိုင်ငံအတွင်း လာရောက်သည့် ခရီးသွားဧည့်သည် ၂ ဒသမ ၂၇ သန်း ရှိခဲ့ပြီး ယခင်နှစ်၏ အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ၂၂ ရာခိုင်နှုန်းတိုးတက်လာခဲ့ပါကြောင်း၊ ကမ္ဘာတစ်ဝန်းလုံး အတိုင်းအတာဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍအနေဖြင့် ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုး(GDP)၏ ၁၀ ရာခိုင်နှုန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုး၏ ၇ ရာခိုင်နှုန်း ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ကမ္ဘာ့အလုပ်အကိုင်ကြီး ၁၁ မျိုးတွင် ခရီးသွားလုပ်ငန်းသည် အလုပ်အကိုင်တစ်မျိုးအဖြစ် ပါဝင်နေသည်ကို မြင်တွေ့ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယခုနှစ်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က သတ်မှတ်သည့် ရေရှည်တည်တံ့ ခရီးသွားဖွံ့ဖြိုးမှုအတွက် ပြည့်စွမ်းအား "Sustainable Tourism- a Tool for Development" ဆောင်ပုဒ်နှင့်အညီ ယနေ့အခမ်းအနားကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းကြောင့် ရရှိသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ မောင်းနှင်အားနှင့် ကမ္ဘာကြီးကို ပိုမိုကောင်းမွန်သည့် အနာဂတ်ကို ဖန်တီးနိုင်ရန်ရည်ရွယ်၍ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနား-၂၀၁၇ ကို ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပခဲ့ခြင်းဖြစ်ပါကြောင်း၊

၂၀၁၇ ခုနှစ်ကို ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အပြည်ပြည်ဆိုင်ရာနှစ်အဖြစ် ဖော်ပြသတ်မှတ်ထားသည်နှင့်အညီ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့တွင် အနာဂတ်မျိုးဆက်သစ်များအတွက် လိုအပ်ချက်များကို ကြိုတင်မြော်မြင် ဖြည့်ဆည်းပေးနိုင်ရေးသာမက ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် ခရီးသွားလုပ်ငန်းဖြစ်စေရေး ဟူသည့် ခံယူချက်ထားရှိပြီး ဒေသခံများနှင့် ဖောက်သည်များအကြား ပိုမိုနားလည် သိမြင်လာစေရေးအတွက် ကောင်းမွန်သည့် အလေ့အကျင့်ကောင်းများရရှိစေရေးနှင့် အစိုးရအဖွဲ့အစည်းများ အနေဖြင့် သင့်လျော်မှန်ကန်သည့် မူဝါဒများချမှတ်ရေးတို့ကို ပိုမိုတွန်းအားပေးရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ခရီးသွားလုပ်ငန်း၏ တိုးတက်ဖြစ်ထွန်းနိုင်ခြေအပိုင်းကို ကြည့်မည်ဆိုလျှင် ခရီးသွားလုပ်ငန်းများလုပ်ကိုင်မှုနှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ပတ်သက်နေသည့် စီးပွားရေးလုပ်ငန်းများဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများသည် တိုးပွားလာဦးမည်ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့ပို့ကုန်ကဏ္ဍတွင် တတိယနေရာရောက်ရှိနေသည့် လုပ်ငန်းဖြစ်သည့်အတွက် လုပ်ငန်းနှင့်သက်ဆိုင်သူများအနေဖြင့်လည်း ရေရှည်အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်မှုကို စဉ်းစားဆောင်ရွက်ကြရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း။

ထို့အပြင် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး တွန်းအားပေးရခြင်းသည် စီးပွားရေး တစ်ခုတည်းအတွက်သာ ရည်ရွယ်ခြင်းမျိုးမဟုတ်ဘဲ မတူညီကြသည့် လူမျိုးများနှင့် ယဉ်ကျေးမှုများအကြား နားလည်မှုများ ပိုမိုရရှိလာကြစေရေးကိုလည်း ရည်ရွယ်ပါကြောင်း၊ လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်နေသည့် ခရီးသွားလုပ်ငန်းသည် ရေရှည်အကျိုးကျေးဇူးများ ရရှိခံစားနိုင်ကြစေရန်နှင့် ခရီးသွားလုပ်ငန်းကြောင့် ရင်ဆိုင်ကြုံတွေ့လာနိုင်သည့် စိန်ခေါ်မှုများနှင့် ကျရှုံးနိုင်မှုများအတွက်မျှော်မှန်းပြီး လိုအပ်သည့် အစီအမံများနှင့် ကြိုတင်ပြင်ဆင်မှုများကိုလည်း ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ခရီးသွားလုပ်ငန်းတိုးတက်လာသည်နှင့်အမျှ မြန်မာနိုင်ငံသည် ခရီးသွားများ ပိုမိုလာရောက်လည်ပတ်နေကြသည့် နိုင်ငံတစ်ခုဖြစ်လာသည်။ မြန်မာနိုင်ငံအတွင်း ပိုမိုထူးခြားဆန်းပြားသည့်နေရာများနှင့် ခရီးစဉ်များရှိနေပြီး သဘာဝအလှတရားများနှင့် တောရိုင်းတိရစ္ဆာန်များ ပေါများသည့် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည်။

မြန်မာနိုင်ငံမြောက်ပိုင်းတွင် ဆီးနှင်းများဖုံးလွှမ်းနေသည့် တောင်များ၊ တောင်တန်းများနှင့် တိုင်းရင်းသားလူမျိုးစုများ၏ ထူးခြားသည့် ဓလေ့ထုံးတမ်းများကိုလည်း လေ့လာနိုင်မည်ဖြစ်သည်။ အရှေ့တောင်အာရှတွင် ရှေးဟောင်းအမွေအနှစ်များရှိရာ အကောင်းဆုံးဒေသများတွင်တစ်ခုအပါအဝင်ဖြစ်သည့် ပုဂံဒေသ၏ အံ့သြစရာကောင်းသော ရှုခင်းများကိုလည်း မြင်တွေ့နိုင်မည်ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံ၏ တောင်ဘက်စွန်းဒေသရှိ မြိတ်ကျွန်းစုသည် မပျက်စီး၊ မထိခိုက်သေးသည့် သဘာဝအတိုင်းတည်ရှိနေသော ကျွန်းပေါင်း ၈၀၀ ကျော်ဖြင့် ဖွဲ့စည်းထားပြီး သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် အဏ္ဏဝါခရီးသွားလုပ်ငန်း စိတ်ဝင်စားသူများကို ဆွဲဆောင်လျက်ရှိကာ သာယာလှပသည့် သဘာဝရှုခင်းများကိုလည်း လာရောက် ကြည့်ရှုလေ့လာခံစားနိုင်သည့် ဒေသကြီးတစ်ခု ဖြစ်သည်။

မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်နိုင်ရေး အဆင်ပြေချောမွေ့စေရန် တတ်နိုင်သမျှဆောင်ရွက်ပေးကြရန် လိုအပ်သည်။ ခရီးစဉ်ဒေသများ ရေရှည်တည်တံ့ရန် ထိန်းသိမ်းရေးအတွက် ခရီးသွားဧည့်သည်များကလည်း တာဝန်သိစိတ်ဖြင့် ခရီးသွားရေးသည် အရေးကြီးသည်။ ခရီးသွားလုပ်ငန်းသည် ကျယ်ပြန့်ပြီး ကဏ္ဍပေါင်းစုံအပေါ် သက်ရောက်မှုရှိသည့် လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ ပိုမိုပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက နိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှု၍ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် ဝန်ကြီးဌာနများအနေဖြင့် ပိုမိုနီးနီးကပ်ကပ် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန် အလေးအနက်ထားတိုက်တွန်းလိုပါကြောင်း၊ ကျွန်းပေါင်း ၈၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသည့် မြိတ်ကျွန်းစုကိုအခြေပြု၍ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း(Nature Based Tourism)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ကျေးလက်ဒေသရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းများနှင့် ပုဂံ-ဆီရမ်ရိ(ပ်)အကြား "ရှေးဟောင်းအမွေအနှစ်မြို့တော်နှစ်ခု ခရီးစဉ်ဒေသတစ်ခု"အဖြစ် ပူးပေါင်းဆောင်ရွက်ရေးစသည့် လုပ်ငန်းစဉ်များဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆောင်ရွက်ချက်များသည် ဒေသခံများ၏ လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်ရေးကို ရည်ရွယ်ပြီး ခရီးသွားလုပ်ငန်းကိုလည်း ရေရှည်တည်တံ့အောင် ရှေးရှုဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ United Nations World Tourism Organization- UNWTO အထွေထွေအတွင်းရေးမှူးချုပ်၏ "ကျွန်ုပ်တို့ဟာ ခရီးသွားလာတဲ့အချိန်တိုင်း၊ ခရီးသွားတဲ့နေရာတိုင်းမှာ အိမ်ရှင်ဒေသရဲ့ သဘာဝ၊ ယဉ်ကျေးမှုတွေနဲ့ အိမ်ရှင်နိုင်ငံအပေါ် လေးစားမှုရှိကြပါ"ဟူသည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အတွက် ပြောကြားခဲ့သည့် အမှာစကားကို အစဉ်အမြဲသတိရကြပါဟု ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် UNWTO အထွေထွေအတွင်းရေးမှူးချုပ် Dr. Taleb Rifai ၏ သတင်းစကားရုပ်သံကို ပြသပြီး မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မေမြတ်မွန်ဝင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကျော်မင်းထင်၊ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တင်မာမြင့်နှင့် ချယ်ရီပန်းပွဲတော်ကျင်းပရေးကော်မတီဝင် ဦးရဲထွန်းဦးတို့က မြန်မာနိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ဂျပန်နိုင်ငံ တိုကျိုမြို့၌ကျင်းပခဲ့သည့် JATA Tourism Expo - 2017 တွင် ဆောင်ရွက်ခဲ့မှုများနှင့် Sakura Festival Myanmar-2018 ဆိုင်ရာအကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဦးသိန်းဆွေနှင့် ဦးအုန်းမောင်တို့က ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် စာစီစာကုံး၊ ဆောင်းပါးနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ ဝန်ဆောင်မှု စွမ်းရည်အကောင်းဆုံးဆုရရှိသည့် ဟိုတယ်များနှင့် ခရီးသွားကုမ္ပဏီများ၊ ၂၀၁၆ ခုနှစ်အတွက် ဦးဆောင်မှုအကောင်းဆုံး ရင်းနှီးမြှုပ်နှံမှုဟိုတယ်ဆုနှင့် Community Based Tourism- CBT အအောင်မြင်ဆုံးဆု၊ သန့်ရှင်းသောအများသုံးသန့်စင်ခန်း အကောင်းဆုံးစီစဉ်ဆောင်ရွက်နိုင်မှု(Clean Public Toilet)ဆုရရှိကြသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး Best ASEAN New Tourism Attraction in the Region ( PUTAO, EASTERN, HIMALAYAN, MYANMAR)ဆုရရှိခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် ဓာတ်ပုံပြပွဲ၊ ဆုရစာစီစာကုံးများနှင့် မြန်မာ့ရိုးရာအစားအစာ တည်ခင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သံတမန်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားများကို စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်း၏အရေးပါမှုကို ပိုမိုသိမြင်စေရန်ရည်ရွယ်၍ နှစ်စဉ် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အဖွဲ့ဝင် နိုင်ငံများတွင် ကျင်းပခြင်းဖြစ်သည်။ **(သတင်းစဉ်)**

## အလှည့်ကျ ခေတ္တလမ်းပိတ်၊ လမ်းလွှဲဆောင်ရွက်မည်

**နေပြည်တော် အောက်တိုဘာ ၉**

(၂၂)ကြိမ်မြောက် World Police Band Concert ချီတက်တီးခတ်ဖျော်ဖြေပွဲအခမ်းအနားကို အောက်တိုဘာ ၂၈ ရက် နံနက် ၈ နာရီတွင် ကျောက်တံတားမြို့နယ် ကမ်းနားလမ်းနှင့် ဆူးလေဘုရားလမ်းဆုံ၌ ကျင်းပမည်ဖြစ်သည်။

အစမ်းလေ့ကျင့်သည့် အောက်တိုဘာ ၂၁ ရက်နှင့် ဖျော်ဖြေပွဲအခမ်းအနားကျင်းပမည့် အောက်တိုဘာ ၂၈ ရက်တို့တွင် နံနက် ၆ နာရီမှ အခမ်းအနားပြီးဆုံးမည့် နံနက် ၁၀ နာရီအထိ ကမ်းနားလမ်းမှ ဗိုလ်ချုပ်လမ်းအထိ (ရွှေဘုံသာလမ်း)၊ ကမ်းနားလမ်းမှ ဗိုလ်ချုပ်လမ်းအထိ (ဆူးလေဘုရားလမ်း)၊ ကမ်းနားလမ်းမှ ဗိုလ်ချုပ်လမ်းအထိ (ပန်းဆိုးတန်းလမ်း)၊ ကွန်ကရစ်လမ်းပေါ် ပန်းဆိုးတန်းလမ်းမှ စဉ့်အိုးတန်းလမ်းထိပ်အထိ လမ်းများအား အလှည့်ကျခေတ္တလမ်းပိတ်၊ လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်သဖြင့် မော်တော်ယာဉ်များအနေဖြင့် အခြားလမ်းများမှ သွားလာအသုံးပြုကြပါရန် ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြိုတင်သတိပေးနှိုးဆော်ထားသည်။ **(ကြေးမုံ)**

# ပြည်ဝင်ဗီဇာ ဝန်ဆောင်မှုလုပ်ငန်း အမေရိကန်နှင့် တူရကီ ဆိုင်းငံ့

**အန်ကာရာ အောက်တိုဘာ ၉**

တူရကီနိုင်ငံ၌ အမေရိကန်ကောင်စစ်ဝန်ရုံး ဝန်ထမ်းတစ်ဦး အဖမ်းခံခဲ့ရပြီးနောက် ယင်းနိုင်ငံရှိ အမေရိကန်သံရုံးက ပြည်ဝင်ဗီဇာဝန်ဆောင်မှုလုပ်ငန်းကို ဆိုင်းငံ့ထားလိုက်ရာ တူရကီနိုင်ငံကလည်း အလားတူပင် ပြည်ဝင်ဗီဇာလုပ်ငန်းကို ဆိုင်းငံ့ထားလိုက်ကြောင်း၊ ယခုဖြစ်စဉ်မှာ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) မဟာမိတ်နိုင်ငံများအကြား သံတမန်ဆက်ဆံရေးတင်းမာမှုအရ ခရီးသွားလာခြင်းဆိုင်ရာ ကန့်သက်ချက်များကို အပြန်အလှန်ချမှတ်လိုက်ကြခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။



အမေရိကန်ကောင်စစ်ဝန်ရုံးမှ ဝန်ထမ်းတစ်ဦးသည် လွန်ခဲ့သည့် ရက်သတ္တပတ်က အစ္စတန်ဘူလ်မြို့၌ အဖမ်းခံခဲ့ရသည်။ လွန်ခဲ့သည့်နှစ်က ပေါ်ပေါက်ခဲ့သည့် မအောင်မြင်သော အာဏာသိမ်းပွဲနှင့် ဆက်နွယ်မှုရှိသော ဘာသာရေးခေါင်းဆောင်တစ်ဦးနှင့် အဆက်အသွယ်ပြုလုပ်မှုဖြင့် ၎င်းကို တူရကီရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အမေရိကန် သံဝန်ထမ်းများ လုံခြုံရေးအတွက် တူရကီအစိုးရ၏ ကတိကဝတ်ပြုချက်နှင့်အညီ ဆောင်ရွက်မှုအခြေအနေကို ပြန်လည်သုံးသပ်နိုင်ရေးအတွက် အမေရိကန်အစိုးရက လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အန်ကာရာမြို့ရှိ အမေရိကန်သံရုံးက ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ပြန်လည်သုံးသပ်မှု ပြုလုပ်နေချိန်တွင် မိမိတို့၏ သံရုံးနှင့် ကောင်စစ်ဝန်ရုံးများသို့ ဧည့်သည်များ လာရောက်မှု အရေအတွက်လျှော့ချနိုင်ရန် ဗီဇာထုတ်ပေးရေးဝန်ဆောင်မှုကို လျှော့ချခြင်းဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြသည်။ **ရိုက်တာ။**

# အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် ဓာတ်ငွေ့ပူဖောင်းပေါက်ကွဲ လူ ၂၀ ထက်မနည်း ထိခိုက်ဒဏ်ရာရ

**နယူးဒေလီ အောက်တိုဘာ ၉**

အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ ဗဟိုအစိုးရထိန်းချုပ်ထားသည့် နယ်မြေဖြစ်သည့် ချန်ဒီဂါ့သ်တွင် ဓာတ်ငွေ့ပူဖောင်းပေါက်ကွဲမှု တစ်ရပ် ဖြစ်ပွားခဲ့ရာ လူ ၂၀ ထက်မနည်းထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က အောက်တိုဘာ ၉ ရက်တွင် ပြောကြားသည်။

အဆိုပါ ဓာတ်ငွေ့ပူဖောင်းပေါက်ကွဲမှုသည် အောက်တိုဘာ ၈ ရက် အနောင်းပိုင်းက ပြုလုပ်သည့် ပုဂ္ဂလိကတက္ကသိုလ်တစ်ခု၏ နှစ်ပတ်လည် ပျော်ပွဲရွှင်ပွဲတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းတက္ကသိုလ်မှ ကျောင်းသားဟောင်းများက အခမ်းအနားကျင်းပမှု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဓာတ်ငွေ့ပူဖောင်းကို လွှတ်တင်ရာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ အထက်တန်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကျောင်းသားဟောင်းများ လွှတ်တင်ခဲ့သော နိုက်ထရိုဂျင် ဓာတ်ငွေ့ပူဖောင်းသည် လျှပ်စစ်ဓာတ်မီးသီးတစ်လုံးနှင့် ငြိနေပြီးနောက် အပူချိန်များ ချက်ချင်းတိုးမြင့်လာခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ဓာတ်ငွေ့ပူဖောင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရသူများကို အနီးဝန်းကျင်ရှိ အစိုးရဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရပြီး ဒဏ်ရာရသူများထဲမှ အချို့မှာ စိုးရိမ်ရသည့် အခြေအနေရှိကြောင်း၊ အခင်းဖြစ်ပွားသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးရန် အမိန့်ထုတ်ပြန်ထားကြောင်း ၎င်းက ပြောကြားသည်။ **ဆင်ဟွာ။**

# အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့အား အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ခြင်းမပြုရန် အီရန်သတိပေး

**ဘေရွတ် အောက်တိုဘာ ၉**

အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့အား အကြမ်းဖက်အုပ်စုတစ်စုအဖြစ် သတ်မှတ်ခြင်း မပြုရန် အီရန်နိုင်ငံက သတိပေးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်သည် အီရန်အားအရေးယူပိတ်ဆို့မှုများထပ်မံ ပြုလုပ်မည်ဆိုပါက ဒေသတွင်းရှိ အမေရိကန်စစ်စခန်းများသည် ဘေးဥပဒ်နှင့် တွေ့ကြုံရဖွယ်ရှိကြောင်း တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ တပ်မှူးကြီး မိုဟာမက် အလီဂျက်ဖရီက ပြောကြားသည်။



မိမိတို့ယခင်က ကြေညာခဲ့သည့်အတိုင်းပင် အမေရိကန်က မိမိတို့နိုင်ငံအား အရေးယူပိတ်ဆို့မှု ဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းလာမည်ဆိုပါက အီရန်၏ဒုံးကျည်များ ပျံသန်းနိုင်သော အကွာအဝေး ကီလိုမီတာ ၂၀၀၀ အပြင်ဘက်အထိ အမေရိကန်ဒေသဆိုင်ရာ စစ်စခန်းများကို ရွှေ့ပြောင်းရန် လိုအပ်လာမည်ဖြစ်ကြောင်း ဂျက်ဖရီက ပြောကြားသည်။

အမေရိကန်သည် နောက်ထပ် အရေးယူပိတ်ဆို့မှုပြုလုပ်ပါက မိမိတို့ နှစ်နိုင်ငံအကြား အနာဂတ်ကာလ တွေ့ဆုံဆွေးနွေးမှုများ ဖြစ်ပေါ်လာနိုင်တော့မည်မဟုတ်ကြောင်း ဂျက်ဖရီ၏ ပြောကြားချက်ကို ကိုးကားလျက် နိုင်ငံပိုင်သတင်းဌာနက သတင်းထုတ်ပြန်သည်။

တော်လှန်ရေး အစောင့်တပ်ဖွဲ့အား အကြမ်းဖက်အုပ်စုအဖြစ် အမေရိကန်က သတ်မှတ်မည်ဆိုပါက မိမိတို့ကလည်း အမေရိကန်တပ်မတော်ကို အစ္စလာမ္မစ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)ကဲ့သို့သော အဖွဲ့အစည်းမျိုးအဖြစ် သတ်မှတ်ရဖွယ်ရှိကြောင်း ဂျက်ဖရီက ပြောကြားသည်။ **ရိုက်တာ။**

# ရီယိုအိုလံပစ်ဥက္ကဋ္ဌအား ရာထူးမှ ဆိုင်းငံ့

**ရီယိုဒီဂျနေရိုး အောက်တိုဘာ ၇**

နိုင်ငံတကာ အိုလံပစ်ကော်မတီ (အိုင်အိုစီ)သည် ၂၀၁၆ ခုနှစ် ရီယိုအိုလံပစ်ကော်မတီဥက္ကဋ္ဌ ကာလော့စ်နူဇ်မန်အား အဂတိလိုက်စားမှုဖြင့် ဖမ်းဆီးခဲ့ပြီးနောက် ၎င်းအား ဘရာဇီးအိုလံပစ်ကော်မတီ အကြီးအကဲရာထူး တာဝန်မှ ဆိုင်းငံ့ထားကြောင်း ဆင်ဟွာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

အသက် (၇၅)နှစ်အရွယ်ရှိ နူဇ်မန်က ၎င်းအနေဖြင့် အမှားအယွင်းတစ်စုံတစ်ရာ မလုပ်ခဲ့ဟု ပြောကြားသည်။ အိုင်အိုစီအဖွဲ့ဝင်များအား လာဘ်ပေးလာဘ်ယူမှုဖြင့် ရဲတပ်ဖွဲ့က စွဲချက်တင်ခဲ့သည်။ ရီယိုဒီဂျနေရိုး၌ ၂၀၁၆ ခုနှစ်တွင် အိုလံပစ်အားကစားပွဲတော် ကျင်းပနိုင်ရန် ထောက်ပံ့ပေးခဲ့ကြသည်ဟု ဆိုသည်။ နူဇ်မန်မှာ ၁၉၆၄ ခုနှစ် ဂျပန်အိုလံပစ်တွင် ဘရာဇီးဘော်လီဘောအသင်း၌ ပါဝင်ခဲ့သူဖြစ်သည်။ထို့အပြင် ၎င်းမှာ ၂၀၂၀ခုနှစ် တိုကျိုအိုလံပစ်ကျင်းပရေးကော်မရှင် ရာထူးမှလည်း ထုတ်ပယ်ခံလိုက်ရသည်။ **ဆင်ဟွာ။**

# ထိုင်းတောင်ပိုင်းတွင် လမ်းဘေးထောင်ဗုံးပေါက်ကွဲ ကွန်မန်ဒိုတပ်ဖွဲ့ဝင် တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**ဗန်ကောက် အောက်တိုဘာ ၉**

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ်တွင် သောင်းကျန်းသူများက ချုံခိုတိုက်ခိုက်မှုပြုလုပ်ရန် ရည်ရွယ်ထောင်ထားသည့် လမ်းဘေးထောင်ဗုံးတစ်လုံး အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက ပေါက်ကွဲခဲ့ရာ ထိုင်းစစ်ဘက် ကွန်မန်ဒိုတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားတစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူမှာ စိုးရိမ်ရသည့်အခြေအနေရှိကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ရသည့် ထိုင်းစစ်ဘက် ကွန်မန်ဒိုတပ်ဖွဲ့ဝင်မှာ အသက် (၂၅)နှစ်အရွယ်ရှိ အနန်ဝီချိန်သောင်ဆိုသူဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိသည့်တပ်ဖွဲ့ဝင်မှာ ယွတ်ဘန်န သောင်ယန်ဖြစ်ပြီး ၎င်းကို ဒေသအတွင်းရှိ ဆေးရုံတစ်ရုံသို့တင်ပို့ကာ ဆေးကုသမှု ခံယူစေလျက်ရှိသည်။ မော်တော်ဆိုင်ကယ်လေးစီးဖြင့် ကင်းလှည့်တာဝန်ထမ်းဆောင်နေသည့် ကွန်မန်ဒို တပ်ဖွဲ့ဝင်ရှစ်ဦးအား ၎င်းတို့ကင်းလှည့်ရာလမ်းတစ်လျှောက်တွင် သောင်းကျန်းသူများက သစ်တောတွင်း၌ ပုန်းအောင်းကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ထိုင်းသတင်းဌာနများက ရုပ်မြင်သံကြားသတင်းတွင် ပြောကြားသည်။

အခြားကွန်မန်ဒိုတပ်ဖွဲ့ဝင် ခြောက်ဦးအား အခင်းဖြစ်နေရာမှ ဒေသဆိုင်ရာ တာဝန်ရှိသူများက စုစည်းရယူနိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။ နာရာဗီဝပ်၊ ပါတာနီနှင့် ရာလာတို့သည် ထိုင်းနိုင်ငံ၏ တောင်ဘက်အစွန်းဆုံးပိုင်းရှိ ပြည်နယ်များဖြစ်ပြီး ပေါက်ကွဲမှုများနှင့် တိုက်ခိုက်မှုများဖြစ်ပွားလေ့ရှိသောပြည်နယ်များ ဖြစ်သည်။ **ဆင်ဟွာ။**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Green House ဖြင့် သခွားမွှေးပင်များ စိုက်ပျိုးထားရှိမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၉**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တာဝန်ရှိသူများနှင့်အတူ ပျဉ်ပုံကြီး တပ်နယ်ရှိ အင်အားဖြည့်တင်းရေးနှင့် ပြန်လည် နေရာချထားရေးတပ်သို့ ရောက်ရှိပြီး တပ်အတွင်းရှိ DYL ဝက်များမွေးမြူထားရှိမှု၊ နို့စားနွားများ မွေးမြူထားရှိမှု၊ အအေးပေးစနစ်ဖြင့် Novogen Brown ဥစားကြက်များ မွေးမြူထားရှိမှု၊ မွေးမြူရေးအစာစက်ရုံ၊ Green House ဖြင့် သခွားမွှေးများ စိုက်ပျိုးထားရှိမှု၊ မျိုးစေ့များ သိုလှောင်ထုပ်ပိုးနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပဲခူးနှင့် ပျဉ်ပုံကြီးတပ်နယ်တို့မှ အရာရှိ၊ စစ်သည်များအား ပျဉ်ပုံကြီး တပ်နယ်ရှိ အားကစားခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်များမှ အရာရှိ၊ စစ်သည်များအတွက် သုတ၊ ရသ စာအုပ်၊ စာစောင်များ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ)က စားသောက်ဖွယ်ရာများ၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)က အားကစားပစ္စည်းများကို ပေးအပ်ကြသည်။

ထို့နောက် တပ်မတော်အသက်မွေးမှု အတတ်ပညာသင်စခန်းသို့ ရောက်ရှိကြပြီး ဟိုတယ်၊ မိုတယ် လုံခြုံရေးသင်တန်း၊ ပိုးဇာပုံနှိပ်တံဆိပ်နှင့် ဆေးဆိုးပန်းရိုက်သင်တန်း၊ မှန်ပန်းချီ၊ ကြွေပန်းချီသင်တန်းနှင့် ဆံသသင်တန်းများကို လိုက်လံကြည့်ရှုကာ ကျောင်းပြခန်းအတွင်း ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ သင်တန်းသားများ၏ လက်ရာ ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ တပ်မတော်အသက်မွေးမှု အတတ်ပညာသင် စခန်းတွင် အသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာ သင်တန်း ၁၉ မျိုးကို ပုံမှန်ဖွင့်လှစ် သင်ကြားပေးလျက်ရှိပြီး တပ်မတော်သားများသာမက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များပါ တက်ရောက်သင်ကြားလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရားမအထူးအယူခံမှု လေးမှု စီရင်ချက်ချ၊ ငါးမှုကို ကြားနာ

**နေပြည်တော် အောက်တိုဘာ ၉**
ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများပါဝင်သော စုံညီခုံရုံးက ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု လေးမှုကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု ငါးမှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် မြန်အောင်မြို့သူ မြို့သားများက အလှူငွေကျပ် ၂၄၅ သိန်း လှူဒါန်း

**စစ်တွေ အောက်တိုဘာ ၉**
စစ်တွေမြို့ရှိ ယာယီကယ်ဆယ်ရေးစခန်းများရှိ ဒေသခံတိုင်းရင်းသားများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် ဧရာဝတီတိုင်းဒေသကြီး မြန်အောင် မြို့သူ မြို့သားများက အလှူငွေကျပ် ၂၄၅ သိန်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အလှူငွေနှင့်ပစ္စည်းများ လက်ခံဖြန့်ဖြူးရေးကော်မတီနှင့် စစ်တွေမြို့ပေါ်ရှိ ယာယီကယ်ဆယ်ရေးစခန်းများသို့ ယနေ့နံနက်ပိုင်းတွင် သွားရောက်လှူဒါန်းသည်။

မြန်အောင် မြို့သူ မြို့သားများကိုယ်စား ဦးအောင်ဝင်း ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ နန္ဒာရာမဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိနေသည့် မောင်တောမြို့နယ် နံ့သာတောင်ပရဟိတကျောင်း ဆရာတော်အား အလှူငွေကျပ် သိန်း ၃၀ နှင့် (၃)မိုင် ပရဟိတကျောင်းတိုက် ဆရာတော်အား အလှူငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ရုံးရှိ အလှူငွေနှင့်ပစ္စည်းများ လက်ခံဖြန့်ဖြူးရေးကော်မတီ၌ မောင်တောဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ငွေကျပ် ၁၃၅ သိန်းကို ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မောင်တောဒေသ၌ တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များအတွက် အလှူငွေကျပ် ၄၅ သိန်းကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် စစ်တွေမြို့ ကျောင်းတက်လမ်းရပ်ကွက်ရှိ ဟိန္ဒူကယ်ဆယ်ရေးစခန်းသို့ အလှူငွေကျပ် ငါးသိန်း၊ စက်ရုံစုရပ်ကွက် ရတနာ့ဗိမာန်ကျောင်း ကယ်ဆယ်ရေးစခန်းသို့ ငွေကျပ် ၄၂၅၀၀၀၊ ရေပိုက်ဆုံကျောင်းတိုက် ကယ်ဆယ်ရေးစခန်းသို့ ငွေကျပ် ၅၅၀၀၀၀၊ ပရိယတ္တိပျိုးခင်းစာသင်တိုက် ကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၄၈ စု အတွက် ငွေကျပ် ၄၈၀၀၀၀ တို့ကို သွားရောက်လှူဒါန်းကြသည်။

ထို့ပြင် မြန်အောင်မြို့ အလှူရှင်များအဖွဲ့သည် စစ်တွေမြို့ အာရိယာန်ခန်းမ၌ မေတ္တာအာရိယာန်ဖောင်ဒေးရှင်းသို့ အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းသည်။

"ကျွန်တော်တို့အဖွဲ့က ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှာရှိတဲ့ မြို့သူမြို့သားတွေနဲ့ အလှူရှင်တွေရဲ့ အလှူငွေတွေကို မောင်တောဒေသ အကြမ်းဖက်ဖြစ်စဉ်ကြောင့် ယာယီကယ်ဆယ်ရေးစခန်းတွေမှာ ရောက်ရှိနေကြတဲ့ ဒေသခံတိုင်းရင်းသားတွေ၊ နယ်မြေအတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်း ဆောင်ရွက်နေကြတဲ့ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေ၊ ရခိုင်ပြည်နယ်အစိုးရရဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ အသုံးပြုနိုင်ဖို့အတွက် အခုလိုလာရောက်လှူဒါန်းခြင်းဖြစ်ပါတယ်။ ဒါ့အပြင် မောင်တောမြို့နယ် နံ့သာတောင်ပရဟိတကျောင်းဆရာတော်နဲ့ (၃)မိုင်ပရဟိတကျောင်းဆရာတော်တို့ကိုလည်း လှူဒါန်းသွားပါမယ်။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးမှာရှိတဲ့ ပြည်သူတွေ အေးချမ်းစွာနေထိုင်ရသော်လည်း ရခိုင်ပြည်နယ်မှာရှိတဲ့ တိုင်းရင်းသားညီအစ်ကိုတွေ ဒုက္ခရောက်နေတဲ့အချိန်မှာ တတ်နိုင်တဲ့ဘက်က ကူညီပေးချင်တဲ့အတွက် အခုလိုလာရောက်လှူဒါန်းခြင်းဖြစ်ပါတယ်" ဟု အဖွဲ့ခေါင်းဆောင် ဦးအောင်ဝင်းက ပြောသည်။

**တင်ထွန်း(မြန်/ဆက်)**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခြောက်လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**စစ်တွေ အောက်တိုဘာ ၉**
ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခြောက်လပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် အဓိကထား ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် တာဝန်ဟူသော အသိထက် မိမိနိုင်ငံနှင့် ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်တာဝန်များကို စေတနာထား ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် အသုံးပြုသည့် ဘဏ္ဍာငွေများအား အလေ့အလွင့်မရှိစေဘဲ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများရှိပါကလည်း ယခုအစည်းအဝေးတွင် ဆွေးနွေးတင်ပြသွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။



ထို့နောက် အစည်းအဝေးတက်ရောက် လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းပေးသည်။

**တင်ထွန်း(မြန်/ဆက်)**

■

### ❖ ရိုးရာနဂါးလှေသဘင်ပွဲမှ

ရှေးဦးစွာ နံနက် ၇ နာရီတွင် နဂါးလှေတော်ခြောက်စင်း စုစည်းထားရှိရာဖြစ်သော ချောင်းကြီးရပ်ကွက် ဗိုလ်တဲလမ်းရေဆိပ်မှ ချောင်းကြီးမြစ်နှင့် ချောင်းငယ်မြစ်အတွင်း လက်ယာရစ်လှော်ခတ်ကြ၍ တန်ခိုးကြီးရှေးဟောင်းစေတီများဖြစ်သော မြဝတ်ဆင်စေတီ၊ လေသာစေတီ၊ နဝထပ်စေတီ၊ ခြေတော်ရာစေတီ၊ ရန်အောင်မြင်စေတီနှင့် နန်းဦးစေတီတို့အား ဦးခိုက်ပူဇော်ကြပြီး ချောင်းကြီးကျောင်းတိုက်ဆရာတော်က နဂါးလှေခြောက်စင်းမှ ဦးခေါင်းတော်များအား ချောင်းကြီး၊ ချောင်းငယ်မြစ်ဆုံနေရာ ဇက်ရေယာဉ်ပေါ်မှ ပရိတ်မေတ္တာရေစင် သွန်းလောင်းပေး၍ ဦးခေါင်းဆေးမင်္ဂလာပြုလုပ်ပေးသည်။

ဆက်လက်၍ ဆုပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို ချောင်းကြီးကျောင်းတိုက် ဓမ္မဗိမာန်တော်အတွင်း၌ကျင်းပရာ ချောင်းကြီးကျောင်းတိုက်ဆရာတော်က နဂါးလှေတော်တစ်စင်းလျှင် ထီးဖြူတစ်လက်၊ ငွေဖလားတစ်လုံးနှင့် ငွေကျပ် နှစ်သိန်းစီကိုလည်းကောင်း၊ မြို့နယ်ယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေးကော်မတီက မင်္ဂလာဦးပေါက်စလွယ်တစ်ခုနှင့် လျှာတက်ကိုင်တစ်ခုစီတို့ကိုလည်းကောင်း၊ ယဉ်ကျေးမှုစွမ်းဆောင်ရည်ဆုအဖြစ် ဦးဖိုးထူးအား ငွေကျပ် တစ်သိန်းကိုလည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် နဂါးလှေတော်ခြောက်စင်း အလှပြယှဉ်ပြိုင်လှော်ခတ်ရန် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအောင်ကျော်ဟိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဦးရဲမြင့်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောမောင်နှင့် ရပ်မိရပ်ဖ ဦးလွန်းကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နဂါးလှေဖွဲ့စည်းပုံအတိုင်း မင်္ဂလာဦးပေါက်(ဦးဆောင်သူ)၊ မင်္ဂလာလည်ရွှဲ၊ မင်္ဂလာလည်ရွှဲအကူ၊ လှေတော်သားများ၊ ရိုးရာတီးဝိုင်း(ကြေး+မောင်း+ဗုံ+လင်းကွင်း+နှဲ)အဖွဲ့၊ လျှာတက်ကိုင်အကူနှင့် လျှာတက်ကိုင်(ပဲ့နင်း)စသည်ဖြင့် ပါဝင်သော နဂါးလှေတော်ခြောက်စင်းတို့မှ လှေတော်သား ၂၃၆ ဦးတို့က အားမာန်အပြည့်နှင့်တက်ညီလက်ညီ စီးနင်းလှော်ခတ်ရင်း အားမာန်တက်ကြွစေသည့် ချောင်းသီချင်းများဟစ်ကြွေးသီဆိုလျက် အပြိုင်အဆိုင် လှော်ခတ်ပြသကြရာ ပြည်တွင်း ပြည်ပမှ လာရောက်ကြည့်ရှုလေ့လာသူများ စည်ကားများပြားကြောင်း သိရသည်။

ထိုသို့လှော်ခတ်ပြသနေစဉ်အတွင်း မျိုးဆက်သစ်သမီးငယ် ၁၆ ဦးပါဝင်သည့် နာဂသာရီယုဝတီနဂါးယိမ်းအဖွဲ့က နဂါးရိုးရာအကများဖြင့် ဖျော်ဖြေကပြကြပြီး ဧင်းနဂါးလှေသဘင်ပွဲတော်သည် တနင်္သာရီမြို့တည်နန်းတည် နှစ်(၈၆၄)နှစ်မြောက် သက်တမ်းဖြစ်ပြီး ချောင်းကြီးကျောင်းတိုက် ဆရာတော်၏ စုပေါင်းမဟာဘုံကထိန်ပွဲနှင့် ယှဉ်တွဲကျင်းပလာခဲ့သည်မှာ (၅၆)ကြိမ်မြောက် ဖြစ်ကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း(မြန်/ဆက်)**

# ငြိမ်းချမ်းခြင်းကို ဖော်ဆောင်နိုင်ပြီး ဖွံ့ဖြိုးတိုးတက်မှုကို လုပ်ဆောင်နိုင်မှသာ အနာဂတ်မျိုးဆက်သစ်တွေအတွက် ကောင်းမွန်တဲ့အနေအထားတစ်ရပ်ကို ဖန်တီးနိုင်မှာဖြစ်

**ဘာသာပြန်- သာစိန်၊ ကျော်ထိုက်စိုး**

အောက်တိုဘာလ ၈ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာတွင် ဖော်ပြပါရှိသည့် မြန်မာနိုင်ငံနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် စင်ကာပူနှင့်မြန်မာနိုင်ငံအကြား ဆက်ဆံရေး အပြန်အလှန် မြှင့်တင်ခဲ့ပုံနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ရောဘတ်ချွာနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဘာသာပြန်ဆိုဖော်ပြအပ်ပါသည်။

**မေး။ ။ စင်ကာပူနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ဟာ ၁၉၆၆ ခုနှစ်ကတည်းက သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ကြပါတယ်။ စင်ကာပူနိုင်ငံနဲ့ မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှု မြှင့်တင်လာခဲ့ကြခြင်းနဲ့ ပတ်သက်ပြီး သံအမတ်ကြီးရဲ့ အမြင်ကို ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ ကျွန်တော်တို့ရဲ့ နှစ်နိုင်ငံအကြားဆက်ဆံရေးဟာ အိမ်နီးချင်းနဲ့ မိတ်ဆွေဟောင်းများအကြား ဆက်ဆံရေး တစ်ရပ်ကို ထင်ဟပ်တာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ စင်ကာပူနိုင်ငံထူထောင်သူ ဝန်ကြီးချုပ် လီကွမ်ယုဟာ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ကြည့်ရှုလေ့လာဖို့နဲ့ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနဲ့ ဆက်ဆံရေးတိုးမြှင့်ဖို့ မြန်မာနိုင်ငံကို လာရောက်လည်ပတ်ခဲ့ပါတယ်။

ကျွန်တော်တို့ဟာ မြန်မာပြည်သူတွေရဲ့ အရည်အချင်းကို အမြဲတစေ ယုံကြည်ပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံက အစိုးရဝန်ထမ်းတွေ စွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် စင်ကာပူနိုင်ငံကို လေ့လာရေးသွားရောက်ခြင်းနဲ့ သင်တန်းအစီအစဉ်တွေကို လုပ်ဆောင်ပေးခဲ့ပါတယ်။ ဒါ့အပြင် ၂၀၀၁ခုနှစ်မှစပြီး စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းကို ဖွင့်လှစ်ခဲ့ပါတယ်။ သင်တန်းတွေကနေတစ်ဆင့် နယ်ပယ်စုံက ဝန်ထမ်း ၁၅၀၀၀ ကျော်ကို လေ့ကျင့်သင်တန်းပေးနိုင်ခဲ့တဲ့အတွက် ကျွန်တော်ဝမ်းမြောက်ရပါတယ်။ စင်ကာပူလိုနိုင်ငံတွေက မြန်မာနိုင်ငံရဲ့ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်နေတဲ့အတွက် မြန်မာတွေ စွမ်းဆောင်ရည် နိမ့်တယ်လို့ပြောရင် ကျွန်တော်လက်မခံပါဘူး။

တစ်ချိန်တည်းမှာပဲ ထူးချွန်ထက်မြက်တဲ့ မြန်မာကျောင်းသားတွေကို စင်ကာပူနိုင်ငံမှာ ပညာသင်ကြားနိုင်ဖို့ နိုင်ငံခြားပညာတော်သင်ဆုကို ပေးအပ်လျက်ရှိပါတယ်။ ပြီးခဲ့တဲ့နှစ်က ရန်ကုန်မှာ စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းကို ကျွန်တော်တို့ဝန်ကြီးချုပ် လီရှန်လွန်းကိုယ်တိုင် လာရောက်ဖွင့်လှစ်ပေးခဲ့ပါတယ်။ အဲဒီသင်တန်းကျောင်းမှာ အင်ဂျင်နီယာ၊ စီမံခန့်ခွဲမှုနဲ့ အီလက်ထရွန်နစ်အပါအဝင် သက်မွေးဝမ်းကျောင်း ပညာရပ်တွေကို သင်ကြားပေးလျက်ရှိပါတယ်။

ဒီပညာရပ်တွေဟာ ဈေးကွက်စီးပွားရေးစနစ် စတင်ကျင့်သုံးလာတဲ့ မြန်မာနိုင်ငံမှာ မရှိမဖြစ်လိုအပ်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ဒီသင်တန်းတွေကို မြန်မာအစိုးရနဲ့ ညှိနှိုင်းပြီးမှ ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ သင်တန်းသုံးကြိမ်ဆင်းပြီးသွားပြီဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဝမ်းသာရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီမိုကရေစီစနစ်နဲ့အတူ အလယ်အလတ်ဝင်ငွေရှိတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာအောင် ကြိုးပမ်းနေချိန်မှာ စင်ကာပူနိုင်ငံအနေနဲ့ ဆက်လက်ပြီးပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ပတ်သက်ပြီး သံအမတ်ကြီးရဲ့အမြင်ကို သိချင်ပါတယ်။**

ဖြေ။ ။ ၁၉၈၀ ပြည့်နှစ် ဩဂုတ်လက အငယ်တန်း သံတမန်တစ်ဦးအဖြစ်နဲ့ မြန်မာနိုင်ငံကို ပထမဦးဆုံး ကျွန်တော်လာရောက်ခဲ့တဲ့အချိန်မှာ မြန်မာနိုင်ငံဟာ ဆိုရှယ်လစ်စနစ် ကျင့်သုံးနေတာကို သိမြင်ခဲ့ရပါတယ်။ ၂၀၀၆ ခုနှစ်မှာ သံအမတ်ကြီးအဖြစ်နဲ့ မြန်မာနိုင်ငံကို ပြန်လည်ရောက်ရှိပြီး တာဝန်ပြန်လည်ထမ်းဆောင်နေချိန်မှာတော့ အစိုးရသုံးဆက်မြောက်ရှိခဲ့ပါပြီ။

မြန်မာနိုင်ငံဟာ ပထဝီအရွယ်အစားအရ ကြီးမားသလို လူမျိုးပေါင်း ၁၃၅ မျိုးရှိတဲ့အတွက် စိန်ခေါ်မှုတွေရှိနေပါတယ်။ မတူကွဲပြားတဲ့ လူမျိုးစုတွေကို တစုတစည်းတညီတညွတ်တည်းဖြစ်အောင် လုပ်ဆောင်ရေးဟာ အစိုးရတိုင်းအတွက် စိန်ခေါ်မှုပါပဲ။ ဗိုလ်ချုပ်အောင်ဆန်း လက်ထက်ကတည်းက ယနေ့အထိ ခေါင်းဆောင်အားလုံးဟာ ဒီစိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဒီစိန်ခေါ်မှုဟာ နိုင်ငံတော်တည်ဆောက်ရေးနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို တညီတညွတ်တည်းရှိအောင် လုပ်ဆောင်ရာမှာ ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုလို့ထင်ပါတယ်။

မြန်မာပြည်သူတွေဟာ ပြည်တွင်းပဋိပက္ခကို နှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရပြီးနောက်ပိုင်းမှာ ပြန်လည်သင့်မြတ်ရေးနဲ့အတူ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ချောမောစွာ လုပ်ဆောင်နိုင်ခဲ့ကြပါတယ်။ ဒီလိုလုပ်ဆောင်နိုင်ခြင်းဟာ ဘာသာတရားကို အခြေခံတဲ့ မေတ္တာတရား၊ ခွင့်လွှတ်သည်းခံမှုတွေနဲ့ လုပ်ဆောင်ခဲ့ကြလို့ဖြစ်ပါတယ်။

အခုအချိန်မှာတော့ မျှော်လင့်ချက်ကြီးစွာထားနိုင်တဲ့ အချိန် ရောက်လာခဲ့ပါပြီ။ သို့သော်လည်း တချို့သော ဝေဖန်ရေးသမားတွေက မြန်မာနိုင်ငံဟာ ဒီမိုကရေစီအဆင့်ကိုရောက်နေကြပြီလားဆိုတာ မေးခွန်းထုတ်နေကြပါတယ်။ မြန်မာနိုင်ငံရဲ့ အသွင်ကူးပြောင်းရေးဟာ မျှော်လင့်ချက်ကြီးစွာနဲ့စတင်ခဲ့ပြီး တစ်ခါတစ်ရံမှာ အကျပ်အတည်းဖြစ်ရသလို မကြာသေးခင်က ရခိုင်ပြည်နယ်မှာ ဖြစ်ပွားတဲ့ပြဿနာကြောင့် အစိုးရနဲ့ပြည်သူဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကနေ သွေဖည်မသွားအောင် တညီတညွတ်တည်းရှိနေဖို့ အရေးကြီးတဲ့အချိန် ရောက်ရှိနေပါတယ်။

စင်ကာပူရဲ့ ဒီမိုကရေစီကတော့ မြန်မာနိုင်ငံနဲ့ မတူညီခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ဟာ မတူကွဲပြားတဲ့ လူမျိုးစုတွေကြားက အတူရှိနေတယ်ဆိုတဲ့ စိတ်ကို မွေးခဲ့ကြလို့ပါပဲ။ ဒီစိတ်ဓာတ်တွေကြောင့် ကျွန်တော်တို့နိုင်ငံသားတွေဟာ အတူတကွ စည်းလုံးညီညွတ်စွာ နေထိုင်နိုင်ကြတာဖြစ်ပါတယ်။

**မေး။ ။ စစ်ပွဲတွေကနေ ငြိမ်းချမ်းရေးကိုအသွင်ကူးပြောင်းရာမှာ ဖြစ်ပေါ်လာနိုင်တဲ့ စိန်ခေါ်မှုတွေဟာ ဘာတွေဖြစ်နိုင်မလဲ။**

ဖြေ။ ။ ပထမအချက်အနေနဲ့က တိုက်ခိုက်မှုတွေကို ဘယ်လိုရပ်စဲအောင်လုပ်မယ်ဆိုတဲ့ အဆင့်ဖြစ်ပြီးတော့ အဲဒီအဆင့်မှာ သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံး လိုက်နာအကောင်အထည်ဖော်မယ့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးတစ်ရပ်ကိုဖော်ဆောင်ဖို့ လိုအပ်မယ်လို့ထင်ပါတယ်။ အဲဒီကနေတစ်ဆင့် ဖက်ဒရယ်စနစ်ကိုသွားမယ့် နိုင်ငံရေး ဆွေးနွေးပွဲကိုလုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ ဖက်ဒရယ်စနစ်ဟာ တိုင်းဒေသကြီးနဲ့ ပြည်နယ် တစ်ခုချင်းအတွက် နိုင်ငံရေး၊ စီးပွားရေးနဲ့ အုပ်ချုပ်ရေး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပုံစံအချို့ကို ဆိုလိုပါတယ်။

တစ်ချိန်တည်းမှာပဲ နိုင်ငံတော်လုံခြုံရေးကဲ့သို့သော အဓိကအချက်ကို ကိုင်တွယ်ဖြေရှင်းခြင်း၊ အရင်းအမြစ်များကိုခွဲဝေခြင်းနဲ့ နိုင်ငံတော်ဘာသာစကားတစ်ရပ် အသုံးပြုပြီး ပညာရေးမူဘောင်ကို ချမှတ်ခြင်းစတာတွေကို လုပ်ဆောင်ရမှာဖြစ်ပါတယ်။ အခုချိန်မှာ အရေးအကြီးဆုံးက အပစ်အခတ်ရပ်စဲရေးကို ပီပြင်စွာ အကောင်အထည်ဖော်ဖို့ပါပဲ။ လက်ရှိအခြေအနေအရ ဆွေးနွေးပွဲလုပ်ရင်း၊ တိုက်ပွဲတွေ ဆက်ဖြစ်နေမယ်ဆိုရင် အပြန်အလှန်ယုံကြည်မှု လျော့နည်းသွားမှာဖြစ်ပါတယ်။ ငြိမ်းချမ်းခြင်းကို ဖော်ဆောင်နိုင်ပြီး ဖွံ့ဖြိုးတိုးတက်မှုကို လုပ်ဆောင်နိုင်မှသာ အနာဂတ်မျိုးဆက်သစ်တွေအတွက် ကောင်းမွန်တဲ့ အနေအထားတစ်ရပ်ကို ဖန်တီးနိုင်မှာဖြစ်ပါတယ်။

**မေး။ ။ ရခိုင်ပြည်နယ်ကို မကြာသေးမီကသွားရောက်ခဲ့တဲ့ သံအမတ်ကြီးရဲ့ ခရီးစဉ်နဲ့ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ ကျွန်တော်ဘာတွေမြင်တွေ့ခဲ့တယ်ဆိုတဲ့ ကျွန်တော့်ရဲ့ ပုဂ္ဂိုလ်ရေးအမြင်ကို ပြောပြပါမယ်။ ကုလသမဂ္ဂနဲ့ မြန်မာအစိုးရက စီစဉ်ခဲ့တဲ့ သံတမန်ခရီးစဉ်တစ်ခု ၂၀၁၇ ခုနှစ်၊ လွန်ခဲ့တဲ့ဆယ်နှစ်က ကျွန်တော့်ရဲ့ပထမဆုံး ရခိုင်ပြည်နယ်ကို သွားရောက်ခဲ့တဲ့ခရီးစဉ်ကို ပြန်သတိရမိပါတယ်။ အဲဒီခရီးစဉ်နဲ့ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂ ရက် မကြာသေးမီက သွားရောက်ခဲ့တဲ့ခရီးစဉ်ကို ပြန်ကြည့်တဲ့အခါ ကျွန်တော်ဝမ်းနည်းမိပါတယ်။

လွန်ခဲ့တဲ့ဆယ်နှစ်က တင်းမာမှုအချို့ရှိပေမယ့် မတူညီတဲ့ အသိုင်းအဝိုင်းတွေက ငြိမ်းချမ်းစွာ အတူတကွ နေထိုင်ကြတာကို ကျွန်တော်မြင်တွေ့ခဲ့ပါတယ်။ ဒီနေ့အချိန်မှာတော့ အိမ်တွေဖျက်ဆီးတာ၊ လူ့အသက်တွေဆုံးရှုံးတာ၊ အိုးအိမ်စွန့်ခွာရတဲ့ပြည်သူတွေနဲ့ ပြီးခဲ့တဲ့နှစ်က စတင်ခဲ့တဲ့ အကြမ်းဖက်မှုတွေကို ကျွန်တော်မြင်တွေ့နေရပါတယ်။ အကြမ်းဖက်မှုက အကြမ်းဖက်မှု သံသရာလည်စေဖို့ အစပြုပေးပါတယ်။

ဒါပေမယ့် ပဋိပက္ခတွေ၊ တင်းမာမှုတွေရှိချိန်မှာတောင် ကျွန်တော်တို့ ရောက်ရှိခဲ့တဲ့ ရွာနှစ်ရွာမှာ အသိုင်းအဝိုင်းသုံးခုဖြစ်တဲ့ ရခိုင်တိုင်းရင်းသားတွေ၊ အစ္စလာမ်ဘာသာဝင်တွေနဲ့ ဟိန္ဒူဘာသာဝင်တွေ ငြိမ်းချမ်းစွာ အတူနေထိုင်နိုင်သေးတာကိုမြင်တွေ့တော့ ကျွန်တော့်ကို ပျော်ရွှင်အားတက်စေခဲ့ပါတယ်။ နှစ်ပေါင်းများစွာကြာတဲ့အချိန်အထိ ငြိမ်းချမ်းစွာ ဘာကြောင့်နေထိုင်နိုင်သလဲလို့ ကျွန်တော် သူတို့ကို မေးကြည့်တဲ့အခါ တစ်ဦးနဲ့တစ်ဦးအပြန်အလှန် အကျိုးပြုစွာ အတူတကွနေထိုင်ဖို့ သင်ယူခဲ့ကြောင်း သူတို့ပြောပါတယ်။ သူတို့ စီးပွားရေးလုပ်ငန်းကို အတူလုပ်ကိုင်ကြပြီး တစ်ဦးနဲ့တစ်ဦး လေးစားကြပါတယ်။ ပူပန်စရာတစ်ခုရှိလာရင် တစ်ရွာလုံးနဲ့ဆိုင်တဲ့ကိစ္စလို့ သဘောထားပြီး ဘာသာပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ကော်မတီတစ်ခုမှာ ဆွေးနွေးကြပါတယ်။

အာဆီယံမိသားစုဝင် အိမ်နီးချင်းနိုင်ငံတွေအနေနဲ့ အာဆီယံ လူသားချင်းစာနာမှု အကူအညီပေးရေး ဗဟိုဌာနကပေးပို့မယ့် အရေးပေါ် လူသားချင်းစာနာထောက်ထားမှုအကူအညီတွေက ပဋိပက္ခဘေးသင့် အသိုင်းအဝိုင်းတွေအားလုံးကို ကူညီရာမှာ မြန်မာအစိုးရကို အထောက်အပံ့ဖြစ်စေဖို့ ဆန္ဒပြုပါတယ်။

အကြမ်းဖက်မှုကိုရပ်တန့်ရမှာဖြစ်ပြီး တစ်ချိန်မှာ တည်ငြိမ်မှုပြန်လည်ရရှိကာ အသိုင်းအဝိုင်းအားလုံး သူတို့နေထိုင်တဲ့ ကျေးရွာတွေကို ပြန်လာနိုင်ပြီး ပြန်လည်သင့်မြတ်ရေး၊ ဆွေးနွေးညှိနှိုင်းမှုနဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တစ်ရပ် လိုအပ်မယ့် နက်နဲတဲ့ သမိုင်းကြောင်းအရင်းခံတွေရှိတဲ့ ဒီရှုပ်ထွေးတဲ့ အသိုင်းအဝိုင်း အချင်းချင်းကြား ပြဿနာမှာ ရေရှည်နိုင်ငံရေး ဖြေရှင်းမှုတစ်ခု ရှာဖွေရမယ့် အချိန်လို့ အာဆီယံမိသားစုဝင်နိုင်ငံတွေက မြင်ပါတယ်။ ရခိုင်ပြည်နယ်မှာ မြေဩဇာကောင်းမွန်တဲ့မြေတွေရှိပြီး စပါးစိုက်ပျိုးနိုင်ပေမယ့် ပဋိပက္ခတွေကြောင့် ပြည်သူတွေ အနေနဲ့ စပါးမစိုက်ပျိုးနိုင်ပါဘူး။

ကျွန်တော်ရဲ့ ပုဂ္ဂိုလ်ရေးအမြင်ကတော့ အစိုးရက အသိုင်းအဝိုင်းအားလုံးအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ် လုပ်ဆောင်နေတဲ့အတွက် ကျွန်တော်ရွာနှစ်ရွာမှာ မြင်တွေ့ခဲ့သလို ပြန်လည်ပေါင်းစည်းရေးတွေ ဖြစ်လာနိုင်မယ်လို့ ယူဆပါတယ်။

**ပဋိပက္ခတွေ၊ တင်းမာမှုတွေရှိချိန်မှာတောင် ကျွန်တော်တို့ရောက်ရှိခဲ့တဲ့ ရွာနှစ်ရွာမှာ အသိုင်းအဝိုင်းသုံးခုဖြစ်တဲ့ ရခိုင်တိုင်းရင်းသားတွေ၊ အစ္စလာမ်ဘာသာဝင်တွေနဲ့ ဟိန္ဒူဘာသာဝင်တွေ ငြိမ်းချမ်းစွာ အတူနေထိုင်နိုင်သေးတာကို မြင်တွေ့တော့ ကျွန်တော့်ကို ပျော်ရွှင်အားတက်စေခဲ့ပါတယ်။**



စင်ကာပူသံအမတ်ကြီး ရောဘတ်ချွာ

**မေး။ ။ စင်ကာပူနိုင်ငံက သီလဝါအထူးစီးပွားရေးဇုန်မှာ ထိပ်တန်းရင်းနှီးမြှုပ်နှံတဲ့နိုင်ငံအဖြစ် စာရင်းသွင်းခံထားရတဲ့နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်နေတဲ့ စင်ကာပူလုပ်ငန်းရှင်တွေအတွက် အဓိကစိန်ခေါ်မှုတွေက ဘာတွေဖြစ်မလဲ။**

ဖြေ။ ။ မြန်မာနိုင်ငံမှာ စင်ကာပူနိုင်ငံက ဒုတိယမြောက် အကြီးမားဆုံးရင်းနှီးမြှုပ်နှံတဲ့နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံရဲ့ တတိယမြောက် အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံလည်း ဖြစ်ပါတယ်လို့ အချက်အလက်တွေကပြသနေတဲ့အတွက် ကျွန်တော်ဝမ်းသာမိပါတယ်။ ဒါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မယ့် မြန်မာနိုင်ငံရဲ့အလားအလာမှာ စင်ကာပူနိုင်ငံရဲ့ယုံကြည်မှုကို ပြသနေတာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ နှစ် ၂၀ ကျော် စီးပွားရေးလုပ်ကိုင်နေတဲ့ စင်ကာပူစီးပွားရေးလုပ်ငန်းရှင်တွေရဲ့ ယုံကြည်မှုကို ထင်ဟပ်စေပါတယ်။ ဒါပေမယ့် ပြည်ပရင်းနှီးမြှုပ်နှံသူတွေအတွက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ဖို့ သူတို့ကိုပေးရမယ့် ယုံကြည်မှုကတော့ နိုင်ငံရေးတည်ငြိမ်မှုဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရင်းနှီးမြှုပ်နှံသူတွေက နိုင်ငံရေးဆိုင်ရာ အရဲစွန့်မှုကို မကြိုက်ပါဘူး။ ဒါကြောင့် အစိုးရက တည်ငြိမ်တဲ့ နိုင်ငံရေးစနစ်တစ်ရပ်ကို ဖန်တီးရမှာဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေက သေချာမှု၊ တရားဥပဒေစိုးမိုးမှု၊ ရှင်းလင်းတဲ့ ရင်းနှီးမြှုပ်နှံမှုမူဝါဒတွေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့ စီးပွားရေးပြဿနာတွေကို ဖြေရှင်းပေးမယ့် အငြင်းပွားမှု ဖြေရှင်းရေးနည်းလမ်းတစ်ရပ်ကို အလိုရှိပါတယ်။

လွန်ခဲ့တဲ့ငါးနှစ်ကနေ ယနေ့အချိန်အထိ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုရရှိဖို့ စီးပွားရေးအရ လမ်းဖွင့်ပေးမယ့် ခိုင်မာတဲ့ကြိုးပမ်းမှုရှိခဲ့ပါတယ်။ ဒါပေမယ့် အချိန်အတိုင်း အတာတစ်ခုအထိ တံခါးပိတ်ခဲ့တဲ့ တိုင်းပြည်တစ်ခုအနေနဲ့ လမ်းဖွင့်ပေးရာမှာ တိုင်းပြည်အတွင်း ဝင်ရောက်လာတဲ့ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုက ဒေသခံစီးပွားရေးလုပ်ငန်းတွေကို ဝါးမျိုသွားမှာမဟုတ်ဘူးဆိုတဲ့ ယုံကြည်မှုလိုအပ်ပါတယ်။

**မေး။ ။ ရင်းနှီးမြှုပ်နှံမှုမူဝါဒတွေအတွက် ဥပဒေ၊ အမိန့်ပြတ်သားမှုနဲ့ပတ်သက်လို့ ရှင်းပြပေးနိုင်မလား။**

ဖြေ။ ။ ဘယ်တိုင်းပြည်ကိုမဆို သွားရောက်လုပ်ကိုင်တဲ့ ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ စီးပွားရေးအရ အငြင်းပွားမှုတွေ ရှိလာတဲ့အခါ ခုံသမာဓိ စီရင်ဆုံးဖြတ်မှုလို အားကိုးအားထားရရှိနိုင်ဖို့ ဒါမှမဟုတ် အငြင်းပွားမှုကို တရားရုံးတွေ ဆီတင်ပြဖို့ ရှင်းလင်းခိုင်မာတဲ့ တရားဥပဒေစိုးမိုးမှုဆိုတဲ့ ပြတ်သားမှုလိုအပ်ပါတယ်။ မူဝါဒသစ်တွေရှိလာချိန်မှာလည်း ပြတ်သားမှုက အရေးကြီးပါတယ်။ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်တစ်ရပ်ရှိလာတိုင်း သူတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ဘယ်လိုအကောင်အထည်ဖော်ဆောင်နိုင်တယ်ဆိုတဲ့ ပြတ်သားမှုပေးတဲ့ လုပ်ထုံးလုပ်နည်းတွေ

စာမျက်နှာ ၈ သို့

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# တရားသဏ္ဍာန်ကွဲပြား အမှားအမှန်ခွဲခြား ဆင်ခြင်တော်မူပေ

## ဆရာသောင်း(ရမည်းသင်း)

အင်း. . . မပြောမပြီး မတီးမမြည်လို့ဆိုကြပေမယ့် ကျွန်တော်တို့ပင်စင်စားတွေရဲ့အဖြစ်ကတော့ ပြောသော်မှလည်းမပြီး တီးသော်မှလည်းမမြည်လို့တောင် ပြောရမလို ဖြစ်နေပါပြီဗျာ။

မြန်မာနိုင်ငံမှာ အရင်ခေတ်အဆက်ဆက်က နိုင်ငံ့ဝန်ထမ်း အငြိမ်းစားတွေနဲ့ နိုင်ငံရေးအငြိမ်းစားတွေရဲ့ ပင်စင်လစာတွေကို နည်းမျိုးစုံနဲ့ အဆင့်ဆင့်တိုးပေးခဲ့တယ် ဆိုပေမယ့် အလွန်ဆုံးတိုးမှ နှစ်ဆဟာ အများဆုံးပါပဲ။

၂၀၁၁ ခုနှစ် ဇွန်လ ၃၀ ရက်က ပင်စင်လစာနှုန်းတွေကို တိုးမြှင့်ခံစားခွင့်ပြုခဲ့တဲ့အတွက် ကျေးဇူးအထူးတင်ခဲ့မိတာအမှန်ပါ။ အရင်ကဆိုရင် နိုင်ငံ့ဝန်ထမ်းလစာနှုန်းတွေက တဖြည်းဖြည်း ပြောင်းလဲနေတာမို့ ဝန်ထမ်းနှစ်ယောက်ဟာ ရာထူးတူ၊ လုပ်သက်တူဖြစ်ပေမယ့် ဝန်ထမ်းလစာနှုန်းနိမ့်တုန်းက ပင်စင်ယူခဲ့တဲ့သူနဲ့ ဝန်ထမ်းလစာနှုန်းမြင့်မှ ပင်စင်ယူတဲ့သူဟာ နောက်ဆုံးထုတ်လစာချင်း မတူညီကြတဲ့အတွက် မြန်မာနိုင်ငံ ပင်စင်နည်းဥပဒေအရ တွက်ချက်လိုက်တဲ့အခါ ရရှိတဲ့ပင်စင်လစာချင်း မိုးနဲ့မြေလို ကွာခြားခဲ့ရတယ်။ ၂၀၁၁ ခုနှစ် ဇွန်လ ၃၀ ရက်က ကြေညာခဲ့တဲ့ ပင်စင်တိုးမြှင့်နှုန်းအတိုင်းဆိုရင် လွန်ခဲ့တဲ့ နှစ် ၄၀ လောက်က ပင်စင်ယူခဲ့တဲ့သူနဲ့ အခုလောလောဆယ်မှ ပင်စင်ယူတဲ့ ဝန်ထမ်းနှစ်ယောက်ဟာ ရာထူးတူ၊ လုပ်သက်တူဖြစ်ခဲ့မယ်ဆိုရင် နောက်ဆုံးထုတ်လစာချင်း မတူညီကြပေမယ့် ပင်စင်လစာချင်း အတူတူရကြမယ်ဆိုတဲ့ သဘောမို့လို့ ကမ္ဘာကျော်လောက်အောင် ကောင်းတဲ့စနစ်တစ်ခုပါပဲ။

အဲဒီကနေပြီး နိုင်ငံ့ဝန်ထမ်းတွေကို ၂၀၁၃ ခုနှစ်နဲ့ ၂၀၁၄ ခုနှစ်တွေမှာ အဆင့်မရွေး၊ ရာထူးမရွေးဘဲ လစာနှုန်းငွေကျပ် ၂၀၀၀၀ စီ တစ်ပြေးညီ တိုးပေးခဲ့တုန်းက ကျွန်တော်တို့ ပင်စင်စားတွေကိုလည်း အဲဒီကျပ် ၂၀၀၀၀ အပေါ်မှာပဲ တိုးမြှင့်လစာတွက်ချက်ပေးခဲ့တာဟာ သဘာဝကျပါတယ်။ တရားမျှတပါတယ်။

၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက်နေ့ကစပြီး တိုးမြှင့်သတ်မှတ်ပေးခဲ့တဲ့ နိုင်ငံ့ဝန်ထမ်းလစာနှုန်းတွေကို လေ့လာကြည့်မယ်ဆိုရင် အနိမ့်ဆုံးအဆင့်(၁)မှာ တိုးမြှင့်လစာနှုန်း ငွေကျပ် ၄၅၀၀၀၊ အဆင့်(၂)မှာ ငွေကျပ် ၅၄၀၀၀၊ အဆင့်(၃)မှာ ငွေကျပ် ၆၃၀၀၀ စသည်ဖြင့် တိုးလာကြပြီး အမြင့်ဆုံးအဆင့်(၁၃) မှာကျတော့ ငွေကျပ် ၂၅၀၀၀၀ တိုးလာတာကို တွေ့ရှိရတဲ့အတွက် အဆင့်မတူရင် တိုးမြှင့်လစာနှုန်း မတူညီဘူးဆိုတာကလည်း ဖြစ်သင့်ဖြစ်ထိုက်တဲ့အရာပါပဲ။

အဲဒီတော့ အရင်က နိုင်ငံ့ဝန်ထမ်းတွေကို အဆင့်မရွေး၊ ရာထူးမရွေးဘဲ ငွေကျပ် ၂၀၀၀၀ စီ တစ်ပြေးညီ တိုးပေးခဲ့တုန်းက ကျွန်တော်တို့ ပင်စင်စားတွေကိုလည်း အဲဒီငွေကျပ် ၂၀၀၀၀ အပေါ်မှာပဲ တွက်ချက်ပြီး တိုးမြှင့်ပေးခဲ့တာဟာ သဘာဝကျပေမယ့် အခုလို နိုင်ငံ့ဝန်ထမ်းတွေကို အဆင့်လိုက် မတူညီတဲ့လစာနှုန်းတွေ တိုးမြှင့်ပေးပြီး ကျွန်တော်တို့လို ပင်စင်စားအိုပယ်ကြီးတွေကျမှ ငွေကျပ် ၄၅၀၀၀ အပေါ်မှာ တစ်ပြေးညီ တွက်ချက်တိုးမြှင့်ပေးတာက ၂၀၁၁ ခုနှစ် ဇွန်လ ၃၀ ရက်က သူတို့ကိုယ်တိုင်သတ်မှတ်ခဲ့တဲ့ ပင်စင်တိုးမြှင့်နှုန်းနဲ့ တခြားစီဖြစ်မနေပေဘူးလား။

ဒီလိုဆိုတော့ အဆင့်တူ၊ ရာထူးတူ၊ လုပ်သက်တူတဲ့ နိုင်ငံ့ဝန်ထမ်းနှစ်ယောက်မှာ ပင်စင်ယူတဲ့ အချိန်ချင်းမတူခဲ့ရင် ပင်စင်လစာချင်း မတူတော့ဘူးပေါ့။

ဒီလိုဆိုရင် “ယခင် ဒီမိုကရေစီအစိုးရ” ရဲ့ ပထမငါးနှစ်သက်တမ်းအစမှာ သတ်မှတ်ခဲ့တဲ့ ပင်စင်တိုးမြှင့်နှုန်းနဲ့ သက်တမ်းကုန်ခါနီးမှာ သတ်မှတ်လိုက်တဲ့ ပင်စင်တိုးမြှင့်နှုန်းဟာ မတူညီကြတော့ဘူးဆိုတော့ ရှေ့နဲ့နောက်မညီသလို ဖြစ်မနေပေဘူးလား။

**တကယ်တော့ ကျွန်တော်တို့ ပင်စင်စားတွေဟာ တစ်ချိန်က တိုင်းပြည်တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်ခဲ့ကြတဲ့သူတွေပါ။ ရှေးကပင်စင်စားနဲ့ လက်ရှိပင်စင်စားတွေဟာ အဆင့်တူ၊ ရာထူးတူ၊ လုပ်သက်တူကြမယ်ဆိုရင် ပင်စင်လစာ တန်းတူညီတူ ခံစားသင့်တာအမှန်ပါ။ ဘတ်ဂျက်မရှိသေးလို့ မပေးနိုင်သေးပါဘူးလို့ ဆိုရင်တော့. . .**

ဒီကိစ္စနဲ့ပတ်သက်ပြီး အဲဒီအစိုးရလက်ထက်မှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက “အဆင့်တူ၊ ရာထူးတူ၊ လုပ်သက်တူတဲ့ နိုင်ငံ့ဝန်ထမ်းနှစ်ယောက်ဟာ ဘယ်အချိန်၊ ဘယ်ကာလမှာဖြစ်ဖြစ် ပင်စင်ယူတဲ့အခါ ပင်စင်လစာချင်း တူညီအောင် ဆောင်ရွက်ပေးသင့်ပါတယ်”ဆိုတဲ့ အဆိုကို တင်သွင်းခဲ့ပေမယ့် “ပင်စင်စားတွေကို အရင်သတ်မှတ်ခဲ့တဲ့ တိုးမြှင့်နှုန်းအတိုင်း တိုးပေးချင်ပါသော်လည်း ဘတ်ဂျက်မရှိသေးလို့ပါ”လို့ ဖြေကြားခဲ့ပါတယ်။

ဒီလိုဒီလိုနဲ့ ဘတ်ဂျက်ရှိလာမယ့်နေ့ကို မျှော်တလင့်လင့်နဲ့ စောင့်စားနေခဲ့ပေမယ့် “ရွှေငုံးမင်း အမြီးမျှော်သလို ခရီးတော် နီးရက်နဲ့ဝေး” ဆိုသလိုပါပဲဗျာ။

ပင်စင်စားတွေရဲ့ဘဝကို ကိုယ်ချင်းစာတတ်တဲ့ စာရေးဆရာတွေက ဖြစ်သင့်ဖြစ်ထိုက်တာတွေကို ရေးသားပေးကြသလို ပြည်သူ့ဆန္ဒအမှန်တွေကို ဖော်ထုတ်ပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေက ဘယ်လိုပင်တင်ပြကြပေမယ့် ဘာမှထူးမလာပါဘူး။

ဩဂုတ်လ ၃ ရက်နေ့က ကျင်းပခဲ့တဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုးရဲ့ “အရပ်ဘက်ဝန်ထမ်းအငြိမ်းစားနှင့် တပ်မတော်အငြိမ်းစားများအတွက် အငြိမ်းစားပင်စင်လစာကို ၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက်နေ့က နောက်ဆုံးတိုးမြှင့်ခွင့်ပြုခဲ့သော ဝန်ထမ်းလစာနှုန်းဖြင့် ပြင်ဆင်တွက်ချက်၍ တိုးမြှင့်ပေးနိုင်ခြင်းရှိ၊ မရှိ” မေးခွန်းကို ရှင်းလင်းဖြေကြားရာမှာ “အငြိမ်းစားဝန်ထမ်းများ (တပ်မတော်သားအပါအဝင်)၏ ပင်စင်လစာကို ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်နေ့က နောက်ဆုံးတိုးမြှင့်ခွင့်ပြုခဲ့သော ဝန်ထမ်းလစာနှုန်းဖြင့် ပြင်ဆင်တွက်ချက်၍ တိုးမြှင့်ပေးပါက ငွေကျပ် ၂၃၁ ဘီလီယံခန့် တိုးမြှင့်သုံးစွဲရမည်ဖြစ်ကြောင်း တွက်ချက်ရရှိပါသဖြင့် ထိုစဉ်က နိုင်ငံတော်၏ ဘဏ္ဍာရေးအခြေအနေအရ လစာတိုးမြှင့်သည့်နှုန်းအတိုင်း ပေးနိုင်ခြင်းမရှိခဲ့ပါကြောင်း၊ ယခုတင်သွင်းသည့် အဆိုပါမေးခွန်းနဲ့ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့က “နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေ အခြေအနေအပေါ် မူတည်ပြီး သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း” ဆိုပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောကြားခဲ့ပြန်ပါတယ်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပပြီးစီးခဲ့တဲ့ ၂၀၁၆ ခုနှစ် ဇွန်လ ၁၀ ရက်နေ့တုန်းက . . .

“လွှတ်တော်ကိုယ်စားလှယ်တွေဟာ ပြည်သူ့ကိုယ်စားလှယ်တွေပီပီ ပြည်သူတွေကြားကို ထဲထဲဝင်ဝင်သွားရောက်ကြပြီး ပြည်သူတွေရဲ့ ဆန္ဒသဘောထား အစစ်အမှန်တွေကို လေ့လာမှတ်သားကြဖို့၊ ပြည်သူတွေရဲ့ လူနေမှုဘဝ အဆင့်အတန်း မြင့်မားတိုးတက်စေရေးတွေကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ကြဖို့” ဆိုပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေကို လေးလေးနက်နက် အမှာစကားပြောကြားခဲ့ပါတယ်။

ထို့အတူပါပဲ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့က ကျင်းပပြီးဆုံးခဲ့တဲ့ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ “လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်အစည်းအဝေးများ ရပ်နားစဉ်ကာလတွင် မိမိတို့၏ မဲဆန္ဒနယ်များသို့ သွားရောက်၍ မဲဆန္ဒရှင်ပြည်သူများ၏ စကားသံများကို နားထောင်ကြရန်နှင့် ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဟူသည့် လွှတ်တော်၏ ဆောင်ပုဒ်နှင့်အညီ ပြည်သူတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရေးအတွက် အခြေခံမှန်ကန်သည့် လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း”ဆိုပြီး ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းကလည်း လွှတ်တော်ကိုယ်စားလှယ်များကို မှာကြားခဲ့ပြန်ပါတယ်။

အခုတစ်ခါ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၂၇ ရက်က နေပြည်တော်မှာရှိတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)မှာ ကျင်းပခဲ့တဲ့ “နိုင်ငံတော်အတိုင်ပင်ခံရုံး နှစ်ပတ်လည်နေ့”အခမ်းအနားမှာ. . .

“ကျွန်မတို့ ပြည်သူ့အစိုးရဆိုတာဟာ သုံးသပ်ဝေဖန်မှုကို မှန်မှန်ကန်ကန် သတ္တိရှိရှိနဲ့ ရင်ဆိုင်ရဲရတယ်။ ပြည်သူက ရွေးချယ်တင်မြှောက်တဲ့အစိုးရကို ပြည်သူက ဝေဖန်ပိုင်ခွင့်ရှိပါတယ်။ ပြည်သူတွေရဲ့ ဝေဖန်မှုတွေကလည်း အားလုံးမှန်တယ်လို့ မဆိုလိုပါဘူး။ ဒါဟာလည်း ဒီမိုကရေစီခေတ်မှာ ရင်ဆိုင်ရမယ့်ကိစ္စပဲ။ မှန်မှန်ကန်ကန်ရင်ဆိုင်နိုင်ရမယ်။ ကျွန်မ ခဏခဏပြောပါတယ်။ ဝေဖန်တဲ့အခါမှာ ဝေဖန်မှုတွေက မှန်တယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် ပြုပြင်ပြောင်းလဲရမယ်။ မမှန်ဘူးဆိုရင်လည်း စိတ်ဆိုးနေစရာမလိုဘူး။ ပြည်သူတွေဆီက မဲလိုချင်တုန်းကတော့ မဲပေးပါဆိုပြီး အမျိုးမျိုးစည်းရုံးပြီးတော့ အစိုးရလည်းဖြစ်ရော ပြည်သူတွေရဲ့ ဆန္ဒအမှန်တွေကို လျစ်လျူရှုမယ်ဆိုရင် အစိုးရကောင်းတွေ လုပ်သင့်လုပ်ထိုက်တဲ့ လုပ်ရပ်မဟုတ်ပါဘူး” လို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားခဲ့ပြန်ပါတယ်။

တကယ်တော့ ကျွန်တော်တို့ ပင်စင်စားတွေဟာ တစ်ချိန်က တိုင်းပြည်တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်ခဲ့ကြတဲ့သူတွေပါ။ ရှေးကပင်စင်စားနဲ့ လက်ရှိပင်စင်စားတွေဟာ အဆင့်တူ၊ ရာထူးတူ၊ လုပ်သက်တူကြမယ်ဆိုရင် ပင်စင်လစာ တန်းတူညီတူ ခံစားသင့်တာအမှန်ပါ။

ဘတ်ဂျက်မရှိသေးလို့ မပေးနိုင်သေးပါဘူးလို့ ဆိုရင်တော့ နိုင်ငံကျော်အဆိုတော်မာမာအေးရဲ့ “သျှောင်နောက်ဆံထုံးပါ” ဂန္ထဝင်သီချင်းထဲက စာသားလေးအတိုင်း “သြော်. . . တတ်သိနားလည်လွန်းလို့ ပြောရသည်တော့ မဟုတ်ပေ. . .။ အပတ်တကုတ်ကြိုးစား . . . ဘိုးဘွား အဖေ အမေ. . . လူကြီးသူမ ဆိုပြောကြတာတွေ. . . နားထောင်ရင်းက. . . အထင်းသားပေါ်နေ. . . ရင်တွင်းခံစားချက်တွေ. . . သိရာမှ မြင်လာရပေ. . . တရားသဏ္ဍာန်ကွဲပြား အမှားအမှန်ခွဲခြား ဆင်ခြင်တော်မူပေ” လို့ ဆိုညည်းရုံမှတစ်ပါး အခြားမရှိပါပြီတည်း . .။ ။

# မျက်မြှေးရောင်ရောဂါ/မျက်စိနာရောဂါ

မျက်မြှေးရောင်ရောဂါ(သို့) မျက်စိနာရောဂါသည် များသောအားဖြင့် ဗိုင်းရပ်စ်ပိုးများကြောင့် ဖြစ်ပွားပြီးအဖြစ်များသော မျက်စိရောဂါတစ်မျိုးဖြစ်သည်။ ရောဂါဖြစ်ပွားလျှင် ခုနစ်ရက်မှ ၁၀ ရက်ခန့်အထိ ကြာမြင့်တတ်ပြီးရာသီမရွေး ဖြစ်ပွားနိုင်ပါသည်။

**ရောဂါလက္ခဏာများ**

- မျက်စိယားယံခြင်း
- မျက်ရည်ယိုခြင်း
- မျက်စိနီရဲခြင်း
- မျက်ဝတ်များထွက်ခြင်း
- မျက်စိနာကျင်ရောင်ရမ်းခြင်း
- အလင်းရောင် မကြည့်နိုင်ခြင်းတို့ ဖြစ်နိုင်ပါသည်။

**ရောဂါကူးစက်ပုံ**

- ကူးစက်မြန်သောရောဂါဖြစ်သဖြင့် တစ်ဦးတစ်ယောက်ရောဂါစဖြစ်လျှင် အခြားသူများသို့ လျင်မြန်စွာကူးစက်ပြန့်ပွားသွားနိုင်ပါသည်။ ဥပမာအားဖြင့် ကျောင်းသားတစ်ဦးမှ စာသင်ခန်းတစ်ခန်းလုံး၊ တစ်ကျောင်းလုံးသို့ ကူးစက်နိုင်ပါသည်။
- မျက်စိနာသူနှင့် နီးကပ်စွာအတူနေထိုင်သူတို့တွင် ရောဂါကူးစက်လွယ်သဖြင့် အထူးသတိပြုရပါမည်။ မိခင်နှင့်ကလေးတို့မှာ အလွန်နီးစပ်သဖြင့် ကူးစက်နှုန်းမြန်ဆန်ပါသည်။

**ရောဂါကာကွယ်ကုသခြင်း**

- ရောဂါဖြစ်ပွားပါက မျက်စိနာသူ၏ မျက်လုံးတစ်ဝိုက်ကို သန့်ရှင်းသော ဂွမ်းအစိုဖြင့် တစ်နေ့ (၂) ကြိမ်မှ (၃) ကြိမ်ခန့် သန့်စင်ပေးရပါမည်။ သန့်စင်ပေးပြီးပါက သန့်စင်ပေးပြီးသူသည် လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောရပါမည်။
- မျက်စိဆရာဝန်မှ ညွှန်ကြားသည့်အတိုင်း ပဋိဇီဝဆေးပါဝင်သော မျက်စဉ်းခတ်ရပါမည်။
- မျက်စဉ်းမခတ်မီနှင့် ခတ်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောရပါမည်။
- ရောဂါဖြစ်သူ၏အဝတ်အစား၊ အသုံးအဆောင်(အထူးသဖြင့်အမျိုးသမီးမျက်နှာအလှပြင်ပစ္စည်းများ)အား စုပေါင်းအသုံးပြုခြင်းတို့မှ တစ်ဆင့်ရောဂါကူးစက်ပျံ့နှံ့နိုင်ပါသဖြင့် အတူသုံးစွဲခြင်း လုံးဝမပြုလုပ်ရပါ။ သီးသန့်လျှော်ဖွပ်သန့်စင်ရပါမည်။

မျက်စိနာရောဂါကာကွယ်ရန် ပြည်သူများအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ခြင်း၊ လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်းနှင့် ရောဂါဖြစ်ပွားလာပါက နီးစပ်ရာကျန်းမာရေးဌာနများတွင် စနစ်တကျဆေးကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

❂ ရှေ့ဖုံးမှ

ပြည်သူအခြေပြုပြီး အားလုံးပါဝင်သည့်နည်းလမ်းကို အသုံးပြုမည်ဖြစ်ပါကြောင်း၊ ဘေးအန္တရာယ်များကို စီမံခန့်ခွဲခြင်းထက် အန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို လျှော့ချနိုင်ရန် အလေးပေးအာရုံစိုက်ပြီး စီမံခန့်ခွဲသွားမည်ဖြစ်ပါကြောင်း ဒုတိယသမ္မတက ပြောကြားခဲ့သည်။

ဒုတိယသမ္မတက ဘေးအန္တရာယ်များ၏စိန်ခေါ်ခြိမ်းခြောက်မှု၊ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဘေးအန္တရာယ်ကျရောက်မှုများကို ဦးစားပေးထောက်ပြပြောဆိုခဲ့သည်။

ဒုတိယသမ္မတက မြန်မာနိုင်ငံ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းစီမံချက်(MAPDRR)(၂၀၁၇)တွင် ပါဝင်သည့် အကြောင်းအရာများကိုမဆွေးနွေးမီ မျက်မှောက်ကမ္ဘာတွင်ဖြစ်ပွားနေသည့် ဘေးအန္တရာယ်များက လူသားများကို မည်မျှအထိ စိန်ခေါ်ခြိမ်းခြောက်နေသည်ကို ဦးစွာပြောကြားလိုကြောင်း။

အားလုံးသတိပြုမိကြသည့်အတိုင်း လတ်တလော ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း ကိုမန်၊ အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ဖြစ်ပွားသည့် ဟာရီကိန်း အာမာနှင့် ပွာတိုရီကိုတွင် ဖြစ်ပွားသည့် ဟာရီကိန်း မာရီယာ၊ တရုတ်နိုင်ငံ ကွမ်ကျိုးတွင်ဖြစ်ခဲ့သည့် မြေပြိုဘေး၊ အိန္ဒိယ၊ နီပေါ၊ ရီမန်နှင့် နိုင်ဂျာနိုင်ငံတို့တွင်ဖြစ်ခဲ့သည့် ရေလွှမ်းမိုးမှု ဘေးအန္တရာယ်များနှင့် မက္ကဆီကိုနိုင်ငံတွင် လူပေါင်း ၃၀၀ ကျော်သေဆုံးခဲ့ရပြီး တစ်လအတွင်း သုံးကြိမ်တိတိ လှုပ်ခတ်ခဲ့သည့် မြေငလျင်ဘေး စသည်တို့ကိုကြည့်ပါက ဘေးအန္တရာယ်များက မိမိတို့အားလုံး၏အသက်အိုးအိမ်များကို ကြီးမားစွာခြိမ်းခြောက်နေသည်ကို ပြသနေပါကြောင်း။

ယနေ့ခေတ်တွင် သဘာဝဘေးအန္တရာယ်ကျရောက်မှုများသည် ပိုပြီးရှုပ်ထွေးလာပါကြောင်း၊ ငလျင်လှုပ်ခြင်းနှင့်ဆက်စပ်ပြီး မီးဘေးကြုံတွေ့ရခြင်း၊ ဆူနာမီဘေးမှသည် နျူကလီးယားဘေးဖြစ်ခြင်းနှင့် ဟာရီကိန်းမှသည် ဆည်ကျိုးခြင်းအထိ မျိုးစုံဖြစ်ပွားလျက်ရှိပါကြောင်း၊ ထို့ပြင် ရာသီဥတုပြောင်းလဲခြင်းနှင့် ပုံသဏ္ဍာန်မမှန်သည့် ဖွံ့ဖြိုးတိုးတက်လာမှုများကြောင့်လည်း သဘာဝဘေးအန္တရာယ်များကျရောက်သည့်အခါ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ဆုံးရှုံးမှုများကို ပိုမိုဖြစ်ပွားစေလျက်ရှိပါကြောင်း၊ ဘေးအန္တရာယ်များ ဆိုးဆိုးရွားရွား ပိုမိုများပြားလာရသည့် အခြားအကြောင်းများမှာ အန္တရာယ်ရှိသည့် နေရာများတွင် လူနေထူထပ်မှု၊ မတည်ငြိမ်သည့်ရင်းနှီးမြှုပ်နှံမှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပိုမိုတိုးပွားလာမှု၊ မြို့ပြများ လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်လာမှုနှင့် သစ်တောပြုန်းတီးမှုတို့ဖြစ်ကြောင်း။

တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကြည့်မည်ဆိုပါက လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း ဘေးအန္တရာယ်များကျရောက်မှုကြောင့် စီးပွားရေးကဏ္ဍတွင် တိုက်ရိုက်ထိခိုက်ဆုံးရှုံးမှုများသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ထရီလီယံခန့်ရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း သဘာဝဘေးအန္တရာယ်များ ကျရောက်မှုကြောင့် နှစ်စဉ်နိုင်ငံ့ဂျီဒီပီ၏ သုံးရာခိုင်နှုန်းခန့် ဆုံးရှုံးနစ်နာလျက်ရှိပါကြောင်း၊ ဘေးအန္တရာယ်များသည် နိုင်ငံမရွေးကျရောက်လေ့ရှိသည်ဆိုသော်လည်း ဝင်ငွေနည်းပါးသည့်နိုင်ငံများတွင် ဘေးအန္တရာယ်များကြောင့် အသက်ဆုံးရှုံးမှုများကို ပိုမိုကြုံတွေ့နေရပါကြောင်း။

ယင်းနိုင်ငံများတွင် လွန်ခဲ့သည့် နှစ်ပေါင်း၂၀ အတွင်း ဘေးအန္တရာယ်တစ်ကြိမ် ကျရောက်တိုင်း ပျမ်းမျှလူပေါင်း ၃၂၇ ဦး အသက်ဆုံးရှုံးနေရပါကြောင်း၊ အဆိုပါပမာဏသည် ချမ်းသာသည့်နိုင်ငံများတွင် ကြုံတွေ့ရသည့်အသက်ဆုံးရှုံးမှုအရေအတွက်ထက် ငါးဆခန့်ပိုများပါကြောင်း၊ ယင်းကိုကြည့်ခြင်းအားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ခြင်းက သဘာဝဘေးများ၏ဆိုးကျိုးများကို လျှော့ချသည့်နေရာတွင် မည်မျှအထိအရေးကြီးသည်ကို သိမြင်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဒုတိယသမ္မတက မြန်မာနိုင်ငံတွင် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်မှုအနေအထားများ ပြောင်းလဲလာခဲ့မှု၊ စီမံချက်အသစ်တွင် ရေလွှမ်းမိုးမှုဘေး၊ မိုးကြိုးဘေး၊ လေပြင်းတိုက်ခတ်ခြင်းနှင့် မြစ်ကမ်းပါးပြိုခြင်း စသည့်ဘေးများကို လျှော့ချနိုင်ရန် ဖော်ထုတ်ထားကြောင်း ပြောကြားခဲ့သည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မြန်မာနိုင်ငံတွင် လွန်ခဲ့သည့် သုံးနှစ်အတွင်း ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်မှု အနေအထားများ ပြောင်းလဲလာခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ အသေးစားနှင့် အလတ်စား ဘေးအန္တရာယ်များနှင့် ရာသီဥတုကြောင့်ဖြစ်ပေါ်သည့် ရေလွှမ်းမိုးမှုဘေးနှင့် မုန်တိုင်းဘေးအန္တရာယ်များ ပိုမိုတိုးပွားလာသည်ကို တွေ့မြင်နိုင်ပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံတွင် မိုးရွာသွန်းမှုပုံစံပြောင်းလဲမှုများ၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုနှင့် အပူချိန်တိုးမြင့်လာမှုများကိုလည်း ကြုံတွေ့နေရပါကြောင်း၊ အဆိုပါအချက်များကြောင့် ဘေးအန္တရာယ်ဖြစ်ပွားမှုနှုန်း ပိုမိုများပြားလာခြင်းဖြစ်ပါကြောင်း၊ ဘေးအန္တရာယ်ကျရောက်လာမည်ကို ကြိုတင်မသိရှိနိုင်ခြင်းကြောင့် ဘေးအန္တရာယ်ကျရောက်သည့်အခါ ထိခိုက်ဆုံးရှုံးရမှုများ လျော့နည်းရန်နှင့် စွမ်းဆောင်ရည်မြင့်မားရန်အတွက် မိမိတို့အနေဖြင့် ကြိုတင်ဆောင်ရွက်ထားနိုင်ရန်လိုအပ်ပါကြောင်း၊ အစိုးရအနေဖြင့် ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ရပ်ထူထောင်ရန်၊ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ ရရှိနိုင်ရန်အတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေပါကြောင်း၊ ဘေးအန္တရာယ်ကျရောက်မှုများက မိမိတို့၏ ကြိုးပမ်းဆောင်ရွက်မှုအားလုံးကို အချိန်ပိုင်းအတွင်းတွင် ရိုက်ချိုးလှဲဖြိုပစ်နိုင်စွမ်းရှိပါကြောင်း။

ရာသီဥတုပြောင်းလဲမှုနှင့် ပုံသဏ္ဍာန်မမှန်သည့် ဖွံ့ဖြိုးတိုးတက်လာမှုအလေ့အထများကြောင့်လည်း ထိခိုက်ဆုံးရှုံးနိုင်ခြေများ ဖြစ်လာနိုင်သည့်အတွက် ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများကို ကြိုတင်မြော်တွေးလုပ်ဆောင်ရန် လိုအပ်လာပြီး ရေရှည်ရင်းနှီးမြှုပ်နှံမှုနှင့် မိတ်ဖက်ဆောင်ရွက်မှုများလည်း တိုးမြှင့်ရန်လိုအပ်လာပါကြောင်း၊ ထို့ကြောင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းစီမံချက်(MAPDRR)ကို ရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း။

စီမံချက်အသစ်တွင် အင်အားသေးငယ်သော်လည်း ထပ်ပြန်တလဲလဲဖြစ်ပွားတတ်သည့် ရေလွှမ်းမိုးမှုဘေး၊ မိုးကြိုးဘေး၊ လေပြင်းတိုက်ခတ်ခြင်းနှင့် မြစ်ကမ်းပါးပြိုခြင်းကဲ့သို့သော ဘေးများကိုပါ လျှော့ချနိုင်ရန် စီမံချက်များ ဖော်ထုတ်ထားပါကြောင်း၊ ထို့ပြင် အသက်အိုးအိမ်ပစ္စည်းပိုင်ဆိုင်မှု၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်တို့အပြင် တန်ဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များကိုပါ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် စီမံချက်အသစ်ကနေ မျှော်မှန်းထားပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း အစိုးရတစ်ရပ်လုံးနှင့် ပြည်သူတစ်ရပ်လုံး၏ပူးပေါင်းပါဝင်မှုအပြင် အထူးသဖြင့် ပုဂ္ဂလိကကဏ္ဍနှင့် ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများ၏ တက်ကြွစွာပါဝင်မှုကိုလည်း တွန်းအားပေးထားပါကြောင်း။

ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ ဆန်ဒိုင်းမူဘောင်အရ ၂၀၂၀ ပြည့်နှစ်တွင် ပထမဆုံးပြည့်မီရမည့် နိုင်ငံတော်အဆင့်နှင့် ဒေသန္တရအဆင့် ဘေးအန္တရာယ်လျော့ပါးရေးမဟာဗျူဟာများ ပေါ်ထွက်လာစေရန်ဆိုသည့် ရည်မှန်းချက်ပန်းတိုင်ကိုလည်း စီမံချက်အသစ်ကနေ ရောက်ရှိစေနိုင်မည်ဖြစ်ပါကြောင်း။

MAPDRR ကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်တွင်းပြည်ပအရင်းအမြစ်များ ရယူဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ ယခုစီမံချက်ကို အကောင်အထည်ဖော်ခြင်းအားဖြင့် နိုင်ငံတော်အဆင့်တွင် အန္တရာယ်ခံနိုင်ရည်ရှိသည့် ဖွံ့ဖြိုးတိုးတက်မှုကိုရယူနိုင်မည်ဖြစ်ပြီး ကမ္ဘာ့အဆင့်တွင်လည်း ရေရှည်ဖွံ့ဖြိုးမှုပန်းတိုင်များကို ပြည့်မီစေမည်ဖြစ်ပါကြောင်း။

စီမံချက်ထဲတွင်ပါသည့် ဦးစားပေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ရရှိလာမည့် တိုးတက်မှုအခြေအနေများကို စောင့်ကြည့်လေ့လာနိုင်ရန်အတွက်လည်း အညွှန်းကိန်းများနှင့် ပန်းတိုင်များကို သတ်မှတ်ထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ ဦးဆောင်ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများအနေဖြင့် မြေပြင်တွင် လက်တွေ့စီမံအကောင်အထည်ဖော်မှုများကို ကြီးကြပ်ဆောင်ရွက်ပေးကြရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံနှင့်ပြည်သူအတွက် ထိရောက်မှုရှိအောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂလူသားချင်းစာနာကူညီမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး၏ အကြီးအကဲ Mr. Mark Cutts က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းစီမံချက်နှင့် စပ်လျဉ်းသည့် မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအောက်ရှိ လုပ်ငန်းကော်မတီ ၁၂ ခုမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများထံ မြန်မာနိုင်ငံ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းစီမံချက်(၂၀၁၇)ကို လွှဲပြောင်းပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံရုံးအသီးသီးနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**




**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာနိုင်ငံ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းစီမံချက်(၂၀၁၇) အတည်ပြုမိတ်ဆက်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။**

● စာမျက်နှာ ၆ မှ

အကောင်အထည်ဖော်ဆောင်တယ်လို့ စီးပွားရေးလုပ်ငန်းရှင်တွေဘက်က ကျွန်တော်နားလည်ပါတယ်။

**မေး။ ။ စင်ကာပူဝါရင့်ဝန်ကြီး ဂိုချောက်တောင်က အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေ၊ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ဖို့ သမ္မတကြီး ဦးထင်ကျော်နဲ့ ဆွေးနွေးခဲ့ပါတယ်။ နှစ်နိုင်ငံကြား အောင်မြင်မှုတွေနဲ့ စိန်ခေါ်မှုတွေအတွက် လက်ရှိကြိုးပမ်းအားထုတ်မှုတွေကို ပြောပြပေးနိုင်မလား။**

ဖြေ။ ။ မစ္စတာ ဂိုချောက်တောင် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ချိန်မှာ ၁၉၉၀ ပြည့်နှစ်တွေမှာ ရင်းနှီးမြှုပ်နှံသူတွေလာရောက်ဖို့ သူက အားပေးတိုက်တွန်းခဲ့ပြီး မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းကိုကူညီဖို့ လုပ်ငန်းရှင်တွေကို အကြံပြုခဲ့ပါတယ်။ ခရီးသွားကဏ္ဍဖွံ့ဖြိုးလာရင် ဝင်ငွေကောင်းလာပြီး အလုပ်အကိုင်တွေ ဖန်တီးနိုင်မယ်လို့ သူကယုံကြည်ခဲ့ပါတယ်။

ယနေ့အချိန်မှာတော့ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ အခြားဘယ်ကဏ္ဍတွေက ပံ့ပိုးပေးနိုင်မလဲဆိုတာ ကျွန်တော်တို့လေ့လာနေပါတယ်။ ဒါကြောင့် လွန်ခဲ့တဲ့ ၁၀ နှစ်ကစတင်ခဲ့တဲ့ စင်ကာပူ-မြန်မာ ပူးတွဲဝန်ကြီးအဆင့်လုပ်ငန်းကော်မတီကို ကျွန်တော်တို့ဖွဲ့စည်းခဲ့ပါတယ်။ ဒီကော်မတီက ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ဥပဒေပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနဲ့ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုတဲ့ ကဏ္ဍသုံးခုကို အလေးထားဆောင်ရွက်ပါတယ်။

စင်ကာပူနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွေ့အကြုံက ပြည်ပရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကျောထောက်နောက်ခံပြုရာမှာ အရေးပါတဲ့ မြန်မာနိုင်ငံရဲ့ ဘဏ္ဍာရေးနဲ့ဥပဒေပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေကို အထောက်အကူဖြစ်စေလိမ့်မယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်။ နှစ်နိုင်ငံစလုံးက စီးပွားရေးလုပ်ငန်းရှင်တွေကို အကျိုးဖြစ်ထွန်းစေမယ့် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်တစ်ရပ်ကို ယခုနှစ်မကုန်မီ အချောသပ်ဖို့ လုပ်ဆောင်နေပါတယ်။ ။

# နေရပ်စွန့်ခွာနှင့် ပရဟိတ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်နှင့် အလှူငွေများ ထောက်ပံ့လှူဒါန်း

**စစ်တွေ အောက်တိုဘာ ၉**

စစ်တွေမြို့ပေါ်ရှိ ပရဟိတကျောင်းများနှင့် မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် နေရပ်စွန့်ခွာလာကြသည့် ကျောင်းသား ကျောင်းသူများအား ကမ္ဘာ့သာသနာပြု အလိုတော်ပြည့်ဆရာတော် ဦးဆောင်သည့် အလိုတော်ပြည့် လူမှုကယ်ဆယ်ရေးအဖွဲ့၏အကူအညီဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ပြေတီဦးဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ကျောင်းသုံးဗလာစာအုပ်များ၊ ဖတ်စာအုပ်များနှင့် အလှူငွေများကို ယနေ့နံနက်ပိုင်းတွင် ထောက်ပံ့လှူဒါန်းကြသည်။

ထိုသို့လှူဒါန်းရာတွင် ကမ္ဘာ့သာသနာပြု အလိုတော်ပြည့်ဆရာတော် ဦးဆောင်သည့် အလိုတော်ပြည့် လူမှုကယ်ဆယ်ရေးအဖွဲ့၏အကူအညီဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်း၊ ဒါရိုက်တာမောင်မျိုးမင်းနှင့် ပြေတီဦးပညာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ရုပ်ရှင်သရုပ်ဆောင် ပြေတီဦးတို့က ယနေ့နံနက်ပိုင်းမှစတင်၍ ရွှေစေတီကျောင်းတိုက်၊ အလိုတော်ပြည့်ကျောင်းတိုက်၊ အဓိဋ္ဌာန်ကျောင်းတိုက်၊ ဓမ္မရာမကျောင်းတိုက်နှင့် ဧည့်ဝတီအားကစားကွင်းရှိ ဟိန္ဒူဘာသာဝင်များ ယာယီကယ်ဆယ်ရေးစခန်းအပါအဝင် ယာယီကယ်ဆယ်ရေးစခန်းများနှင့် ပရဟိတစာသင်ကျောင်း ၁၂ ခုသို့ ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၂၁၀၀၊ ကျောင်းသုံးပုံနှိပ်စာအုပ်အစုံ ၁၆၅၀ နှင့် အလှူငွေကျပ်သိန်း ၅၀ တို့ကို သွားရောက်ထောက်ပံ့လှူဒါန်းကြသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ




**နေပြည်တော် အောက်တိုဘာ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H.E. Ms. Tone Tinnes က အဆိုပါဝန်ကြီးရုံးမေခလာခန်းမတွင် လာရောက်တွေ့ဆုံသည်။

နော်ဝေနိုင်ငံသံအမတ်ကြီး H.E. Ms. Tone Tinnes နှင့်တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာကူညီမှုလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် နိုင်ငံတော်က ဆောင်ရွက်နေမှုအခြေအနေများ၊ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အကြံပြုချက်များအား အကောင်အထည်ဖော်ရေးတွင် နော်ဝေနိုင်ငံက အကူအညီပေးလိုမှုနှင့်အကြံပြုချက်များအား ရေရှည်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတကာအသိုင်းအဝိုင်းက ပူးပေါင်းပါဝင်လိုမှု၊ ရခိုင်ဒေသရှိပြည်သူများ၏ လုံခြုံရေးနှင့်အကာအကွယ်ပေးရန် လိုအပ်မှုအခြေအနေများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာမည့်ဒုက္ခသည်များ ဘေးကင်းလုံခြုံစွာပြန်လည်လက်ခံရေးတွင် နော်ဝေနိုင်ငံက အကူအညီပေးရေးကိစ္စရပ်များ၊ နိုင်ငံတကာအသိုက်အဝန်းမှ လူသားချင်းစာနာမှုလုပ်ငန်းဆောင်ရွက်သူများအား ခွင့်ပြုရန်ကိစ္စများ၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်စေရေးကိစ္စရပ်များ၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများအား ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည့်ကိစ္စများ၊ အသက်မွေးဝမ်းကျောင်း၊ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍများ တိုးတက်အောင်ဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးပြီး မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြောင်းလဲရေးဖြစ်စဉ်များတွင် နိုင်ငံတကာအသိုင်းအဝိုင်းက ဆက်လက်ကူညီနိုင်ရေးကိစ္စများ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ် ရေရှည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်အား နော်ဝေနိုင်ငံ သံအမတ်ကြီး H.E. Ms.ToneTinnes သည် ယနေ့ညနေ ၄ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုများ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအား နော်ဝေနိုင်ငံမှ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရခိုင်ပြည်နယ် မောင်တောဒေသ အကြမ်းဖက်မှုဖြစ်စဉ်များ၊ မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာပြောင်းရွှေ့ခဲ့ကြသည့် ဒေသတွင်းနေ နှစ်ဖက်လူမှုအသိုက်အဝန်းများ၏ လုံခြုံရေး၊ စားဝတ်နေရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပြန်လည်နေရာချထားပေးနေမှုအခြေအနေများနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကိစ္စရပ်များ၊ ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့တို့၏အကြံပြုတင်ပြချက်များနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ အကြမ်းဖက်အဖွဲ့အစည်းများ ဖျက်ဆီးခဲ့သည့် အခြေခံအဆောက်အအုံများ၊ လမ်း/တံတားများ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် နိုင်ငံတော်အစိုးရမှ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ရာတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် ပြည်ပနိုင်ငံများ၊ ပြည်ပအဖွဲ့အစည်းများ ပါဝင်ပြီး ကူညီထောက်ပံ့မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ရခိုင်ပြည်နယ် ရေရှည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❐

# မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် (၇)ကြိမ်မြောက် အာဆီယံအားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (SOMS-7) လက်ခံကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၇)ကြိမ်မြောက် အာဆီယံအားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (SOMS-7) ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပြီး အာဆီယံ ၁၀ နိုင်ငံမှ အားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။



အစည်းအဝေးသို့ တက်ရောက်လာကြသော အာဆီယံ ၁၀ နိုင်ငံမှ အားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့်အဖွဲ့ဝင်များက အာဆီယံအထိမ်းအမှတ်သီချင်းကို ဂုဏ်ပြုသီဆိုကြပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မလေးရှားနိုင်ငံမှ ဥက္ကဋ္ဌဟောင်း Doto Lokman Hakim Ail, Ministry Youth and Sports Secretary General က မိန့်ခွန်းပြောကြားပြီး အစည်းအဝေး၏ အလှည့်ကျဥက္ကဋ္ဌ တာဝန်ဝတ္တရားများကို မြန်မာနိုင်ငံမှ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် (၇)ကြိမ်မြောက် အာဆီယံအားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (SOMS-7) အလှည့်ကျဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အားကစားလှုပ်ရှားမှုပြုလုပ်ခြင်းသည် လူသားတို့၏နေ့စဉ်ဘဝတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်သည်သာမက နိုင်ငံများအချင်းချင်း ယဉ်ကျေးမှုဆိုင်ရာ ရင်းနှီးစေသည့် အားကောင်းသော သံတမန်ဆက်သွယ်ရေးတစ်ခုဖြစ်ကြောင်း၊ အာဆီယံနိုင်ငံတွင် ကျင်းပသည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၉)ကြိမ်မြောက်အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် အောင်မြင်စွာ ကျင်းပနိုင်ပြီး ဆုတံဆိပ်အများဆုံးရရှိအောင် စွမ်းဆောင်နိုင်သောကြောင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယခုကျင်းပမည့် အစည်းအဝေးတွင် အာဆီယံနိုင်ငံများအကြား အားကစားဆိုင်ရာ အရေးကြီးအဆိုများတင်ပြီး ဆုံးဖြတ်ချမှတ်နိုင်ရေးတွင် ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်းနှင့် နောက်ရက်များတွင် ကျင်းပမည့် အာဆီယံအားကစားဝန်ကြီးများ၊ ဂျပန်နိုင်ငံအားကစားဝန်ကြီးများအစည်းအဝေး၊ အာဆီယံအားကစားဝန်ကြီးများနှင့် အခြားဆက်စပ်အစည်းအဝေးများ အောင်မြင်စွာ ဆွေးနွေးကျင်းပနိုင်ရန် အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း၊ ယခုအစည်းအဝေးမှ အာဆီယံနိုင်ငံများနှင့် အားကစားဆိုင်ရာ နားလည်မှုပူးပေါင်းဆောင်ရွက်မှုများ ရရှိကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်အဆင့်မြင့်အရာရှိကြီးများက အာဆီယံနိုင်ငံအချင်းချင်း အားကစားနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ်ခြင်း၊ ၂၀၁၆ ခုနှစ်တွင် ကျင်းပခဲ့သော(SOMS-6) အစည်းအဝေးမှထွက်ပေါ်လာသော အစည်းအဝေးဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ်ခြင်း၊ အာဆီယံအားကစားနေ့အဖြစ် ဩဂုတ် ၈ ရက်ကို သတ်မှတ်ပေးနိုင်ရေး ဝိုင်းဝန်းဆွေးနွေးခြင်း၊ ၂၀၃၄ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲများ အာဆီယံဒေသတွင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိရေး၊ မလေးရှားနိုင်ငံက ဦးဆောင်လျှောက်ထားမည့် အစီအစဉ်အား ဝိုင်းဝန်းထောက်ခံဆွေးနွေးခြင်း၊ ၂၀၁၆ ခုနှစ်တွင် ကျင်းပပြီးစီးသော (၁၇)ကြိမ်မြောက် ရီယိုအိုလံပစ်ပြိုင်ပွဲနှင့် မသန်စွမ်းအိုလံပစ်ပြိုင်ပွဲ၌ အောင်မြင်မှုရရှိခဲ့ကြသော အာဆီယံဒေသတွင်းနိုင်ငံများမှ အားကစားသမားများအား ဂုဏ်ပြုခြင်း၊ အာဆီယံဒေသတွင်း ကျင်းပနေသည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ အမည်အား အာဆီယံအားကစားပြိုင်ပွဲများဟု အမည်နာမပြောင်းလဲကျင်းပနိုင်ရေး ဝိုင်းဝန်းဆွေးနွေးခြင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ထိ အာဆီယံနိုင်ငံများ အားကစားနှင့်ပတ်သက်၍ လုပ်ငန်းအစီအစဉ်များ ရေးဆွဲဆောင်ရွက်နေမှုအပေါ် အကြံပြုဆွေးနွေးခြင်း၊ အာဆီယံနိုင်ငံများ ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုသတ်မှတ်ချက်အား ဝိုင်းဝန်းအကြံပြုဆွေးနွေးခြင်း၊ အာဆီယံဒေသတွင်းပြိုင်ပွဲ ကျင်းပမှုနှင့် စပ်လျဉ်း၍ ပွဲပြီးရလဒ်နှင့် ပြင်ဆင်မှုအပေါ် ပြန်လည်သုံးသပ်ခြင်း၊ ကျင်းပပြီးစီးခဲ့သော (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ (၉)ကြိမ်မြောက် မသန်စွမ်းအားကစားပြိုင်ပွဲများ ကျင်းပပြီးစီးမှုနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ခြင်းနှင့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲအား အင်ဒိုနီးရှားနိုင်ငံမှ အိမ်ရှင်အဖြစ် အောင်မြင်စွာလက်ခံကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှုများအား ဝိုင်းဝန်းအကြံပြုဆွေးနွေးခြင်း၊ အားကစားနှင့်သက်ဆိုင်သော အာဆီယံအဖွဲ့အစည်းနှင့် အခြားပူးပေါင်းပါဝင် ဆောင်ရွက်ကြမည့်အဖွဲ့များ၏ လုပ်ငန်းစဉ်များအား ဝိုင်းဝန်းအကြံပြုဆွေးနွေးခြင်း၊ ၂၀၁၆ မှ ၂၀၂၀ ပြည့်နှစ်အတွက် အာဆီယံနိုင်ငံများ အားကစားဆိုင်ရာအစီအစဉ်များနှင့်ပတ်သက်၍ အထောက်အကူပြုလုပ်ငန်း အစီအစဉ်များကို ပြုစုတင်ပြခြင်း၊ အောက်တိုဘာ ၁၀ ရက်နှင့် ၁၁ ရက်များတွင် ကျင်းပမည့် (၄)ကြိမ်မြောက် အာဆီယံအားကစားဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် ပထမအကြိမ်မြောက် အာဆီယံအားကစားဝန်ကြီးများနှင့် ဂျပန်နိုင်ငံ အားကစားဝန်ကြီးတို့၏ တွေ့ဆုံဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအကြံပြုဆွေးနွေးချက်များကို အသီးသီး ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံမှ အာဆီယံအားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို အိမ်ရှင်ဥက္ကဋ္ဌအဖြစ် ၂၀၁၇-၂၀၁၈ နှစ်နှစ် တာဝန်ယူထမ်းဆောင်ရမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**




# ၂၀၁၇ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

၂၀၁၇ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ကျရောက်သည့် (၁၄၃)နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ် အခမ်းအနားများကို မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၁ နိုင်ငံတွင် နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ ကမ္ဘာ့စာပို့တိုက်သမဂ္ဂက ထုတ်ပြန်သည့် အချက်အလက်များအရ နှစ်စဉ် ချောစာပေါင်း ၃၂၇ ဒသမ ၄ ဘီလီယံ၊ ချောစာထုပ်ပေါင်း ၇ ဒသမ ၄ ဘီလီယံဖြင့် သုံးစွဲသူများ အဆင်ပြေချောမွေ့စေရန် စာပို့တိုက်ဝန်ထမ်းပေါင်း ငါးသန်းဖြင့် ဝန်ဆောင်မှုပေးနေသည်ကိုတွေ့ရကြောင်း။

ထို့ပြင် ကြီးမားကျယ်ပြန့်လှသည့် စာပို့တိုက်ကွန်ရက်မှ စီးပွားရေးလုပ်ငန်းများအပါအဝင် နိုင်ငံသူနိုင်ငံသားများအတွက် အရေးပါသည့် ဝန်ဆောင်မှုလုပ်ငန်းများအဖြစ် ရပ်တည်နေပြီး နိုင်ငံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် အရေးပါသည့်ကဏ္ဍမှ ဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိရကြောင်း ပြောကြားသည်။

ထို့နောက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီနီဟန်က ဆွစ်ဇာလန်နိုင်ငံအခြေစိုက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂဌာနချုပ်(UPU)မှ ညွှန်ကြားရေးမှူးချုပ်ပေးပို့သည့် ၂၀၁၇ ခုနှစ် စာပို့တိုက်နေ့အထိမ်းအမှတ်သဝဏ်လွှာကို ဖတ်ကြားပြီး နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲ(ပြည်တွင်းအဆင့်) အကဲဖြတ်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဇော်ဝင်းက ပြိုင်ပွဲအတွင်း ဆုရွေးချယ်မှုစနစ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က (၄၆)ကြိမ်မြောက် အသက်(၁၅)နှစ်အောက် နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) တွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး အထက(၁) နတ်မောက်မှ မဝင်းပြည့်ပြည့်ဖော်အားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး အထက-စိုင်ပြင်မှ မဂျူးထက်ဖော်အားလည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးချစ်ဝေက တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အထက(၁) မိုးကုတ်မှ မငြိမ်းသက်နှင်းအားလည်းကောင်း ဆုများ ချီးမြှင့်ကြသည်။

ထို့နောက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးသိန်းက နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) အကဲဖြတ်အဖွဲ့အား ကျေးဇူးတင်စကားပြောကြားကာ အမှတ်တရလက်ဆောင်များပေးအပ်ပြီး ဆုရရှိကြသူများကိုယ်စား ပထမဆုရရှိသည့် မဝင်းပြည့်ပြည့်ဖော်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မြန်မာ့စာတိုက်လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခမ်းအောင်နှင့် တာဝန်ရှိသူများက တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စွမ်းဆောင်ရည်အကောင်းဆုံးစာတိုက်ရုံးများမှ တာဝန်ခံများအား ဆုများ ချီးမြှင့်ကြသည်။

ကမ္ဘာ့စာပို့တိုက်နေ့ကို ကမ္ဘာ့စာပို့တိုက်သမဂ္ဂ စတင်တည်ထောင်ခဲ့သည့်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ်ကျင်းပလျက်ရှိရာ ယခုနှစ်တွင် (၁၄၃)ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




# ဇေယျာသီရိမြို့နယ်ရှိ ကျေးရွာများအတွင်း ရေများဝင်ရောက်

**နေပြည်တော် အောက်တိုဘာ ၉**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်တွင် အောက်တိုဘာ ၈ ရက် ည ၈ နာရီခွဲတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေဆင်းဆည်မှ ဆည်ရေပြည့်အမှတ် ပေ ၄၃၉ ဒသမ ၃၀ ရှိနေ၍ ရေများအား ရေထုတ်ပြွန် ၆ ဒသမ ၆ လက်မအား ရေဆင်းချောင်းနှင့် ဆည်မြောင်းများအတွင်း ထုတ်လွှတ်ထား၍ ကျွန်းရောင်းကျေးရွာတွင် အိမ်ခြေ ၇၀၊ သရက်တောကျေးရွာတွင် အိမ်ခြေ ၂၀၊ လေသာကျေးရွာ အလကကျောင်း(ခွဲ)၊ ရေဆင်းကျေးရွာတွင် အိမ်ခြေ ၂၀၊ မအူတောကျေးရွာတွင် ၁၀ အိမ်၊ သာယာစုကျေးရွာတွင် အိမ်ခြေ ၇၀၊ သစ်တပ်ကျေးရွာတွင် အိမ်ခြေ ၆၀၊ သပြေပင်ကျေးရွာတွင် အိမ်ခြေ ၇၀၊ ရှားစေးဖို ကျေးရွာတွင် အိမ်ခြေ ၃၀၊ ကျောက်ချပ်ကျေးရွာတွင် အိမ်ခြေ ၁၂၀၊ သာယာကုန်းကျေးရွာတွင် ၁၅ အိမ်၊ ဝဲကြီးကျေးရွာတွင် ၁၅ အိမ်နှင့် ကျောက်ချပ်ရွာ အလကကျောင်း(ခွဲ)တို့တွင် ရေများ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**နိုင်ဝင်း(ကြိုးကြာကန်)**



# ညောင်ဦးမြို့နယ်၌ သဘာဝမြေဩဇာပြုလုပ်နည်း တောင်သူပညာပေး

**ညောင်ဦး အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ခင်ဌေးရီနှင့် ဝန်ထမ်းများအဖွဲ့က ညောင်ဦးမြို့နယ် ကန်တောကျေးရွာ၌ တောင်သူပညာပေး ဘက်စုံသုံးသီးနှံ စိုက်ပျိုးမြေဧက ၃၀၀ စံပြကွက်အဖြစ် သတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ အောက်တိုဘာ ပထမပတ်က ကောက်ရိုးဖြင့် သဘာဝမြေဩဇာပြုလုပ်နည်းအဆင့်ဆင့်နှင့် သုံးစွဲနည်းစနစ်များကို စနစ်တကျသုံးစွဲသွားရန် ကွင်းဆင်းပညာပေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



"ကျွန်မတို့ ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနနဲ့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်းပြီး ညောင်ဦးမြို့နယ် ကန်တောကျေးရွာမှာ တောင်သူပညာပေးဘက်စုံသုံးသီးနှံစိုက်ပျိုးမြေ ဧက ၃၀၀ စံပြကွက်သတ်မှတ်ထားရှိပြီး တောင်သူတွေကို သီးနှံစိုက်ပျိုးနည်းစနစ်တွေ၊ သီးနှံအထွက်နှုန်းကောင်းမွန်စေရေး၊ ပိုးမွှားရောဂါအန္တရာယ် ကြိုတင်ကာကွယ်နည်းပညာရပ်တွေအပြင် အခုလိုသဘာဝမြေဩဇာ(မြေဆွေး) ပြုလုပ်နည်းတွေကို ကျေးရွာတွေအရောက် ကွင်းဆင်းပညာပေးဆောင်ရွက်ပေးနေတာပါ။ အခုလို ဆောင်ရွက်ပေးရတဲ့ရည်ရွယ်ချက်က တောင်သူတွေ တစ်ဦးချင်းအလိုက် သီးနှံစိုက်ပျိုးဝင်ငွေပိုမိုရရှိပြီး လူနေမှုဘဝအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်လာစေဖို့နဲ့ သီးနှံစိုက်ခင်းတွေကထွက်ရှိတဲ့ သီးနှံတွေကိုလည်း ဓာတုဆေးဝါးကင်းစင်တဲ့ စားသောက်ကုန်ပစ္စည်းတွေ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ဖို့ရည်ရွယ်ပြီး ဆောင်ရွက်ပေးရခြင်း ဖြစ်ပါတယ်။ အခု အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ညောင်ဦးမြို့နယ် ကန်တောကျေးရွာ ဘက်စုံသုံးသီးနှံစိုက်ပျိုးမြေ ဧက ၃၀၀ စံပြကွက်မှာ တောင်သူပညာပေး စိုက်ပျိုးထားတဲ့သီးနှံတွေက မိုးစပါး၊ အစေ့ထုတ်ပြောင်း၊ ဝါသီးနှံနဲ့ မိုးမြေပဲသီးနှံတွေ စိုက်ပျိုးထားပြီး ဒေသခံတောင်သူတွေကိုလည်း သီးနှံအထွက်နှုန်းကောင်းမွန်စေဖို့ ပိုးမွှားရောဂါကျရောက်မှုအန္တရာယ်မဖြစ်အောင် အနီးကပ်ကြပ်မတ်ဆောင်ရွက်ပေးနေပါတယ်"ဟု ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်မြေ အသုံးချရေးတာဝန်ခံ ဒေါ်စန်းစန်းဝေက ပြောသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# မြို့နယ်အဆင့် သန်းခေါင်စာရင်းဆိုင်ရာများ အသိပညာပေးခြင်း ဟားခါး၌ဆောင်ရွက်

**ဟားခါး အောက်တိုဘာ ၉**

ချင်းပြည်နယ် ဟားခါးမြို့၏ မြို့နယ်အဆင့် သန်းခေါင်စာရင်းဆိုင်ရာအချက်အလက်များ အသိပညာပေးခြင်းကို ယနေ့နံနက် ၉ နာရီခွဲက ဟားခါးမြို့ မြို့နယ် စုပေါင်းရုံး၌ကျင်းပရာ ဟားခါးမြို့ သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချန်ဖီယာန်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ချင်းပြည်နယ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခွါဇာခဲန်က ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှကောက်ယူရရှိသည့် အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ မြို့နယ်အဆင့် သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များအသိပညာပေးခြင်းတွင် လူဦးရေဆိုင်ရာများ၊ ကိုးကွယ်သည့်ဘာသာဆိုင်ရာများ၊ ပညာရေးဆိုင်ရာများ၊ စီးပွားရေးဆိုင်ရာများ၊ မသန်စွမ်းမှုဆိုင်ရာအကြောင်းအရာ၊ မွေးဖွားခြင်းနှင့် သေဆုံးခြင်းအကြောင်းအရာ၊ အိမ်အကြောင်းအရာနှင့် အိမ်အသုံးအဆောင်ပစ္စည်းများနှင့် ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစားများ စသည့် အကြောင်းအရာများပါဝင်ပြီး နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက် )**

❑

သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ပြည်တွင်းရေးရာ

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရုံးမြေနေရာနှင့်အဆောက်အအုံ ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၉**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်နော်ပန်းသဉ္ဇာမျိုး၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်တို့နှင့် ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ဥယျာဉ်လမ်း ခြံအမှတ်(၃)ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး အဆောက်အအုံပြုပြင်တိုးချဲ့မွမ်းမံဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

သက်ဆိုင်ရာ တာဝန်ရှိသူများက အဆောက်အအုံ ပြုပြင်မွမ်းမံတိုးချဲ့ ဆောက်လုပ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးပြောကြားသည်။

အဆိုပါအဆောက်အအုံသည် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့၏ တိုင်းဒေသကြီးအဆင့် ရုံးအဆောက်အအုံဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန အထူးဆောက်လုပ်ရေးအဖွဲ့အမှတ်(၂)မှ တာဝန်ယူ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းအပြီး ပြုပြင်မွမ်းမံတိုးချဲ့ဆောက်လုပ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

*** ကျောဖုံးမှ**

အဆိုပါ အထူးယာဉ်မောင်းသင်တန်းသို့ လာရောက်လျှောက်ထားသူများသည် ခရီးသည်တင်ယာဉ်ကြီး မောင်းနှင်နိုင်မှု ရှိ၊ မရှိ၊ ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးတို့ အပါအဝင် ကနဦးစစ်ဆေးချက်များ အောင်မြင်မှသာ သင်တန်းသို့ တက်ရောက်ခွင့်ရမည်ဖြစ်ပြီး ယာဉ်မောင်းလိုင်စင် အနိမ့်ဆုံး (ခ) လိုင်စင်သုံးနှစ် သက်တမ်းနှင့်အထက်ရှိသော ယာဉ်မောင်းများကိုသာ လက်ခံမည်ဟု သိရသည်။ လာရောက်လျှောက်ထားမှုများတွင် အမျိုးသမီးယာဉ်မောင်းများ လေးဦးပါဝင်လာပြီး စိတ်ပါဝင်စားသူများ လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့် အပတ်စဉ်(၃)သင်တန်းတွင်မူ သင်တန်းသားဦးရေ ၁၀၀ ခန့်တွင် ၂၀ ဦးမျှ ကျရှုံးမှုရှိခဲ့သည်ဟုသိရပြီး ၎င်းတို့အား YBS ယာဉ်လိုင်းများတွင် လုပ်ကိုင်ခွင့်ပြုမည်မဟုတ်ကြောင်း၊ အောင်မြင်အောင် ဖြေဆိုရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် အောင်မြင်သူများကို သင်တန်းဆင်းအောင်လက်မှတ် ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပြီး အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် နိုင်ငံတကာအသိအမှတ်ပြု ယာဉ်မောင်းသင်တန်းဆင်းလက်မှတ် ထုတ်ပေးမည်ဟု သိရသည်။ ထို့အပြင် သင်တန်းအောင်မြင်သော ယာဉ်မောင်းများကို YBS ယာဉ်လိုင်းများတွင် မောင်းနှင်နိုင်ရန် ယာဉ်လိုင်းကုမ္ပဏီများက အလုပ်ခန့်အပ်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

အောက်တိုဘာ ၁၁ ရက်တွင် စတင်ဖွင့်လှစ်မည့် အထူးယာဉ်မောင်းသင်တန်း အပတ်စဉ်(၄)တွင် သင်တန်းသားစုစုပေါင်း ၁၀၀ ခန့် သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဝ၀၁၊ ဓာတ်ပုံ-ခင်မောင်ဝင်း**

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကဦးဆောင်၍ ဘာသာပေါင်းစုံဆုတောင်းပွဲများ မန္တလေးမြို့တွင် ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၉**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် (၆၂) လမ်း မနော်ရမ္မလူထုဟစ်တိုင်ကွင်းတွင် ဘာသာပေါင်းစုံဆုတောင်းပွဲကို အောက်တိုဘာ ၁၀ ရက်မှစတင်၍ အပတ်စဉ်အင်္ဂါနေ့တိုင်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျင်းပသွားမည်ဟု မန္တလေးတိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌထံမှ သိရသည်။

“အမုန်းတရားများ၊ ဖိအားများ၊ တွန်းအားများကို ပြည်သူလူထုကမေတ္တာဖြင့် တုံ့ပြန်သည့် ရည်ရွယ်ချက်ဖြင့် “ဘာသာပေါင်းစုံဆုတောင်းပွဲ” များကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဦးဆောင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပသွားမှာဖြစ်ပါတယ်။ အထက်မြန်မာပြည်အနေနဲ့ မန္တလေး၊ စစ်ကိုင်း၊ မကွေး တိုင်းဒေသကြီးတို့ ညှိနှိုင်းပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အထက်မြန်မာပြည်အတွက် ဝန်ကြီးချုပ်က တာဝန်ယူသွားမှာဖြစ်ပါတယ်။ အဲဒီလိုလုပ်တာက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့က နိုင်ငံခြားတိုင်းပြည်တွေနဲ့ ဆက်ဆံတဲ့အနေအထားတွေမှာ ဖိအားများစွာနဲ့ ရင်ဆိုင်နေရပါတယ်။ အဲဒီလိုရင်ဆိုင်နေရတာတွေကို သူ့အနေနဲ့ကတော့ အားလုံးကို ကျော်လွှား ရင်ဆိုင်ဖို့အသင့်ဖြစ်နေပါတယ်။ ခိုင်ခိုင်မာမာလည်း သန္နိဋ္ဌာန်ချထားပြီးဖြစ်ပါတယ်။ သူ့နောက်မှာ ရပ်တည်ရမယ့်သူတွေကတော့ ပြည်သူလူထုပဲဖြစ်ပါတယ်။ ပြည်သူလူထုက သူ့နောက်ကနေ အမုန်းတရားတွေ၊ အာဃာတတွေ၊ ဒေါသတွေနဲ့ မရပ်တည်ဘဲ မေတ္တာတရားနဲ့ ရပ်တည်ဖို့ ရည်ရွယ်တာပဲဖြစ်ပါတယ်။

တစ်နေ့က ဘရူနိုင်းနိုင်ငံ ညစာစားပွဲမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားခဲ့တာ အားလုံးအသိပဲဖြစ်မှာပါ။ “မီးကို မီးနဲ့ ငြိမ်းလို့မရဘူး။ မီးကို ရေနဲ့ငြိမ်းမှ ရတယ်။ အမုန်းကို အမုန်းနဲ့ ငြိမ်းလို့မရဘူး၊ အမုန်းကို မေတ္တာနဲ့ငြိမ်းမှရတယ်”တဲ့ ပြည်သူလူထုကိုသင်ကြားပေးပြီး ဆွဲခေါ်သွားတယ်လို့ ထင်ပါတယ်။ အဲဒီလို ရင်ဆိုင်နေရတာတွေကို ပြည်တွင်းက လူထုအားနဲ့ကျော်လွှားသွားမှာပါ။ အဲဒီ ပြည်သူလူထုအားကို ပြချင်တာပါ။ ခေါင်းဆောင်ရဲ့ရည်ရွယ်ချက်နဲ့ စိတ်ကူးစိတ်သန်းကိုသိစေချင်တာပါ။ အစီအစဉ်မှာ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာ၊ ဘဟာအီဘာသာ စသည့် ဘာသာပေါင်းစုံက တစ်ခုချင်းဆုတောင်းပြီး ဖယောင်းတိုင်ဆီမီးများ ထွန်းညှိသွားမှာဖြစ်ပြီး ကြာမြင့်ချိန် တစ်နာရီခန့်ရှိမှာဖြစ်ပါတယ်။ အောက်တိုဘာတစ်လလုံး အပတ်စဉ်အင်္ဂါနေ့တိုင်း ပြုလုပ်သွားမှာဖြစ်ပါတယ်” ဟု ၎င်းက ပြောကြားသည်။

အဆိုပါ ဘာသာပေါင်းစုံဆုတောင်းပွဲများကို မန္တလေးမြို့အနေဖြင့် အောက်တိုဘာ ၁၀ ရက်၊ ၁၇ ရက်၊ ၂၄ ရက်နှင့် ၃၁ ရက် (အင်္ဂါနေ့)များ၌ ညနေ ၆ နာရီတွင် မဟာအောင်မြေမြို့နယ် (၆၂)လမ်းရှိ မနော်ရမ္မလူထုဟစ်တိုင်ကွင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ထိုင်းနိုင်ငံအတွင်း ဖွင့်လှစ်ထားသော CI ထုတ်ပေးရေးစခန်းများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ ထိုင်းနိုင်ငံ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်း

**နေပြည်တော် အောက်တိုဘာ ၉**

ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏လမ်းညွှန်မှုအရ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန် ဦးဆောင်သည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ် ငါးဦးပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၃ ရက်မှ ၇ ရက်ထိ ထိုင်းနိုင်ငံရှိ မဟာချိုင်(၁)နှင့် မဟာချိုင်(၂)၊ စမုပရာကန်၊ ရနောင်း၊ ဆောင်ခလာ၊ ချင်းမိုင်၊ မဲဆိုင်၊ မဲဆောက်နှင့်နခွန်စဝမ် CI ထုတ်ပေးရေးစခန်းများနှင့် ဗန်ကောက်မြို့ရှိ သာမန်နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးစခန်းတို့သို့ ထိုင်းအလုပ်အကိုင်ဌာနမှ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၃ ရက်တွင် ထိုင်းနိုင်ငံရောက် မြန်မာလူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ CI စခန်းများ၌ ဖြစ်ပေါ်နေသည့် 7/11 ဆိုင်များ၌ ငွေသွင်းရာတွင် ရရှိခဲ့သည့် ငွေသွင်းစလစ်ပါ နေ့ရက်အလိုက် CI စာအုပ်ပြုလုပ်၍ မရခြင်း၊ ပွဲစားများက ခေါင်းပုံဖြတ် အမြတ်ထုတ်နေမှုများ၊ ဗီဇာကြေး ပိုမိုပေးဆောင်နေရမှုများ၊ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် အလုပ်သမားစေလွှတ်ရာတွင် ကြုံတွေ့နေရမှုများ၊ ထိုင်းနိုင်ငံ၏ ဒေသအချို့တွင် သတ်မှတ်လုပ်အားခအပြည့်အဝမရရှိမှုများ၊ ထိုင်းနိုင်ငံတွင် ယခင်က အလုပ်သမားများထံမှ အိမ်ပြန်စရိတ် ကောက်ခံခဲ့မှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနမှ ဆောင်ရွက်နေမှုများနှင့် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမား ကာကွယ်စောင့်ရှောက်ပေးရေး ကိစ္စရပ်များကို အပြန်အလှန်ပွင့်လင်းမြင်သာစွာ ဆွေးနွေးခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ စခန်းများသို့ ရောက်ရှိစဉ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာရွှေ့ပြောင်းအလုပ်သမားများကို သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ အခက်အခဲရှိပါက အလုပ်သမားသံအရာရှိထံ ဆက်သွယ်တင်ပြရေး၊ ပွဲစားများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းမပြုဘဲ သတ်မှတ်ကာလအတွင်း အထောက်အထားမဲ့ အလုပ်သမားများ CI ထုတ်ပေးရေးစခန်းများသို့ ဆက်သွယ်ဆောင်ရွက်ရေး၊ မြန်မာလူမှုအဖွဲ့အစည်းများ၊ ဥပဒေအထောက်အကူအဖွဲ့များ၏ အကြံဉာဏ်များ ရယူဆောင်ရွက်ရေးတို့ကို မှာကြားခဲ့သည်။

ထိုင်းနိုင်ငံရောက် မြန်မာလူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးချက်များနှင့် CI ထုတ်ပေးရေးစခန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးချက်များအရ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန အလုပ်အကိုင်ဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အောက်တိုဘာ ၇ ရက်တွင် တွေ့ဆုံ၍ Counter Service Co.,Ltd. နှင့် မြန်မာဘက် လုပ်ငန်းအဖွဲ့တို့ လက်မှတ်ရေးထိုးထားသော သဘောတူစာချုပ်အရ ရက်အလိုက် Queue သတ်မှတ်ရေးလုပ်ငန်းစဉ်နှင့်အညီ မြန်မာဘက်မှ သတ်မှတ်ထားသည့် ဘတ် ၃၀၀ နှင့် 7/11 ဆိုင်များအတွက် ဝန်ဆောင်စရိတ် ဘတ် ၁၀ အပါအဝင် ဘတ် ၃၁၀ ကို တစ်ပါတည်းပေးသွင်းပြီး Queue သတ်မှတ်ခြင်းကို မြန်မာဘက်မှသာ တာဝန်ယူညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း။

ထိုင်းအလုပ်အကိုင်ဌာနမှ Counter Service Co.,Ltd.သို့ တိုက်ရိုက်ညှိနှိုင်းမှုမပြုလုပ်ဘဲ မြန်မာ-ထိုင်း နှစ်ဖက်ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် Queue စနစ်ပါ သတ်မှတ်ထားသည့်ရက်အလိုက် CI စာအုပ်ထုတ်ယူနိုင်ရေးဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

ဝန်ဆောင်စရိတ် ပိုမိုကောက်ခံနေသော နှစ်နိုင်ငံပွဲစားများကို ထိရောက်စွာ ဖမ်းဆီးအရေးယူသွားမည်ဖြစ်ကြောင်း။

CI စာအုပ်ထုတ်ယူပြီးသည့်အလုပ်သမားများအား နေ့ချင်းပြီး ဆေးစစ်ခြင်း၊ ဗီဇာနှင့် Work Permit ထုတ်ပေးခြင်းကို ထိုင်းနိုင်ငံဘက်မှ အလေးထားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

ဆေးစစ်ရန် ဆေးရုံကားအခက်အခဲရှိ၍ One Stop Service ဆောင်ရွက်နိုင်ခြင်းမရှိသေးသည့် CI ထုတ်ပေးရေးစခန်းတွင် ဆေးရုံကားအမြန်ဆုံးထားရှိနိုင်ရေးနှင့် အလုပ်သမားအများအပြား လာရောက်သည့် စခန်းများတွင် ဆေးစစ်အဖွဲ့တိုးမြှင့်ထားရှိနိုင်ရေး ထိုင်းနိုင်ငံဘက်မှ သက်ဆိုင်ရာဌာနများနှင့် အမြန်ဆုံးညှိနှိုင်းဆောင်ရွက်ပေးမည် ဖြစ်ကြောင်း။

အလုပ်သမား အများအပြားရှိသည့် ဒေသများ၌ မြန်မာအလုပ်သမားများ အဆင်ပြေချောမွေ့စေရေးနှင့် ပွဲစားများဖြင့် ဆောင်ရွက်ခြင်းမပြုနိုင်ရန် မြန်မာဘက်မှ Mobile Team အဖွဲ့ဖြင့် အမြန်ဆုံးဆောင်ရွက်နိုင်ရေး ထိုင်းနိုင်ငံဘက်မှ ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

ထိုင်းနိုင်ငံဘက်မှ စာရင်းကောက်ယူခဲ့သည့် အထောက်အထားမဲ့ မြန်မာအလုပ်သမားများနှင့်စပ်လျဉ်း၍ ဦးစားပေးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

၂၀၁၇ ခုနှစ် နိုဝင်ဘာလကုန်တွင် Working Group Meeting နှင့် Technical Meeting ကို ထိုင်းနိုင်ငံတွင် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်းစသည်ဖြင့် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❐

# မြန်မာ ယူ-၁၉ အသင်း ဂျပန်ခြေစမ်းခရီးစဉ်အတွက် အပြီးသတ်လူရွေးချယ်

**ရန်ကုန် အောက်တိုဘာ ၉**

အာရှ ယူ-၁၉ ခြေစစ်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ ယူ-၁၉ အသင်းသည် ဂျပန်နိုင်ငံ၌ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် အပြီးသတ်ကစားသမား ၂၅ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာယူ-၁၉ အသင်းသည် ဂျပန်ခရီးစဉ်သို့ ကစားသမား ၂၅ ဦး ခေါ်ဆောင်သွားမည်ဖြစ်ပြီး အုပ်ချုပ်/နည်းပြအဖွဲ့ဝင်များနှင့် ကစားသမားစုစုပေါင်း ၃၀ ကျော် လိုက်ပါသွားမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းတွင် အုပ်ချုပ်သူ ဦးတင်မြင့်အောင်၊ နည်းပြချုပ် ဦးချစ်နိုင်၊ လက်ထောက်နည်းပြ ဦးမင်းသူ၊ ဂိုးနည်းပြ ဦးစိုင်းမောင်မောင်ဦး၊ အတွင်းရေးမှူး ဦးမိုးဝေအောင်၊ ဂိုး-ထက်ဝေယံစိုး၊ ထွန်းနန္ဒာဦး၊ အာကာလင်းမြတ်၊ အောင်မြင့်မြတ်၊ နောက်တန်း သက်ပိုင်ထွေး၊ သန်းထိုက်ဇင်၊ စိုးမိုးကျော်၊ ကျော်ဖြိုးဝေ၊ စည်သူမိုးခန့်၊ အောင်ဝဏ္ဏစိုး၊ နိုင်ကိုကို၊ ပြည့်ဖြိုးမောင်၊ အလယ်တန်း လွင်မိုးအောင်၊ အံ့မော်ဦး၊ မင်းထူးအိမ်လင်း၊ နန်းထိုက်ဇော်၊ ဝဏ္ဏထွန်း၊ ထက်ဖြိုးဝေ၊ ဇော်မွန်အောင်၊ ဒွေးကိုကို၊ မြတ်ကောင်းခန့်၊ ဝေယံဦး၊ ရှေ့တန်း ဝင်းနိုင်ထွန်း၊ ပြည့်စုံနိုင်၊ ဟိန်းထက်အောင်တို့ ပါဝင်ကြသည်။ မြန်မာယူ-၁၉ အသင်းတွင် အာဆီယံ ယူ-၁၈ ပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် ယူ-၁၈ အသင်းမှ ကစားသမားများပါဝင်လာပြီး လူသစ်ကစားသမားအချို့အားဖြည့်ရွေးချယ်ထားခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် အောက်တိုဘာ ၁၁ ရက်မှ ၂၁ ရက်အထိ ဂျပန်နိုင်ငံ၌ လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာယူ-၁၉ အသင်းသည် ခြေစမ်းပွဲများအဖြစ် အောက်တိုဘာ (၁၅၊ ၂၀) ရက်တွင် ဟန်နင်းတက္ကသိုလ်အသင်း၊ အောက်တိုဘာ ၁၈ ရက်တွင် ဂျေလိဂ်ကလပ် ဂမ်ဘာအိုဆာကာလူငယ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာယူ-၁၉ အသင်းသည် ဂျပန်ခရီးစဉ်ပြီးဆုံးပါက အာရှခြေစစ်ပွဲကျင်းပမည့် ကမ္ဘောဒီးယားနိုင်ငံသို့ တိုက်ရိုက်သွားရောက်မည်ဖြစ်သည်။ မြန်မာအသင်းပါဝင်သည့် ခြေစစ်ပွဲအုပ်စု (G) ပွဲစဉ်များကို အောက်တိုဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာ၊ တရုတ်၊ ဖိလစ်ပိုင်နှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် အောက်တိုဘာ ၂၄ ရက်တွင် ဖိလစ်ပိုင်အသင်း၊ အောက်တိုဘာ ၂၆ ရက်တွင် ကမ္ဘောဒီးယားအသင်း၊ အောက်တိုဘာ ၂၈ ရက်တွင် တရုတ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် ဂျပန်နိုင်ငံသို့ ယနေ့ အောက်တိုဘာ ၁၀ ရက်တွင် ထွက်ခွာမည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

❐

# ရန်ကုန်-မန္တလေး အမြန်လမ်းတွင် မန်းရွှေမြို့တော် Express ခရီးသည်တင်ယာဉ်တိမ်းမှောက်၊ တစ်ဦးသေဆုံး၊ ၃၅ ဦး ဒဏ်ရာရ



**နေပြည်တော် အောက်တိုဘာ ၉**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ ဇီးပင်သာအမြန်လမ်းရဲစခန်း မိုင်တိုင်အမှတ် (၁၅၅/၇)နှင့် (၁၅၆/၀)အကြား ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ ဝေလင်းသူ မောင်းနှင်လာသော မန်းရွှေမြို့တော် Express ခရီးသည်တင်ယာဉ်မှာ ယနေ့နံနက် ၃ နာရီခွဲက အရှိန် မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကို ကျော်တက်ပြီး တစ်ဖက်ယာဉ်ကြော တွင် တိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၂၄ ဦး ပေါင်း ၄၃ ဦးအနက် အမျိုးသမီး တစ်ဦးသေဆုံးပြီး အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၁၇ ဦး ပေါင်း ၃၅ ဦး ဒဏ်ရာရရှိခဲ့သည်။ သေဆုံးသူရုပ်အလောင်းနှင့် ဒဏ်ရာရရှိသူ များအား တောင်ငူဆေးရုံနှင့် ရေတာရှည်ဆေးရုံတို့သို့ ပို့ဆောင်ပေးခဲ့ပြီး ယာဉ်မောင်း ဝေလင်းသူအား ဇီးပင်သာအမြန်လမ်းရဲတပ်ဖွဲ့စခန်းမှ အရေးယူထားကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

**ဓာတ်ပုံ- အမြန်လမ်းရဲတပ်ဖွဲ့**



## ရန်ကုန်သို့သွားရောက်မည့် လိုင်စင်မဲ့ယာဉ်ငါးစီး မရမ်းချောင်စစ်ဆေးရေးစခန်းမှ သိမ်းဆည်းရမိ

**ရန်ကုန် အောက်တိုဘာ ၉**

တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ရန်ကုန်သို့သွားရောက်မည့် လိုင်စင်မဲ့ယာဉ် ငါးစီးအား မရမ်းချောင်စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက အောက်တိုဘာ ၈ ရက်တွင် ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက အောက်တိုဘာ ၈ ရက်က ရန်ကုန်သို့ သွားရောက်မည့်ယာဉ်များအား စစ်ဆေးခဲ့ရာ Mitsubishi Canter Light Truck တစ်စီး၊ Toyota Probox တစ်စီး၊ Honda Fit တစ်စီး၊ Toyota Wish တစ်စီးနှင့် Nissan X Trail တစ်စီး စုစုပေါင်း ငါးစီးမှာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ အဆိုပါယာဉ် ငါးစီး၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈ ဒသမ ၅၀၀ သန်းခန့်အား ဖမ်းဆီးမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် အဆိုပါစစ်ဆေးရေးစခန်းများကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၈ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးဆောင်ရွက်မှုတစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၁၂၉ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးဆောင်ရွက်မှု ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉ ဒသမ ၄၀၄ သန်းခန့်) စုစုပေါင်း တားဆီးဆောင်ရွက်ခဲ့မှု ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀ ဒသမ ၅၃၃ သန်းခန့်) ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**(ဝဝ၁)**

## ရပ်တန့်ထားခဲ့သည့် ယာဉ်နှစ်စီးအား ပိုင်ရှင်မဲ့သိမ်းဆည်း

**သထုံ အောက်တိုဘာ ၉**

မွန်ပြည်နယ် သထုံမြို့နယ် လိပ်အင်းရပ်ကွက် ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းပေါ်တွင် မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးအား လှည့်ကင်းဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်များက ယနေ့နံနက် ၅ နာရီခန့်က စစ်ဆေးရန် ရပ်တန့်ခိုင်းရာမှ မောင်းနှင်ထွက်ပြေးကာ သော့တန်းလန်းဖြင့် ရပ်တန့်ထားခဲ့ရာ ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သထုံမြို့မရဲစခန်းမှ သိရသည်။

"လှည့်ကင်းနဲ့တိုးတော့ အဖမ်းခံရမှာစိုးလို့ သော့တန်းလန်းထားခဲ့ပြီး ပြေးတာပေါ့။ ဘယ်ကလာတာလဲတော့ မပြောနိုင်သေးဘူး။ ဒီနှစ်ထဲမှာ ခုလိုပိုင်ရှင်မဲ့ ဖမ်းမိတာ စုစုပေါင်း ငါးစီးရှိပြီ"ဟု သထုံမြို့မရဲစခန်းမှူး ဒု-ရဲမှူးမောင်မောင်က ပြောသည်။

ဖြစ်စဉ်မှာ သထုံမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဆန်းဦးနှင့် တပ်ဖွဲ့ဝင်များသည် အများပြည်သူ လုံခြုံရေး၊ မှုခင်းကျဆင်းရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် လိပ်အင်းရပ်ကွက် ကျောင်းကုန်းကွေ့အနီးတွင် အဝေးပြေးလမ်းအတိုင်း မော်လမြိုင်မှ ရန်ကုန်သို့ မောင်းနှင်လာသော ယာဉ်အမှတ် 6N/---- မိုးပြာရောင်နှင့် 9K/---- ခဲရောင်ယာဉ် နှစ်စီးကို စစ်ဆေးရန် ရပ်တန့်ခိုင်းရာ မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံတားဆီးရာ မြေနီကုန်းကျေးရွာ အဝေးပြေးလမ်းဘေးတွင် အဆိုပါယာဉ်နှစ်စီးအား ယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ မတွေ့ရှိရဘဲ သော့တန်းလန်းဖြင့် ရပ်တန့်ထားသည်ကို စစ်ဆေးတွေ့ရှိရာ သက်သေများရှေ့တွင် ပိုင်ရှင်မဲ့ သိမ်းဆည်းခဲ့ကြောင်း သထုံမြို့မရဲစခန်းမှ သိရသည်။

အဆိုပါပိုင်ရှင်မဲ့ယာဉ်နှစ်စီးအား တရားဝင်မှတ်ပုံတင်ထားခြင်း ရှိ၊ မရှိကို သထုံခရိုင်(ကညန)ရုံးသို့ စုံစမ်းထားပြီး သထုံမြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သထုံမြို့မရဲစခန်းမှ သိရသည်။

**သက်ဦး(သထုံ)**




## သိန်းလေးရာကျော်တန်ဖိုးရှိသည့် WY ဆေးပြားများ သိမ်းဆည်းရမိ

**မြဝတီ အောက်တိုဘာ ၉**

ကရင်ပြည်နယ် မြဝတီမြို့ ရေလယ်ကျွန်းအား မြဝတီမြို့မရဲစခန်းမှူး ဦးစီးသည့် ပူးပေါင်းအဖွဲ့ဖြင့် ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါးရောင်းချသူ ခြောက်ဦးအား WY စိတ်ကြွဆေးပြား စုစုပေါင်း ၁၄၁၅၀ (ကာလတန်ဖိုးကျပ် ၄၂၄၅၀၀၀၀)၊ မော်တော်ယာဉ်နှင့် မြန်မာငွေစက္ကူ အပါအဝင် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

အောက်တိုဘာ ၈ ရက် နံနက် ၆ နာရီက မြဝတီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ မြဝတီမြို့ အမှတ်(၁)ရပ်ကွက် ရေလယ်ကျွန်းနေ မခင်မာအေး၏ နေအိမ်တဲအား ဝင်ရောက်ရှာဖွေရာ တဲအတွင်းဝင်ပေါက်တွင် ထောင်ထားသော အရှည် နှစ်ပေခွဲသံပိုက်လုံးတပ် ပုဆိန်အတွင်း အနက်ရောင် ကြွပ်ကြွပ်အိတ်ဖြင့် ထည့်ထားသော WY စိတ်ကြွဆေးပြား ၂၂ ပြားကိုလည်းကောင်း၊ ဆက်လက်ပြီး ဝဏ္ဏ(ခ)ဖြိုးတေဇ၏ နေအိမ်တဲအား ဆက်လက်ရှာဖွေရာ ၎င်း၏အိပ်ခန်း မြေကြီးအတွင်း ပလတ်စတစ်အိတ်ဖြင့် ထုပ်ကာမြှုပ်ထားသည့် WY စိတ်ကြွဆေးပြား ၁၈၀၀ ကိုလည်းကောင်း ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။



စစ်ဆေးချက်အရ မြဝတီမြို့ အလိုတော်ပြည့် (၄) လမ်းနေ စိုးမင်းအောင်(ခ) ရွှေကရင်အား ဖုန်းဖြင့် ဆက်သွယ်ကာ ရေလယ်ကျွန်းသို့ WY ဆေးပြား လာရောက်ပို့ဆောင်ပေးရန် ဆက်သွယ်ရာမှ နံနက် ၁၁ နာရီခန့်က ၎င်းနှင့်အတူ မဝင်းဝင်းသိန်း(ခ)သမီးငယ်တို့နှစ်ဦးအား WY ဆေးပြား ၄၀၀၀၊ မြန်မာငွေကျပ် သုံးသောင်းအပါအဝင် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်ပြီး ပူးပေါင်းအဖွဲ့က စိုးမင်းအောင်(ခ) ရွှေကရင်နှင့် မဝင်းဝင်းသိန်း(ခ)သမီးငယ်တို့ နှစ်ဦးအား စစ်ဆေးရာ မြဝတီမြို့နယ် မဲကနယ်ကျေးရွာ ကုန်သွယ်ရေးဇုန်အနောက်ဘက်နေ အိုက်စမ်းထံမှ ဝယ်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်၍ မွန်းလွဲ ၁၂ နာရီခွဲက ၎င်း၏နေအိမ်အား ဆက်လက်ရှာဖွေရာမှ WY ဆေးပြား ၆၃၃၄ ပြား မြန်မာငွေကျပ် ၂၉၅၀၀၀ နှင့် ပရာဒိုအမျိုးအစား ခဲရောင်ယာဉ်တစ်စီးအပါအဝင် ဆက်စပ်ပစ္စည်းများနှင့်အတူ သိမ်းဆည်းရမိခဲ့သည်။

အလားတူ အောက်တိုဘာ ၈ ရက် ညနေ ၄ နာရီ မိနစ် ၅၀ တွင် အဆိုပါပူးပေါင်းအဖွဲ့က မြဝတီမြို့ အမှတ်(၅)ရပ်ကွက်နေ စိန်ကျော်ဝင်း(ခ)ပေါက်ကု၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY ဆေးပြား ၁၉၉၄ ပြားအား ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

ထို့ကြောင့် မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိသူများနှင့် တစ်ဆင့်ရောင်းချခဲ့သူ ခင်မာအေး၊ ဝဏ္ဏ(ခ)ဖြိုးတေဇ၊ စိုးမင်းအောင်(ခ)ရွှေကရင်၊ ဝင်းဝင်းသိန်း(ခ)သမီးငယ်၊ အိုက်စမ်း၊ စိန်ကျော်ဝင်း (ခ)ပေါက်ကုတို့ ခြောက်ဦးအား သက်ဆိုင်ရာရဲစခန်းအသီးသီး၌ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ရန်ကုန်-မန္တလေး ကားလမ်းဟောင်းတွင် ကျွန်းသစ်ပရိဘောဂများ သိမ်းဆည်းရမိ

**ညောင်လေးပင် အောက်တိုဘာ ၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက တရားမဝင် ကျွန်းသစ် ပရိဘောဂများ တင်လာသော ယာဉ်တစ်စီးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ် (၉၉/၆) နှင့် (၉၉/၇)အကြား မြို့မ (၅)ရပ်ကွက် ညောင်လေးပင်မြို့၌ သတင်းအရ မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် သက်သေများက ယာဉ်များအား စစ်ဆေးဆောင်ရွက်နေစဉ် မန္တလေးမှ ရန်ကုန်သို့ ယာဉ်မောင်း နေဇာထွန်း မောင်းနှင်ပြီး ယာဉ်ပေါ်တွင် ဝင်းထွန်းနှင့် ဇော်မင်းတို့ လိုက်ပါလာသော ယာဉ်အမှတ် 2F/---- နစ်ဆန်းဒီဇယ် အမျိုးအစား အစိမ်းရောင် ၁၂ ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင် တင်ဆောင်လာသော မြေဩရေခွံအိတ်များဖြင့် ထည့်ထားသည့် ကျွန်းပရိဘောဂပစ္စည်း ၁ ဒသမ ၉၁၃၀ တန် (ကာလတန်ကြေး ၁၁၄၇၈၀၀ ကျပ်ခန့်တန်ဖိုး)ရှိ ကျွန်းပရိဘောဂများအား ရှာဖွေတွေ့ရှိခဲ့သဖြင့် မြို့နယ်သစ်တောဦးစီးဌာနသို့ သယ်ယူကာ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

■

# ရွှေပြည်တော် မျှော်တိုင်းမဝေးတော့ပါ









မေလဲ့သင်း ရေးသားသည်

အာရှဖလားခြေစစ်ပွဲအဖြစ် မြန်မာလက်ရွေးစင်အသင်းနဲ့ ကာဂျစ္စတန်အသင်းတို့ ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းကြီးထဲ အောက်တိုဘာ ၁၀ ရက် ယှဉ်ပြိုင်မှုကို ပရိသတ်တွေ ကြည့်ရှုခွင့်ရတော့မှာဖြစ်ပါတယ်။ ၂၀၁၉ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲ အုပ်စုပွဲစဉ်(၄)အဖြစ် ယှဉ်ပြိုင်မယ့် ဒီပွဲမှာ မြန်မာအသင်းအနေနဲ့ အိမ်ကွင်းအား၊ ပရိသတ်အားနဲ့ အနိုင်ယူပြီး ခြေစစ်ပွဲ အောင်မြင်ရေး မျှော်လင့်ချက်ကို ဆက်လက်ဆုပ်ကိုင်ဖို့လိုပါတယ်။

ကာဂျစ္စတန်နဲ့ မြန်မာအသင်းတို့ရဲ့ ပထမအကျော့ ကစားမယ့်ပွဲကို လုံခြုံရေးအခြေအနေကြောင့် ရွှေ့ဆိုင်းထားရတဲ့အတွက် ယခုကစားမယ့်ပွဲစဉ်ကို ဒုတိယအကျော့အဖြစ် ကစားတာဖြစ်ပါတယ်။ နှစ်သင်းစလုံးက အိန္ဒိယကို ရှုံးထားပေမယ့် မကာအိုကိုတော့ အနိုင်ယူပြီး သုံးမှတ်စီရထားကြပါတယ်။ ဒါပေမယ့် ဂိုးကွာခြားမှုအရ မြန်မာအသင်းက အသာရထားပြီး ဒုတိယနေရာမှာ ရပ်တည်နေတာကြောင့် မြန်မာအသင်းအနေနဲ့ အိမ်ကွင်းမှာ အမှတ်ပြည့်ရဖို့ကလွဲရင် ကျန်တဲ့ရလဒ်ထွက်လို့ မဖြစ်တဲ့ အနေအထားပါ။

ဒီခြေစစ်ပွဲအတွက် အကြိုပြင်ဆင်မှုတွေကိုလည်း ဆက်တိုက်လုပ်ဆောင်ထားခဲ့ပြီး အောက်တိုဘာ ၅ ရက် ထိုင်းအသင်းနဲ့ ခြေစမ်းပွဲယှဉ်ပြိုင်ခဲ့ရာမှာ မြန်မာက သုံးဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်သွားခဲ့ပါတယ်။ အဲဒီနေ့က ကစားပုံကိုကြည့်ပြီး သုံးသပ်ရရင် ထိုင်းအသင်းကောင်းလို့ထက် မြန်မာအသင်းရဲ့လိုအပ်ချက်တွေကြောင့် ရလဒ်ပိုင်း ဒီလောက်အထိ ပြတ်သွားခဲ့တာဖြစ်ပါတယ်။ ပရိသတ်အများစုက ဒီရလဒ်အတွက် ဂိုးသမား သီဟစည်သူနဲ့ မြန်မာနောက်တန်းကစားသမားတွေကို အပြစ်တင်ကြပေမယ့် ဗဟိုကွင်းလယ်ပိုင်းမှာကစားတဲ့ အသင်းခေါင်းဆောင် ရန်အောင်ကျော် ကစားအားကျနေပြီး ကျော်မင်းဦး ပါဝင်နိုင်မှု မရှိခြင်းက ဒီရလဒ်ကိုထွက်စေခဲ့တဲ့ အဓိကအဖြေလို့ ဆိုရပါမယ်။

မြန်မာအသင်းမှာ စိုးမြတ်မင်းလို နေရာစုံ (ကွင်းလယ်အဖျက်၊ ကွင်းလယ်တိုက်စစ်နေရာအပြင် လိုအပ်ရင် တိုက်စစ်တုကစားသမားလို့ခေါ်တဲ့ False Nine နေရာ)ကစားနိုင်တဲ့ကစားသမားမျိုး ထပ်မံပေါ်ထွက်မလာတော့ခြင်းကတော့ အားလျော့စရာပါ။ စိုးမြတ်မင်းအနေနဲ့ နောက်တန်းကစားသမားကနေ ကွင်းလယ်၊ ကွင်းလယ်ကနေ ရှေ့တန်း စသဖြင့် နေရာစုံကစားနိုင်တယ်ဆိုတာ နည်းပြတွေရဲ့ စမ်းသပ်သုံးစွဲမှုကနေ အစပြုရင်း သိလာတဲ့အဖြေပါ။ ဒါကြောင့် နည်းပြ ဂတ်ဆီဇီဘက်ကလည်း ကစားသမားတွေကို သူတို့ကစားနေကျနေရာတွေအပြင် ဘယ်နေရာတွေမှာ အကောင်းဆုံး ကစားနိုင်ဦးမလဲဆိုတဲ့ စမ်းသပ်သုံးစွဲမှုလုပ်ဖို့ လုပ်အပ်နေတယ်လို့ မြင်ပါတယ်။

အသင်းတစ်ခုမှာ ဗဟိုကွင်းလယ်ဟာ ရှေ့နောက်ချိတ်ဆက်ရာမှာ အင်မတန်မှအရေးပါသလို ပြိုင်ဘက်ရဲ့တိုက်စစ်ကို ဖြတ်တောက်ရာမှာလည်း အဓိကကျပါတယ်။ ကွင်းလယ်မှာ မာမာထန်ထန်ကစားနိုင်မယ့် ကစားသမားပျောက်ဆုံးနေခြင်းက မြန်မာအသင်းရဲ့ လက်ရှိ အဓိကအားနည်းချက်ဖြစ်နေပါတယ်။ တကယ်တော့ ကွင်းလယ်အဖျက်နေရာမှာကစားတဲ့ ကစားသမားဆိုတာ ကားတစ်စီးရဲ့အင်ဂျင်လိုပါပဲ။ သူက အရေးပါဆုံး အစိတ်အပိုင်းလို့ ဆိုရပါမယ်။ ရီးယဲလ်မက်ဒရစ်အသင်းရဲ့ ကက်စီမီရို၊ မန်ယူရဲ့ မာတစ်တို့လို ဗဟိုကွင်းလယ်ကစားသမားတွေဟာ အသင်းအတွက် ဘယ်လောက်အထိ အကျိုးပြုနိုင်တယ်ဆိုတာကို အများကြီး ရှင်းပြစရာ မလိုလောက်အောင် ခိုင်မာစေတဲ့ ဥပမာများပဲ ဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းဆိုရင် ၂၀၀၃ ခုနှစ်မှာ မက်ခီလီလီကို ချယ်လ်ဆီးအသင်းဆီ ထုတ်ရောင်းပြီး ဘက်ခမ်းကို ပြန်လည်ခေါ်ယူခဲ့ချိန်မှာ အလှပြသက်သက်ဖြစ်ခဲ့ကာ ဘာအောင်မြင်မှုမှ မရရှိတော့တဲ့အခြေအနေကို ရောက်သွားခဲ့ပါတယ်။

ဒီအတွက် လက်ရှိ ရီးယဲလ်နည်းပြ ဇီဒန်းကတောင် အင်ဂျင်မဲ့သွားတဲ့ကားဟာ ဘယ်လောက်ပဲ အပြင်ပန်းက လှပအောင် တန်ဆာဆင်ထားပါစေ မောင်းလို့မရဘူးပေါ့ဆိုပြီး သူအပါအဝင် ရီးယဲလ်ရဲ့ ကြယ်စင်စုကစားသမားတွေဟာ အသင်းကို ထင်သလောက်အထောက်အပံ့ပြုနိုင်မှုမရှိဘူးဆိုတာကို ဥပမာပေးပြီး ပြောကြားခဲ့ဖူးတယ်။ ဒါကြောင့်လည်း ဇီဒန်းက သူ ရီးယဲလ်နည်းပြတာဝန်ကို ယူတဲ့အချိန်မှာ အရင်က အန်စလော့တီ၊ ဘင်နီတက်ဇ်တို့ လက်ထက် နေရာမရခဲ့တဲ့ ကက်စီမီရိုကို နေရာပေး၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို အရန်ခုံပို့ပြီး ရီးယဲလ်ရဲ့ကစားကွက်မှာ ကွင်းလယ်အဖျက်ကစားသမားတစ်ဦးကို မဖြစ်မနေထည့်သွင်းခဲ့တာဖြစ်ပါတယ်။ ရီးယဲလ်တစ်ခေတ်ကို ထူထောင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ကွင်းလယ်မှာ ပြိုင်ဘက်တိုက်စစ်ကို ဖြတ်တောက်ကစားနိုင်တဲ့ စွမ်းရည်ဆိုတာ ကစားသမားတိုင်း မပိုင်ဆိုင်ကြဘဲ အချို့က ဗဟိုကွင်းလယ်နေရာတော့ ကစားနိုင်တယ်၊ ကွင်းလယ်အဖျက်သီးသန့်တော့ ကစားနိုင်ခြင်း မရှိပါဘူး။

နည်းပြ ဂတ်ဆီဇီရဲ့ လူထုတ်ပုံအပေါ် ဝေဖန်မှုတွေရှိပေမယ့် လူရွေးချယ်မှုဆိုတာ ရှိတဲ့အင်အားကိုကြည့်ပြီး ချမှတ်ရတာကြောင့် အဓိကပြဿနာက အသင်းသားတွေရဲ့ ချိတ်ဆက်မှုလျော့နည်းခြင်းလို့သာ ပြောရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ခြေစမ်းပွဲကို ခြေစမ်းပွဲလို သာသာလေးကစားနေတဲ့ ထိုင်းကို ပျာယာခတ်ပြီး အတင်းလိုက်ဖျက်၊ မလိုအပ်ဘဲ ပြစ်ဒဏ်တွေကျူးလွန်နေတယ်ဆိုတာ မဖြစ်သင့်သလို ကစားကွက်ကို အသေချာတည်ပြီး ပြိုင်ဘက် ဧရိယာထဲရောက်တာနဲ့ ဘယ်အနေအထားနဲ့ ဂိုးသွင်းရင်ရမလဲဆိုတဲ့ ဘောလုံးဦးနှောက်ပျောက်ဆုံးနေခြင်းက နည်းပြ ဂတ်ဆီဇီ မပြင်ပေးနိုင်သေးတဲ့ အချက်ပါ။

မြန်မာအသင်းကစားခဲ့တဲ့ ပွဲတွေကိုကြည့်ရင် ခြေစွမ်းညံ့လို့ဆိုတာထက် ကိုယ့်ထက်အင်အားကြီးတဲ့ အသင်းနဲ့တွေ့ရင် ဂိုးအရင်သွင်းထားမှ စိတ်ချရမယ်ဆိုတဲ့ပုံစံမျိုးနဲ့ ရလာတဲ့အခွင့်အရေးကို ဖြစ်သလိုအဆုံးသတ်နေကြတာတွေကိုသာ အခုထိတွေ့နေရဆဲပါပဲ။ ဒ့ါအပြင် မြန်မာအသင်းနောက်ထပ်လိုအပ်ချက်ကတော့ အသင်းလိုက် စုစည်းမှုလျော့နည်းခြင်းပါပဲ။ ဒါကြောင့် ဗဟိုတိုက်စစ်နေရာမှာကစားတဲ့ ကျော်ကိုကိုဆိုရင် တစ်ခါတစ်ရံ ပြိုင်ဘက်နောက်တန်းနား တစ်ယောက်တည်း ဖြစ်နေသလို ကွင်းလယ်ပိုင်းက ဘောလုံးရလာရင် နောက်တန်းကိုပြန်ပေးပြီး အပေးအယူ ခဏခဏ ဆိုင်းငံ့နေတာတွေကို ပြင်ဆင်မယ်ဆိုရင်တော့ မြန်မာအသင်းအနေနဲ့ မျှော်မှန်းထားသလောက် ရလဒ်ထွက်လာပါလိမ့်မယ်။

ယခု ကာဂျစ္စတန်နဲ့ပွဲဟာ နည်းပြ ဂတ်ဆီဇီရဲ့ အနာဂတ်အတွက်လည်း အရေးပါတာဖြစ်လို့ နည်းပြဘက်ကတော့ အစွမ်းကုန်အားထုတ်သွားမယ့်သဘောရှိပါတယ်။ နည်းပြ ဂတ်ဆီဇီလက်ထက်မှာ မြန်မာအသင်းကစားပုံ တိုးတက်လာပေမယ့် ရလဒ်ကတော့ ကောင်းတစ်ခါ မကောင်းတစ်လှည့်ဖြစ်နေတယ်ဆိုတာကလည်း မေ့ထားလို့မရတဲ့အချက်ပါ။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF )က မြန်မာ့ဘောလုံးလောက တိုးတက်ရေးအတွက် ပညာရေးဝန်ကြီးဌာန၊ အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့နဲ့ ဆွေးနွေးမှုတွေ ဆက်တိုက်လုပ်ဆောင်နေတာကို တွေ့ခဲ့ရပါတယ်။ ဆိုလိုတာကတော့ ဘောလုံးအဖွဲ့ချုပ်ဟာ လူရွေးချယ်မှုမှာ အောက်ခြေအထိဆင်းပြီး ရွေးထုတ်သွားတော့မှာပါ။ ဒီအတွက် ကျောင်းတွေမှာ ကစားကွင်းတွေ လိုအပ်မှာဖြစ်သလို ကျောင်းအချိန်ဇယားရေးဆွဲရာမှာ အားကစားချိန်တွေကို မဖြစ်မနေထည့်သွင်းရမှာတွေကို မြင်တွေ့ရဖို့ရှိနေပါပြီ။ ဒါပေမယ့် မိဘတွေဘက်ကလည်း ကျောင်းစာသင်ခန်းထဲမှာပဲထားမှ ကလေးတွေ အနာဂတ်ရှိတယ်ဆိုတဲ့ ခေတ်ဟောင်းက ယူဆချက်တွေလည်း ချန်ထားဖို့လိုပါတယ်။

မြန်မာအသင်း ရလဒ်ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရဲ့ အားထုတ်မှုခြေလှမ်းတွေကတော့ သိသာထင်ရှားပါတယ်။ မြန်မာနိုင်ငံမှာ မရှိခဲ့ဖူးတဲ့ ပရော်ဖက်ရှင်နယ်လိဂ်ပေါ်ပေါက်လာအောင် ကြိုးစားခဲ့တာတွေ၊ ဒီလိဂ်ပြိုင်ပွဲကြီး ရပ်မသွားအောင် ကျားကန်ပေးထားတာတွေ၊ ဘောလုံးအကယ်ဒမီသုံးကျောင်း ပေါ်ပေါက်လာတာတွေ၊ ခုလို ဝန်ကြီးဌာနတွေနဲ့ပေါင်းပြီး ကျောင်းစာသင်ခန်းထဲက ရွက်ပုန်းသီးလေးတွေကို ဘောလုံးကွင်းဆီ လာချင်အောင် ကြိုးပမ်းလာခြင်းကတော့ ချီးကျူးပေးဖို့ လျစ်လျူမရှုသင့်တဲ့ကိစ္စရပ်တွေပါ။ ဒါကြောင့် နောင် ၁၀ နှစ်၊ အနှစ် ၂၀ ဆိုရင် မြန်မာ့ဘောလုံးက ရွှေပြည်တော် မျှော်တိုင်းဝေးနေတဲ့အနေအထားကို ချန်ထားရစ်နိုင်ပြီလို့ ဆိုရမှာဖြစ်ပါတယ်။ ။

၁၉၆၇ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) (Association of Southeast Asian Nations -ASEAN) သည် ၂၀၁၇ ခုနှစ်တွင် နှစ်ပေါင်း (၅၀) ပြည့်မြောက်ခဲ့သည့်အတွက် အာဆီယံအဖွဲ့ကြီး၏ ရွှေရတုအခမ်းအနားကို ကျင်းပနိုင်တော့မည်ဖြစ်ပါသည်။ ယခုနှစ်အတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌသည် ဖိလစ်ပိုင်နိုင်ငံဖြစ်သည့်အတွက် ဖိလစ်ပိုင်နိုင်ငံကဦးဆောင်ပြီး အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပသွားရန်ရှိပါသည်။ အဆိုပါအာဆီယံအဖွဲ့ကြီး၏အကြောင်းကို စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦးက အာဆီယံ နှစ်(၅၀) ခရီးအမည်ဖြင့် ရေးသားထားသည်များကို ကြေးမုံစာဖတ်ပရိသတ်များအတွက် အခန်းဆက်ဆောင်းပါးများအဖြစ် ဖော်ပြလိုက်ပါသည်။ (စာတည်း)



# အာဆီယံ နှစ်(၅၀)ခရီး

ASEAN 50
PHILIPPINES 2017
PARTNERING FOR CHANGE,
ENGAGING THE WORLD



အာဆီယံသည် အရှေ့တောင်အာရှဒေသကို အပြည့်အဝ ကိုယ်စားပြုသည့် အဖွဲ့အစည်းကြီးဖြစ်သည်

**ယခင်အပတ်မှ အဆက်**

**(တ) နိုင်ငံတကာဆက်ဆံရေးနှင့် အာဆီယံ၏အရေးပါမှု**

အာဆီယံ+၃ လုပ်ငန်းစဉ်တွေကနေ ထပ်မံပေါ်ထွက်လာတဲ့ ဆွေးနွေးပွဲကတော့ အရှေ့အာရှထိပ်သီးအစည်းအဝေး (The East Asia Summit-EAS) ဖြစ်ပါတယ်။ ပထမဆုံးအကြိမ် အရှေ့အာရှထိပ်သီးအစည်းအဝေးကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှာ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ကျင်းပခဲ့ပါတယ်။ ပထမအကြိမ် အစည်းအဝေးမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရယ်၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ နယူးဇီလန်နဲ့ အိန္ဒိယနိုင်ငံတို့ ပါဝင်ခဲ့ပြီး ၂၀၁၁ ခုနှစ် နိုဝင်ဘာလအတွင်း အင်ဒိုနီးရှားနိုင်ငံ ဘာလီမှာကျင်းပခဲ့တဲ့ ဆဋ္ဌမအကြိမ် အရှေ့အာရှထိပ်သီး အစည်းအဝေးမှာ ရုရှားနိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့ ပါဝင်လာခဲ့ပါတယ်။

ရုရှားနိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့ အရှေ့အာရှထိပ်သီး အစည်းအဝေးမှာ မပါဝင်လာသေးချိန်မှာ အရှေ့အာရှထိပ်သီးအစည်းအဝေးတွေနဲ့ အာဆီယံက ဦးဆောင်ဦးရွက်ပြုတဲ့ အခြားလုပ်ငန်းစဉ်တွေရဲ့ အရေးပါမှုကို ဆက်လက်ထိန်းသိမ်းထားဖို့နဲ့ အစည်းအဝေးဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စတွေကို အာဆီယံနိုင်ငံက အဆင့်မြင့်အရာရှိကြီးတွေဟာ စတင်ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ဖြစ်ပါတယ်။ အထူးသဖြင့် အာဆီယံဒေသဆိုင်ရာဆွေးနွေးပွဲ(ASEAN Regional Forum-ARF) မှာ အာဆီယံအဖွဲ့ကြီးဟာ အဓိကမောင်းနှင်အားတစ်ရပ်အဖြစ် ဘယ်လိုဆက်လက်ရပ်တည်သွားမလဲဆိုတာနဲ့ အာဆီယံ+၃ အစည်းအဝေးတွေမှာ တရုတ်နိုင်ငံနဲ့ ဂျပန်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မယ့် အခြေအနေတွေကို ဘယ်လိုဖန်တီးဖော်ဆောင်ပေးမလဲဆိုတဲ့ အချက်တွေ ဖြစ်ပါတယ်။

ကနဦးမှာတော့ အာဆီယံရဲ့ စိတ်ပူပန်မှုက နိုင်ငံခြားဆက်ဆံရေးလုပ်ငန်းစဉ်တွေ တိုးတက်လာစေရေးပဲ ဖြစ်ပါတယ်။ အဖွဲ့ကြီးရဲ့ ဦးဆောင်မှုနဲ့ စတင်တဲ့ လုပ်ငန်းစဉ်တွေ၊ အထူးသဖြင့် အရှေ့အာရှထိပ်သီးအစည်းအဝေး၊ အာဆီယံဒေသဆိုင်ရာ ဆွေးနွေးပွဲ၊ အာဆီယံ+၃ လုပ်ငန်းစဉ်တွေမှာ မိတ်ဖက်နိုင်ငံတွေနဲ့ ပြည်ပနိုင်ငံတွေရဲ့အားပေးထောက်ခံမှုနဲ့ သူတို့ရဲ့အကျိုးစီးပွားတွေကို မထိခိုက်စေဖို့လိုအပ်တယ်ဆိုတာ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအားလုံး သိမြင်နားလည်ကြပါတယ်။ ၂၀၁၀ ပြည့်နှစ်မှာ အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး (ASEAN Defense Ministers' Meeting-ADMM) ဆိုပြီး ထပ်မံပေါ်ထွက်လာခဲ့ပါတယ်။

> “ အာဆီယံရဲ့ဦးဆောင်မှုနဲ့စတင်တဲ့ လုပ်ငန်းစဉ်တွေမှာ အာဆီယံအနေနဲ့အရေးပါတဲ့ ဦးဆောင်အခန်းကဏ္ဍကနေ ဆက်လက်ပါဝင်သွားဖို့ မျှော်မှန်းချက်ရှိနေတယ်ဆိုတာကို အာဆီယံပဋိညာဉ်စာတမ်းရဲ့ စာပိုဒ် ၄၁၊ အပိုဒ်ခွဲ ၃ မှာ - အာဆီယံဟာ သူ့ရဲ့ဦးဆောင်အစီအစဉ်နဲ့စတင်တဲ့ ဒေသဆိုင်ရာ လုပ်ငန်းစဉ်တွေမှာ အဓိကမောင်းနှင်အားတစ်ရပ် . . . ”

အာဆီယံရဲ့ ဦးဆောင်မှုနဲ့စတင်တဲ့ လုပ်ငန်းစဉ်တွေမှာ အာဆီယံအနေနဲ့ အရေးပါတဲ့ ဦးဆောင်အခန်းကဏ္ဍကနေ ဆက်လက်ပါဝင်သွားဖို့ မျှော်မှန်းချက် ရှိနေတယ်ဆိုတာကို အာဆီယံပဋိညာဉ်စာတမ်းရဲ့ စာပိုဒ် ၄၁၊ အပိုဒ်ခွဲ ၃ မှာ -အာဆီယံဟာ သူ့ရဲ့ဦးဆောင်အစီအစဉ်နဲ့စတင်တဲ့ ဒေသဆိုင်ရာ လုပ်ငန်းစဉ်တွေမှာ အဓိကမောင်းနှင်အားတစ်ရပ်အဖြစ် ဆက်လက်ရပ်တည်သွားပြီး ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနဲ့ အသိုက်အဝန်းတည်ထောင်ရေးလုပ်ငန်းစဉ်တွေမှာ အရေးပါတဲ့ ဗဟိုချက်နေရာမှာ ဆက်လက်တည်ရှိဆောင်ရွက်သွားမှာဖြစ်တယ်” လို့ ဖော်ပြထားပါတယ်။

၂၀၀၈ ခုနှစ် ဇွန်လအတွင်း ဖြစ်ပွားခဲ့တဲ့ဖြစ်စဉ်နှစ်ခုဟာ အာဆီယံနိုင်ငံများအကြား စိုးရိမ်ပူပန်မှုတွေဖြစ်ပေါ်စေခဲ့သလို အာဆီယံအဆင့်မြင့်အရာရှိတွေအကြားမှာလည်း အာဆီယံရဲ့လုပ်ငန်းစဉ်တွေမှာ အမှားအယွင်းတွေရှိနေ၊ မနေနဲ့ အာဆီယံရဲ့ဆွဲဆောင်နိုင်မှု ကျဆင်းလာနေမှု ရှိ၊ မရှိတို့ကို ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြရပါတယ်။ ပထမဖြစ်စဉ်ကတော့ အာဆီယံကို ဘေးရောက်သွားစေနိုင်မယ့် အာရှ-ပစိဖိတ်အသိုက်အဝန်းတစ်ရပ် (Asia-Pacific Community-APC) တည်ထောင်ရေးအတွက် ဩစတြေးလျဝန်ကြီးချုပ် ကယ်ဗင်ရဒ်က အဆိုပြုခဲ့ခြင်းဖြစ်ပါတယ်။ ဝန်ကြီးချုပ် ကယ်ဗင်ရဒ်ရဲ့ အမြင်က အာရှ-ပစိဖိတ်ဒေသအတွင်း အသိုက်အဝန်းတည်ထောင်ရေးလုပ်ငန်းရပ်တွေမှာ အာဆီယံအဖွဲ့ကြီး ထက်စာရင် ဩစတြေးလျနိုင်ငံက ပိုမိုကောင်းမွန်တဲ့ အနေအထားမှာရှိတယ်လို့ ယူဆခြင်းဖြစ်ပါတယ်။ သို့သော်လည်း သူ့ရဲ့အယူအဆအပေါ် နိုင်ငံတကာရဲ့ အလေးထားမှုကို မရရှိခဲ့ဘဲ အာရှ-ပစိဖိတ်အသိုက်အဝန်းတည်ထောင်ရေးအယူအဆဟာလည်း မှေးမှိန်ခဲ့ပါတယ်။ အာဆီယံဟာ ဒေသတွင်းနဲ့ နိုင်ငံတကာဆွေးနွေးမှုတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်တွေအတွက် ဆွေးနွေးမှုတွေကို စီစဉ်ညှိနှိုင်းဆောင်ရွက်ရာမှာ စွမ်းဆောင်မှု အထက်မြက်ဆုံးအဖွဲ့အစည်းတစ်ခု မဟုတ်သော်ငြားလည်း ထောက်ခံမှုအရရှိထားဆုံး အဖွဲ့အစည်းတစ်ခုဖြစ်တယ်ဆိုတာကို ဖော်ပြလျက်ရှိနေပါတယ်။

ဒုတိယဖြစ်စဉ်တစ်ခုကတော့ တရုတ်၊ ဂျပန်နဲ့ တောင်ကိုရီးယားနိုင်ငံတွေက နိုင်ငံခြားရေးဝန်ကြီးတွေဟာ ၃-နိုင်ငံပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်တွေကို နိုင်ငံခြားရေးဝန်ကြီးအဆင့်ကနေ ထိပ်သီးအစည်းအဝေးအဆင့်အထိ တိုးမြှင့်သွားဖို့ ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်ပါတယ်။ ၃-နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးရဲ့ ပထမဆုံးအကြိမ် ထိပ်သီးအစည်းအဝေးကို ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် ဖူကူအိုကာမြို့မှာ ၂၀၀၈ ခုနှစ်အတွင်း လက်ခံကျင်းပပေးခဲ့ပါတယ်။ အကယ်၍များ တရုတ်၊ ဂျပန်နဲ့ တောင်ကိုရီးယားနိုင်ငံတို့ဟာ ထိပ်သီးအစည်းအဝေးအဆင့်တွေ ပုံမှန်ကျင်းပပြီး ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုအရှိန်မြှင့်ဆောင်ရွက်လာနိုင်ခဲ့ရင် သူတို့တွေအနေနဲ့ အာဆီယံ+၃ အစည်းအဝေးတွေမှာလာပြီး အချိန်ကုန်၊ အရင်းအနှီးစိုက်ထုတ်ပြီး ဆက်လက်ပါဝင်ဆောင်ရွက်ဖို့ စိတ်ဝင်စားမှု လျော့နည်းလာတော့မှာကို အာဆီယံနိုင်ငံတွေ စိုးရိမ်ခဲ့ကြပါတယ်။ သို့သော်လည်း တရုတ်၊ ဂျပန်နဲ့ တောင်ကိုရီးယား ၃-နိုင်ငံအကြား လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက်ရရှိရေးဆိုင်ရာ ဆွေးနွေးမှုတွေဟာ ထင်ထားသလောက် ခရီးမပေါက်သေးတဲ့အတွက် သူတို့တွေအနေနဲ့ အာဆီယံ+၁နဲ့ အာဆီယံ+၃ လုပ်ငန်းစဉ်တွေမှာ ဆက်လက်ပါဝင် ဆောင်ရွက်သွားကြရမယ့် အနေအထားမှာသာ ရှိနေသေးတာကို တွေ့မြင်နိုင်ပါတယ်။

အာဆီယံရဲ့အရေးပါမှုနဲ့ ဗဟိုချက်နေရာမှာ တည်ရနေမှုအပေါ် ခြိမ်းခြောက်လာတဲ့အခြေအနေတွေကို တုံ့ပြန်နိုင်ဖို့ ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၂၀ ရက်မှာ အာဆီယံပဋိညာဉ်စာတမ်းကို အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။ အာဆီယံပဋိညာဉ်စာတမ်းဟာ အသိုက်အဝန်းတည်ထောင်ရေးမှာ တရားဝင်အခြေခံအုတ်မြစ်သစ်တစ်ရပ်ကို ချမှတ်ပေးနိုင်ခဲ့သလို အဖွဲ့အစည်းဆိုင်ရာ မူဘောင်တွေကိုလည်းပိုမိုခိုင်မာလာစေခဲ့ပါတယ်။ တစ်နည်းအားဖြင့် အာဆီယံအသင်းကြီးဟာ အဖွဲ့ဝင်နိုင်ငံတွေရဲ့ ဥပဒေနဲ့အညီအစိုးရအချင်းချင်းဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်ရဲ့ တရားဝင်ဥပဓိရုပ် (Legal Personality) ကို ပထမဆုံးအကြိမ် ရရှိလာခဲ့ခြင်းပဲဖြစ်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**

# စစ်ကိုင်းမြို့မှပြုလုပ်သည့် မြန်မာ့ရိုးရာအရုပ်များ

**စစ်ကိုင်း အောက်တိုဘာ ၉**

မြန်မာ့လူမှုနယ်ပယ်တွင်ရှေးယခင်ကတည်းက နှစ်သက်မြတ်နိုးစွာဝယ်ယူခဲ့သောစက္ကူဖြင့်ပြုလုပ်သည့် မြန်မာ့ရိုးရာအရုပ်ကလေးများကို စစ်ကိုင်းမြို့တွင် ပြုလုပ်သည်။မြန်မာ့ရိုးရာ ၁၂ လရာသီပွဲများနှင့် နာမည်ကြီး ဘုရားစေတီများတွင်စက္ကူဖြင့် ပြုလုပ်သည့်အရုပ်မျိုးစုံကို အမြဲရောင်းချလေ့ရှိသည်။

ထိုအရုပ်ကလေးများမှာ ဖိုးဝရုပ်၊ ပစ်တိုင်းထောင်ရုပ်၊ ဇီးကွက်ရုပ်နှင့်အတူ အခြားအရုပ်ကလေးများပင်ဖြစ်သည်။ ဇီးကွက်ရုပ်ကိုမူ လာဘ်ကောင်ဟုယူဆကာ ဝယ်ယူချိတ်ဆွဲလေ့ရှိသည်။ ပစ်တိုင်ထောင်ရုပ်ကိုမူ လောကဓံမမှုဘဲ ခေါင်းမော့ရင်ကော့သည့်အရုပ်၊ သတ္တိခွန်အားပေးသည့်အရုပ်အဖြစ်ဝယ်ယူပေးလေ့ရှိသည်။ အရုပ်များမှာအရောင်တောက်တောက်များအသုံးပြုပြီး ခြယ်သထားသည့်အတွက် ကလေးငယ်များကို အထူးဆွဲဆောင်အောင် ပြုလုပ်ထားသည်။

မန္တလေးမြို့အနီးတွင် ရောင်းချသောစက္ကူအရုပ်မျိုးစုံကို စစ်ကိုင်းမြို့အဘယစေတီတောင်ဘက်ရှိ ကနားတော်ရွာနှင့် အဘယစေတီအနောက်ဘက်တွင်ရှိသော ဂုံညင်းတောင်ရွာတွင် အများဆုံးပြုလုပ်ပြီး ဒေသအနှံ့ ဖြန့်ချိပေးလျက်ရှိသည်။

အနာဂတ်ကာလတွင် မြန်မာ့ရိုးရာ စက္ကူရုပ်ကလေးများ ဈေးကွက်ထိန်းထားနိုင်ရန်အတွက် နည်းပညာအဆင့်မြှင့်တင်ခြင်းများ၊ စိတ်ဝင်စားဖွယ် အားမာန်တက်ကြွဖွယ်စာများ ရေးထိုးခြင်းများကို ပြုလုပ်သင့်ကြောင်း အရုပ်ရောင်းချသူတစ်ဦးက သုံးသပ်ပြောကြားသည်။

**နွေနဒီ(မြစ်ငယ်)**



ကြေးမုံ



# ချမ်းအေးသာစံမြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံ



**ချမ်းအေးသာစံ အောက်တိုဘာ ၉**

မန္တလေး ချမ်းအေးသာစံမြို့နယ် လွှတ်တော်အဆင့်ဆင့်မှလွှတ်တော်ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများတွေ့ဆုံပွဲကို အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ် သီရိဟေမာ အရှေ့ရပ်ကွက်ရှိ မဟာလောကရံသီ အိမ်တော်ရာစေတီ ၁၄ ခန်း ဓမ္မဗိမာန်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမျိုးနိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဒေါက်တာစိုးသန်းတို့က လွှတ်တော်အတွေ့အကြုံများ၊ ပြည်သူတို့၏ လိုအပ်ချက်များကို လွှတ်တော်သို့ တင်ပြဆောင်ရွက်နေမှုများ၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ချမ်းအေးသာစံမြို့နယ် အနောက်ခြမ်း ၁၀ ရပ်ကွက်မှ ပြည်သူများက ဒေသအလိုက်ဖွံ့ဖြိုးရေးဆိုင်ရာလိုအပ်ချက်များ၊ ဌာနဆိုင်ရာနှင့် ပတ်သက်သည့်အခက်အခဲများကိုတင်ပြရာ လွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းဆွေးနွေး၍ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။ ချမ်းအေးသာစံ အရှေ့ခြမ်း ၁၀ ရပ်ကွက်မှ ပြည်သူများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံပွဲကို ညနေ ၄ နာရီတွင် ကန်ကောက်ရပ်ကွက် မာန်အောင်ရတနာဓာတုယရဝါခင်းကုန်းဘုရားဝင်း ရတနာဓမ္မဗိမာန်တွင်လည်း ကျင်းပခဲ့ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# ကောင်းဇင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

**ငါန်းဇွန် အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ကောင်းဇင်ကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ သောင်းသိန်းသန်းကုဋေထွန်း ပညာသင်ကျောင်းဆောင်သစ်ဖွင့်လှစ်ပွဲအခမ်းအနားကို အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ သောင်းသိန်းသန်းကုဋေထွန်း ပညာသင်ကျောင်းဆောင်သစ်အား တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သဲစုဝေ၊ တိုင်းဒေသကြီး NLD ပါတီ ဒု-ဥက္ကဋ္ဌ ဒေါ်ဝင်းမြမြနှင့် အလှူရှင်မိသားစုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ကျောင်းဆောင်အတွင်း၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်လွင်လွင်သန်းက အမှာစကားပြောကြားပြီး ကောင်းဇင်ကျေးရွာ ဘုရားကြီးကျောင်းတိုက်ဆရာတော် ဦးဇာဂရက ကျောင်းဆောင်သစ် ဖွင့်လှစ်ရခြင်းအတွက် ဝမ်းမြောက်ပါကြောင်း ဩဝါဒမြွက်ကြားသည်။ ဆက်လက်၍ ကျောင်းသားတစ်ဦးက ကျောင်းဆောင်သစ်တိုးမြှင့်ဖွင့်လှစ်ရခြင်းကြောင့် အကျိုးကျေးဇူးများရရှိကြောင်းနှင့် အလှူရှင် ဦးကျော်သိန်းနှင့် ဒေါ်သန်းသန်းနု၊ ဦးထွန်းရွှေနှင့် ဒေါ်ခင်ဌေး၊ မသန်းသန်းနု၊ မသန်းသန်းနွဲ့ မိသားစုတို့အား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး အလှူရှင်မိသားစုက ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# မြင်းခြံမြို့တွင် ဓမ္မစကူး သုံးနှစ်ပြည့် စုံညီပွဲတော်ကျင်းပ

**မြင်းခြံ အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ဓမ္မစကူး သုံးနှစ်ပြည့် စုံညီပွဲတော်ကို ကုက္ကိုတောရ ပရိယတ္တိစာသင်တိုက်နှင့် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂)၏ ဘောလုံးကွင်းအတွင်း အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

မြင်းခြံမြို့နယ်တွင် ဓမ္မစကူးကျောင်းများဖွင့်လှစ်သင်ကြားပေးနေသည်မှာ သုံးနှစ်ပြည့်မြောက်၍ သုံးနှစ်ပြည့် ဓမ္မစကူးစုံညီပွဲတော်ကိုကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပေါခင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးလတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ မြင်းခြံမြို့နယ် ဓမ္မစကူးကော်မတီတာဝန်ခံဆရာတော် ဘဒ္ဒန္တပဏ္ဍိဝံသတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်၊ ဓမ္မစကူးဗဟိုဥက္ကဋ္ဌဆရာတော်တို့က ဩဝါဒစကားမြွက်ကြားခြင်း၊ အလုပ်ရုံဆွေးနွေးပွဲရလဒ်များတင်ပြ အစီရင်ခံခြင်း၊ မြို့နယ်အတွင်းရှိ ဓမ္မစကူးကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများက သီဆိုကပြဖျော်ဖြေခြင်းနှင့် နိုင်ငံကျော်တေးသံရှင်များနှင့် တွဲဖက်သီဆိုကပြခြင်းတို့ ပြုလုပ်ခဲ့သည်။

မြင်းခြံမြို့နယ်၏ သုံးနှစ်ပြည့် ဓမ္မစကူးစုံညီပွဲတော်ကို မြင်းခြံမြို့ပေါ်နှင့် ကျေးရွာဓမ္မစကူးကျောင်းသားကျောင်းသူများ၊ လာရောက်ကြသည့်ပြည်သူများကိုလည်း နိဗ္ဗာန်စျေးပွဲတော်ခင်းကျင်း၍ အစားအစာများကို စတုဒိသာ တည်ခင်း ကျွေးမွေးကြကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ပွင့်ဖြူမြို့နယ်၌ ပြည်ထောင်စုဘတ်ဂျက် ကျပ်သန်း ၂၅၀၀ အသုံးပြု၍ မုန်းချောင်းကူးတံတား အသစ်တစ်စင်းဆောက်လုပ်နေ

**ပွင့်ဖြူ အောက်တိုဘာ ၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ခွင့်ပြုယာဉ်တန်ချိန် ၆၀ ထိ ခံနိုင်ဝန်ရှိပြီး ပေ ၃၀ အကျယ် မုန်းချောင်းဖြတ်ကူးတံတားအသစ်တစ်စင်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်ကျပ်သန်း ၂၅၀၀ ဖြင့် ဆောက်လုပ်နေကြောင်း သိရသည်။

ဆောက်လုပ်မည့်တံတားသစ်အနီးတွင် ပေ ၁၃၁၂ ရှည်ပြီး သက်တမ်း ၁၉ နှစ်ရှိသည့် မုန်းချောင်းတံတားဟောင်း(ပွင့်ဖြူ) တည်ရှိပြီး တံတား၏ခံနိုင်ဝန်နှင့် မော်တော်ယာဉ်များ သွားလာမှုအခက်အခဲများကြောင့် ယခုတံတားသစ်ကို တည်ဆောက်ရခြင်းဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်မှ မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်းက ပြောသည်။

"ပြည်ထောင်စုဘတ်ဂျက် ရန်ပုံငွေကျပ်သန်း ၂၅၀၀ နဲ့ တံတားသစ်တည်ဆောက်ဖို့ တံတားအထူးအဖွဲ့(၅)ကို တာဝန်ပေးအပ်ထားတယ်လို့ သိရပါတယ်။ ၂၀၁၇ ခုနှစ် မေလ ကစတင်ပြီး လုပ်ငန်းတွေဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၈ ခုနှစ် မတ်လ အကုန်မှာ ပြီးစီးမှာပါ"ဟု ဦးတင့်ဆန်းက ဆိုသည်။



ယခင်တံတားဟောင်းမှာ RC ရေလယ်တိုင်ဖြင့် ၁၉၉၈ ခုနှစ် မတ် ၃၁ ရက်တွင် ဆောက်လုပ်ခဲ့သည့် တစ်လမ်းသွား ဘေလီတံတားအမျိုးအစားဖြစ်ပြီး တံတားသစ်မှာ လူသွားလမ်းအကျယ် ၃ ပေ၊ နှစ်ဖက်ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ Substructure လုပ်ငန်း၊ တံတားအရှည်ပေ ၁၃၀၀၊ အောက်ခံအုတ်မြစ် 1.2m Bored Pile တံတားကိုယ်ထည် သံကူကွန်ကရစ် ကမ်းကပ်ခုံနှင့် ရေလယ်တိုင် တံတားအပေါ်ထည် 100' PC Girder သံကူကွန်ကရစ် ကြမ်းခင်း၊ လက်ရန်းတို့ ပါဝင်သည်။

မုန်းချောင်းတံတား(ပွင့်ဖြူ) တည်ဆောက်ခြင်းလုပ်ငန်း ပန္နက်တင်မင်္ဂလာ အခမ်းအနားကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက ကျင်းပခဲ့ပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နွယ်ဦး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးစိုးမြင့်တို့က မင်္ဂလာပန္နက်တင်ခြင်းနှင့် အမွှေးနံ့သာရည် ပက်ဖျန်းခြင်းများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ **ဇေယျာတု(မကွေး)**



# ရွှေတောင်ဦး အာယုဒါန သွားနှင့်ခံတွင်းအထူးကုဆေးခန်းသို့ သွားနှင့်ခံတွင်း နယ်လှည့်ကုသရေး မော်တော်ယာဉ်လှူဒါန်း

**စစ်ကိုင်း အောက်တိုဘာ ၉**

သံဃာတော်များ၊ သီလရှင်များနှင့် ကျေးလက်ပြည်သူများအား သွားနှင့်ခံတွင်းရောဂါများအား အခမဲ့ကုသပေးသော စစ်ကိုင်းမြို့ ရွှေမင်းဝံရပ်ကွက်ရှိရွှေတောင်ဦး အာယုဒါန သွားနှင့် ခံတွင်းအထူးကုဆေးခန်းသို့ ကုသရေးမော်တော်ယာဉ်လှူဒါန်းပွဲကို အောက်တိုဘာ ၈ ရက် နံနက် ၁၀ နာရီက အဆိုပါ အထူးကုဆေးခန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး သံဃနာယကအဖွဲ့(ရွှေကျင်)ဥက္ကဋ္ဌ ရတနာဓဝံဆရာတော်အမှူးပြုသော ဆရာတော်များ ကြွရောက်ပြီး စစ်ကိုင်းမြို့မိမြို့ဖများ၊ ရွှေတောင်ဦးအာယုဒါန သွားနှင့် ခံတွင်းအထူးကုဆေးခန်းကြီးကြပ်မှုကော်မတီဝင်များ၊ အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

ရွှေတောင်ဦးအာယုဒါန သွားနှင့်ခံတွင်းအထူးကုဆေးခန်းကို ၂၀၁၄ ခုနှစ် ဇွန် ၂၉ ရက်တွင် စစ်ကိုင်းမြို့ ရွှေမင်းဝံရပ်ကွက်တွင် ဖွင့်လှစ်ခဲ့ပြီး နှစ်စဉ်ဂျပန်နိုင်ငံမှသွားဘက်ဆိုင်ရာ ဆရာဝန်များလာရောက်ကုသပေးခြင်း၊ မန္တလေးမြို့မှ သွားဘက်ဆိုင်ရာဆရာဝန်များမှ စနေ၊ တနင်္ဂနွေရက်များတွင် သံဃာတော်များ၊ သီလရှင်များ၊ ဒေသခံပြည်သူများအား ကုသပေးရာ သုံးနှစ်တာကာလအတွင်း သံဃာနှင့်သီလရှင် ၇၁၀ ပါး၊ ဒေသခံပြည်သူ ၆၀၀၀ ခန့်တို့အား သွားနှင့်ခံတွင်းရောဂါများ ကုသပေးခြင်း၊ သွားတုလုပ်ပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ နယ်လှည့်ကုသရေးယာဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ ဆက်လက်သွားရောက်၍ ကုသပေးမည်ဖြစ်သည်။ **မောင်ပြည်သူ(မန္တလေး)**

# အာရှနိုင်ငံများနှင့် ဗုဒ္ဓဘာသာ အဖွဲ့ချုပ် ဖွဲ့စည်းရန် ဆောင်ရွက်သွားမည်



**ရန်ကုန် အောက်တိုဘာ ၉**
မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်းမှ ဦးဆောင်၍ ပထမအကြိမ် အာရှနိုင်ငံများနှင့် ဗုဒ္ဓဘာသာအစည်းအဝေးကြီးကို အောက်တိုဘာ ၁၂ ရက်နှင့် ၁၃ ရက်တွင် ကျင်းပသွားမည်ဟု အောက်တိုဘာ ၉ ရက် ညနေပိုင်းက မရမ်းကုန်းမြို့နယ်ရှိ ဇမ္ဗူသီရိဗိမာန်တော်၌ ပြုလုပ်ခဲ့သော ပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အဆိုပါအစည်းအဝေးတွင် အာရှဗုဒ္ဓဘာသာအဖွဲ့ချုပ်၏ ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တ ဣန္ဒိဗလအား အထွေထွေအတွင်းရေးမှူးအဖြစ်လည်းကောင်း ရွေးချယ်ထားသည်ဟု သိရသည်။

"ဘာသာတွေအသီးသီးမှာ ကမ္ဘာ့အဖွဲ့ချုပ်တွေရှိတယ်။ ဒီဗုဒ္ဓဘာသာတစ်ခုပဲ အဖွဲ့ချုပ်ဆိုတာ မရှိဘူး။ အဲဒါကြောင့် ဂိုဏ်းကြီးနှစ်ဂိုဏ်းဖြစ်တဲ့ ထေရဝါဒနဲ့ မဟာယနပေါင်းပြီး အာရှဗုဒ္ဓဘာသာအဖွဲ့ချုပ် ဖွဲ့စည်းဖို့ ဆောင်ရွက်တာဖြစ်တယ်။ ဒီအဖွဲ့ချုပ်ဖြစ်လာဖို့ နိုင်ငံ ၁၀ နိုင်ငံက ဆရာတော်တွေကို ဖိတ်ကြားထားတယ်။ အားလုံးနဲ့ပူးပေါင်းပြီး အာရှနိုင်ငံတွေက ခေါင်းညိတ်လောက်တဲ့ အသင်းအဖွဲ့အကြီးအဖြစ် ဆောင်ရွက်မယ်။ အစည်းအဝေးပြီးသွားလို့ ဆုံးဖြတ်ချက်ပေါ်မူတည်ပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာပါ"ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဒေါက်တာ ခင်ရွှေက ပြောသည်။

အဆိုပါ ဗုဒ္ဓဘာသာအစည်းအဝေးကြီး မြန်မာနိုင်ငံတွင် ကျင်းပနိုင်ရန်အတွက် အာရှနိုင်ငံများမှ ဗုဒ္ဓဘာသာ ဂိုဏ်းပေါင်းစုံဆရာတော်များကို ပင့်ဖိတ်ထားပြီး ရန်ကုန်မြို့ ကရဝိတ်ဟိုတယ်တွင် ဗုဒ္ဓဘာသာအစည်းအဝေးကြီးကို နှစ်ရက်ကြာ ကျင်းပသွားမည်ဟု သိရသည်။

အာရှဗုဒ္ဓဘာသာအဖွဲ့ချုပ်အဖြစ် ဖွဲ့စည်းနိုင်ရန် လိုအပ်သည့်အခြေခံဥပဒေ စည်းမျဉ်းစည်းကမ်းများကိုလည်း ထိုင်းနိုင်ငံရှိ ဗုဒ္ဓဘာသာတက္ကသိုလ်နှင့်ပူးပေါင်းကာ ရေးဆွဲလျက်ရှိကြောင်း သိရသည်။ အာရှနိုင်ငံများတွင် မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ အများဆုံးကိုးကွယ်သည့် နိုင်ငံဖြစ်ပြီး သာသနာ့ဝန်ထမ်း ခြောက်သိန်းခန့်ရှိကြောင်း သိရသည်။ ထိုင်းနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှု ဒုတိယအများဆုံးဖြစ်ပြီး သာသနာ့ဝန်ထမ်း တစ်သိန်းကျော်ရှိကြောင်း သိရသည်။

**သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**



## မိုးဗြဲဆည်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

**ဖယ်ခုံ အောက်တိုဘာ ၉**
ဖယ်ခုံမြို့နယ်အင်းထိန်းသိမ်းရေးကော်မတီမှ ဖယ်ခုံအင်းအတွင်း ငါးကောင်ရေ တစ်သိန်းနှစ်သောင်းစိုက်ထည့်ပွဲကို အောက်တိုဘာ ၇ ရက် နံနက် ၁၀ နာရီက နောင်လိုင်ကျေးရွာအုပ်စု လဝဲ့ကျေးရွာ အင်းစပ်ငါးမျိုးထိန်းသိမ်းရေးနယ်မြေ၌ ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ရာတွင် ရှမ်းပြည်နယ် ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်းအေးမောင်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသော ဖယ်ခုံမြို့နယ်အင်းထိန်းသိမ်းရေးကော်မတီမှ ဖယ်ခုံအင်း (မိုးဗြဲဆည်)အတွင်း ပဥ္စမအကြိမ်အနေဖြင့် ငါးကောင်ရေ တစ်သိန်းနှစ်သောင်း စိုက်ထည့်ပေးခြင်းဖြစ်ကြောင်းသိရသည်။

ဖယ်ခုံအင်းအတွင်းငါးမျိုးစိုက်ထည့်ရာတွင် မြို့နယ်အင်းထိန်းသိမ်းရေးကော်မတီမှ ထိုင်းငါးခုံးမကောင်ရေ တစ်သိန်းနှင့် ငါးကြင်းဖြူ ကောင်ရေနှစ်သောင်း စုစုပေါင်းငါးမျိုးကောင်ရေတစ်သိန်းနှစ်သောင်းကို လဝဲ့ကျေးရွာ၏ သတ်မှတ်ထားရှိသော ငါးမျိုးထိန်းသိမ်းရေးနယ်မြေတွင် ငါးမျိုးများစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်းအေးမောင်နှင့် ဖယ်ခုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအန်းဂျေလို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရေလုပ်သားများတက်ရောက်ခဲ့သည်။

အင်းအတွင်းသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး အင်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးခွန်းအေးမောင်၏ ဦးဆောင်မှုဖြင့် ၂၀၁၇ ခုနှစ်အတွင်း ဖယ်ခုံအင်း(မိုးဗြဲဆည်)အတွင်းသို့ ငါးမျိုးကောင်ရေ စုစုပေါင်း ရှစ်သိန်းစိုက်ထည့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုထွေး(ဖယ်ခုံ)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်း

**မိုင်းဆတ် အောက်တိုဘာ ၉**
ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး (မွမ်းမံ) သင်တန်း (၁/၂၀၁၇)ဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီက အဆိုပါရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသား ထူးချွန်ဆုများပေးအပ်ချီးမြှင့်ရာ ပထမဆုရ တပ်စုမှူးခင်မောင်တိုးအား ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းကလည်းကောင်း၊ ဒုတိယဆုရ တပ်ကြပ်ရှာမွေလှအား အကျဉ်းဦးစီးဌာနဦးစီးအရာရှိ ဦးအောင်ဆန်းလင်းကလည်းကောင်း၊ တတိယဆုရ တပ်သားဆာသေးအား မြို့နယ်လဝကဦးစီးမှူး ဦးဝင်းထွန်းကလည်းကောင်း ဆုများအသီးသီးချီးမြှင့်သည်။

ထို့နောက် မိုင်းဆတ်ခရိုင်မီးသတ်တပ်ဖွဲ့မှူး ဦးဇော်နိုင်ဝင်းက သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားများကိုယ်စား တပ်သားဘာနပအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့်ပြည်နယ်အသက်(၂၅)နှစ်အောက်စားပွဲတင်တင်းနစ်ပြိုင်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**
၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် အုပ်စုပွဲစဉ်ပြိုင်ပွဲများကို အောက်တိုဘာ ၉ ရက် နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(C)၌ ကျင်းပသည်။



ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက ယခုပြိုင်ပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲမှ တစ်ဆင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်မည့် ထူးချွန်ထက်မြက်သော သွေးသစ် စားပွဲတင် တင်းနစ်အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေးအတွက် ကျင်းပရခြင်းဖြစ်ပါကြောင်း၊ လျင်မြန်ဖျတ်လတ်မှု လိုအပ်သည့်အတွက် လူငယ်များနှင့် အလွန် လိုက်ဖက်ညီသည့်အပြင် လူကြီးများအနေနှင့်လည်း ကိုယ်လက်လှုပ်ရှားမှု မပြင်းထန်ဘဲ ကစားနိုင်သည့် အားကစားနည်းဖြစ်ပါကြောင်း၊ ယနေ့ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများအနေဖြင့် မိမိတို့၏ပင်ကိုစွမ်းရည် အရည်အချင်းများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး မိမိတို့ကိုယ်စားပြုသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသင်း အောင်နိုင်ရေးအတွက် အနိုင်မခံ အရှုံးမပေးဘဲ ဇွဲစိတ်ဓာတ်အပြည့်ဖြင့် သန့်ရှင်းစွာ ယှဉ်ပြိုင်ကစားစေလိုပါကြောင်း၊ ပြိုင်ပွဲတွင် ကြီးကြပ်သည့် ဒိုင်လူကြီးများအနေဖြင့် ဘက်လိုက်မှုကင်းရှင်းပြီး ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများအတိုင်း တရားမျှတစွာ ဆုံးဖြတ် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အဆင့်မှ နိုင်ငံတော်က အားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် စားပွဲတင်တင်းနစ် အားကစားသမားကောင်းများဖြစ်လာအောင် ကြိုးစားသွားကြရန် ပြောကြားသည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် အမှုဆောင်တို့သည် ပြိုင်ပွဲဝင်အသင်းများအား လိုက်လံ နှုတ်ဆက်ကြပြီး အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဦးကျော်ကျော်နှင့် အမှုဆောင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အသင်း အုပ်ချုပ်သူနည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၅)နှစ်အောက် စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အမျိုးသား ၁၅ သင်း၊ အမျိုးသမီး ၁၂ သင်းတို့မှ အားကစားသမား စုစုပေါင်း ၁၁၃ ဦးသည် အောက်တိုဘာ ၉ ရက်မှ ၁၃ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)တွင် နေ့စဉ်နံနက် ၉ နာရီမှ စတင်ပြီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မောင်မောင်ဇော်**

## ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုသင်တန်းဖွင့်

**လားရှိုး အောက်တိုဘာ ၉**
ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုသင်တန်းကို လားရှိုးမြို့ သစ်တောဦးစီးဌာနအတွင်းရှိ ချယ်ရီခန်းမဆောင်၌ အောက်တိုဘာ ၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင်ရှမ်းပြည်နယ်မြောက်ပိုင်း(လားရှိုး) တွဲဖက်ပြည်နယ်ဦးစီးမှူး ဦးထွန်းကြည်က ပြည်သူပူးပေါင်းပါဝင်သောနည်းစနစ်ဖြင့် သစ်တောစီမံအုပ်ချုပ်ခြင်းကဏ္ဍ(Participatory Forest Management) တွင် ဒေသခံပြည်သူတို့၏အရေးပါမှုကို ပိုမိုသိစေရန်၊ ဒေသတွင်းသစ်တောစိုက်ခင်းလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာတိုးပွားစေရန်၊ သမားရိုးကျပြည်သူများ (Conventional People) မှ လူမှုဝန်ထမ်းပြည်သူများ (Social People) အဖြစ်လုပ်ဆောင်နိုင်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်းပြောကြားသည်။

ပထမဆုံးအကြိမ်ပြုလုပ်သော အဆိုပါသင်တန်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ လားရှိုး၊ သိန်းနီ၊ ကွတ်ခိုင်၊ ကျောက်မဲ၊ သီပေါ၊ နောင်ချို၊ ကွမ်းလုံ၊ မူဆယ်၊ နမ့်ခမ်း၊ မိုးမိတ်၊ မဘိမ်း၊ ဟိုပန်မြို့နယ်များမှ သင်တန်းသား ၂၂ ဦးတက်ရောက်ကြပြီး သစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့် ပျိုးဥယျာဉ်ပညာရပ်များကို သစ်တောအရာထမ်းအမှုထမ်းများက သင်ကြားဆွေးနွေးမည်ဖြစ်သည်။

သင်တန်းကို အောက်တိုဘာ ၉ ရက်မှ ၁၃ ရက်အထိ ငါးရက်ကြာ သင်ကြားပေးမည်ဖြစ်ပြီး သမားရိုးကျသင်ကြားခြင်းမျိုးမဟုတ်ဘဲ ပူးပေါင်းလုပ်ဆောင်သောနည်းလမ်း၊ အပြန်အလှန်ဆွေးနွေးသောနည်းလမ်းများဖြင့် သင်ကြားပေးသွားမည်ဖြစ်သည်ဟု လားရှိုးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးကျော်မင်းက ပြောသည်။

**မမ(လားရှိုး)**

## ကင်းထောက်သင်တန်းဆင်းပွဲ စဉ့်ကိုင်မြို့နယ်တွင် ကျင်းပ

**စဉ့်ကိုင် အောက်တိုဘာ ၉**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်၌ ကင်းထောက်သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၉ ရက် နံနက် ၉ နာရီက အ-ထ-က စဉ့်ကိုင်၌ ကျင်းပခဲ့သည်။

အစီအစဉ်အရ ကင်းထောက်ကြီးဦးရဲအောင်တင်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးသန်းထွန်းက ကင်းထောက်သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ရာ မန္တလေးခရိုင် ပညာရေးမှူး ကင်းထောက်ဆရာမကြီး ဒေါ်အိအိခင်က ကင်းထောက်လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး အနာဂတ်အတွက် သားကောင်းသမီးမွန်များဖြစ်ပေါ်လာစေပြီး နိုင်ငံတော်အတွက် အားထားရသောကင်းထောက်လူငယ်မောင်မယ်များ ပေါ်ထွန်းလာမှာဖြစ်ကြောင်းရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက်ကင်းထောက်သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၀၀ တက်ရောက်ခဲ့ကြောင်းသိရသည်။

**ဝင်းဝင်းသန်း(ပြန်/ဆက်)**

ကြေးမုံ

အောက်တိုဘာ ၁၀၊ ၂၀၁၇

# ရိုးရိုးယဉ်ယဉ် ဝတ်ဆင်လည်းပဲ လှပါသည်

မောင်သောင်းဝင်း(တမန်ဟောင်း)

တနင်္ဂနွေနေ့နံနက်စောစော ရုံးမှအပြန် အိမ်ရှေ့အရောက်တွင် မြင်ကွင်းတစ်ခုကြောင့် မျက်လုံးကျယ်သွားရသည်။ တခြားမဟုတ်ချေ။ ပေါင်ရင်းအထိရောက်နေသောဖင်ကျပ်ဘောင်းဘီတိုနှင့် အင်္ကျီလက်တိုဝတ်ထားသောအသက် (၂၅) နှစ်ခန့် မိန်းကလေးတစ်ဦးကိုတွေ့လိုက်ရသောကြောင့်ဖြစ်သည်။ အဆွေစာရှုသူအဖို့ ထိုမြင်ကွင်းမျိုးသည် ရိုးကောင်း၊ ရိုးနေမည်ထင်ပါသည်။ သို့သော် စာရေးသူတို့ နေထိုင်သောအဝန်းအဝိုင်းတွင် ထိုမြင်ကွင်းမျိုးကိုတွေ့ရခဲ၊ မြင်ရခဲသည်။ နောက်တစ်ချက်က ထိုမိန်းကလေးသည် ဆွမ်းလာပို့ခြင်းဖြစ်သည်။ ထိုလမ်းတစ်လျှောက်တွင်လည်း အမျိုးသားများသန့်ရှင်းရေးလုပ်နေကြသည်။

ထိုမိန်းကလေးနေထိုင်သောနေရာသည် မြန်မာနိုင်ငံဖြစ်ပါသည်။ အထူးသဖြင့် ဝန်ထမ်းများနေထိုင်သောအဝန်းအဝိုင်းတစ်ခုလည်းဖြစ်နေသည်။ နောက်တစ်ချက် ဗုဒ္ဓဘာသာမြန်မာများအတွက် အထွတ်အမြတ်ထားသည့် ဘုရားသွား၊ကျောင်းတက်လုပ်သည့်အချိန်လည်းဖြစ်နေသည်။ သို့သော် ထိုမိန်းကလေးသည် ပေါင်ရင်းအထိရောက်နေသော ဘောင်းဘီဖင်ကျပ်နှင့်အင်္ကျီလက်တိုအကျပ်တို့ကိုဝတ်ထားသည်။ ပို၍ဆိုးသည်မှာ ဝတ်စုံသည်ပါးလှပ်လွန်းလှသည်။ ကာယကံရှင်မိန်းကလေးစိတ်ထဲတွင် မည်သို့ရှိနေမည်မသိ။ တွေ့ရ မြင်ရသူအဖို့ မျက်စိရှက်မိသည်မှာ အမှန်ပင်ဖြစ်သည်။

**လျှပ်ပေါ်လော်လည်သောဝတ်စားဆင်ယင်မှု**

'တောင်းမှာအကွပ်လူမှာအဝတ်' ဆိုသောစကားကို မြန်မာမှုနယ်ပယ်၌ တွင်ကျယ်စွာ ပြောဆိုလေ့ရှိကြသည်။ အဝတ်အစားသည် လူတစ်ဦးအတွက် များစွာအရေးပါလျက်ရှိသည်။ နွေ၊ မိုး၊ ဆောင်းဥတုသုံးလီတွင် ရာသီဥတုဒဏ်ခံနိုင်ရန်အတွက်သင့်တင့်သည့်အဝတ်အထည်များကိုဝတ်ဆင်ကြရသည်။ အထူးသဖြင့် ကျန်းမာရေးနှင့် ညီညွတ်စွာဝတ်စားဆင်ယင်နိုင်ရေးသည် များစွာအရေးပါလျက်ရှိသည်။ ကာလံဒေသံကိုလိုက်၍ သူ့နေရာနှင့်သူဝတ်ဆင်တတ်ရန်လည်းလိုအပ်သည်။ ဂုဏ်သရေရှိလူတန်းစားများသည် ဝတ်စားဆင်ယင်မှု လျှပ်ပေါ်လော်လည်သူများကို အထင်အမြင်သေးကြသည်။

**ရိုးရာဝတ်စုံများ**

ကမ္ဘာဦးလူသားတို့သည် ခန္ဓာကိုယ်အရှက်တရားကို သစ်ရွက်၊သစ်ခက်များဖြင့် လုံအောင်ဖုံးခဲ့ကြရသည်။ ထို့နောက် သားကောင်များ၏ အမွေး၊အတောင်များ၊သားရေများကိုအဝတ်အထည်အဖြစ်ချုပ်လုပ်ဝတ်ဆင်လာကြသည်။ယဉ်ကျေးမှုထွန်းကားလာချိန်တွင်ခေတ်မီချည်ထည်များဖြင့် အဝတ်အထည်များ ရက်လုပ်နိုင်ခဲ့ကြသည်။ လူတို့နေထိုင်ရာဒေသနှင့်ရာသီဥတုပေါ်မူတည်၍ ဝတ်စားဆင်ယဉ်မှုပုံစံများ ကွဲပြားသွားကြသည်။ မည်သို့ပင်ဆိုစေကာမူ နိုင်ငံအလိုက်၊ လူမျိုးအလိုက် တန်ဖိုးထားသည့် ရိုးရာယဉ်ကျေးမှုဝတ်စုံများကို တီထွင်လာကြသည်။ သာဓကအနေဖြင့် ဂျပန်၊ တောင်ကိုရီးယား၊ မွန်ဂိုလီးယားနှင့် အာဖရိကနိုင်ငံများ၏ရိုးရာဝတ်စုံများသည်လူသိများထင်ရှားကြသည်။ ထိုနည်းတူစွာ မြန်မာတို့၏ အမျိုးသားဝတ်စုံဖြစ်သည့်တိုက်ပုံအင်္ကျီ၊ ကျက်သရေခေါင်းပေါင်းနှင့်တောင်ရှည်ပုဆိုးတို့ကိုလည်း ကမ္ဘာလှည့်ခရီးသွားများ ခုံမင်ကြသည်။

> “နိုင်ငံအလိုက်၊ လူမျိုးအလိုက် တန်ဖိုးထားသည့် ရိုးရာယဉ်ကျေးမှုဝတ်စုံများကို တီထွင်လာကြသည်။ သာဓကအနေဖြင့် ဂျပန်၊ တောင်ကိုရီးယား၊ မွန်ဂိုလီးယားနှင့် အာဖရိကနိုင်ငံများ၏ ရိုးရာဝတ်စုံများသည်လူသိများထင်ရှား . . . ထိုနည်းတူစွာ မြန်မာတို့ အမျိုးသားဝတ်စုံဖြစ်သည့် တိုက်ပုံအင်္ကျီ၊ ကျက်သရေခေါင်းပေါင်းနှင့် တောင်ရှည်ပုဆိုးတို့ကိုလည်း ကမ္ဘာလှည့်ခရီးသွားများ ခုံမင် . . .”

**ရှေးမြန်မာအမျိုးသမီးများ**

ရှေးမြန်မာအမျိုးသမီးများ၏ဝတ်စားဆင်ယင်မှုသည် ကျက်သရေရှိလှသည်။ ချိတ်ထဘီနှင့် ရင်ဖုံးအင်္ကျီသည် မြန်မာအမျိုးသမီးတို့၏ကိုယ်ပိုင်ဟန်ကိုယ်ပိုင်ဝတ်စုံပင်ဖြစ်သည်။ အထူးသဖြင့် မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုသည်လုံခြုံမှုရှိသည်။ ယခင်က မြန်မာအမျိုးသမီးများသည် “ဟိရိဩတ္တပ” ကြီးမားလွန်းသည်။ ခြေသလုံးသားကိုပင် လှစ်ဟပြလေ့မရှိချေ။ သွားလာနေထိုင်မှုနှင့် ပြောဆိုမှုဟန်ပန်တို့သည်လည်းသိုသိပ်လွန်းလှသည်။ ထို့ကြောင့် 'မြန်မာမိန်းကလေးတို့၏ကွန္ဒြေရွှေပေးလို့မရ' ဆိုသောစကားရှိနေခြင်းဖြစ်သည်။ သို့သော် လက်ရှိအချိန်တွင် မြန်မာအမျိုးသမီးတို့၏ စစ်မှန်သော ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပုံစံသည် တဖြည်းဖြည်းမှေးမှိန်လာလျက်ရှိပေသည်။ ဤပုံစံအတိုင်းသာသွားမည်ဆိုလျှင် မြန်မာဆန်ဆန် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပုံစံ ကွယ်ပျောက်သွားနိုင်ပါသည်။ အချိန်မီဝိုင်းဝန်းထိန်းသိမ်းသွားသင့်ပါသည်။

**အနုပညာရှင်များ၏ဝတ်စားဆင်ယင်မှုပုံစံ**

ထိုသို့မြန်မာ့ယဉ်ကျေးမှုကိုဝိုင်းဝန်းထိန်းသိမ်းရာတွင် အနုပညာရှင်များသည် များစွာအရေးပါသူများဖြစ်ကြသည်။ ပြည်သူများ၊အထူးသဖြင့်ဆယ်ကျော်သက်အရွယ်များသည် သူတို့ချစ်ခင်အားပေးသော အနုပညာရှင်များ၏ ဝတ်စားဆင်ယင်မှု၊ပြောဆိုမှု ဟန်ပန်များအတိုင်း လိုက်လံဝတ်ဆင် ပြောဆိုပြုမူတတ်ကြသည်။ ဆိုလိုသည်မှာ အတုမြင်အတတ်သင်ခြင်းဖြစ်သည်။ တချို့သော အနုပညာရှင်များ၏ ဝတ်စားဆင်ယင်ပုံ၊ ပြောဆိုပုံနှင့်ပြုမူ နေထိုင်မှုပုံစံများသည် မြန်မာ့ယဉ်ကျေးမှုနှင့်ဆန့်ကျင်လျက်ရှိကြသည်။ ထိုသို့မပေါ်တပေါ် ဝတ်ဆင်ရသည်ကိုပင် ဂုဏ်ယူနေကြပြန်သည်။ စိတ်မချမ်းမြေ့ဖွယ်ရာပင်ဖြစ်သည်။ တချို့သော နာမည်ကြီးမင်းသမီးများသည် ဘောင်းဘီရှည်ချက်ပြုတ်နှင့် ဗိုက်သားအားလုံးကိုမြင်ရသည့် ချက်ပေါ်အင်္ကျီများကို ပေါ်ပေါ်တင်တင် ဝတ်ဆင်လာကြသည်။ တစ်ခါတစ်ရံ အတွင်းခံဘောင်းဘီကိုပင် ဖော်ထားကြသည်။ ထိုဝတ်စားဆင်ယင်မှုပုံစံသည် ရာဇဝတ်မှုကိုဖိတ်ခေါ်သလိုဖြစ်နေသည်။ နာမည်ကြီးလိုမှုအတွက် ထိုသို့မလုပ်သင့်ပေ။ သရုပ်ဆောင်မှုတွင် အရည်အချင်းသာရှိနေမည်ဆိုလျှင် ပရိသတ်များက အားပေးကြမည်ဖြစ်သည်။ အနုပညာရှင်များသည် ပြည်သူများ၏ စံပြပုဂ္ဂိုလ်များဖြစ်ကြသည်။ လူငယ်များသည် မင်းသား၊ မင်းသမီးများ၏ ဝတ်စားဆင်ယင်မှုပုံစံ၊ ပြောဆိုပြုမူ ပုံစံများကို အတုခိုးတတ်ကြသည်။ ထို့ကြောင့် မြန်မာမှန်လျှင် မြန်မာဆန်ဆန်ဝတ်ဆင်စေချင်ပါသည်။

**ယဉ်ကျေးမှုရေစီးကြောင်း**

လက်ရှိအချိန်တွင် တစ်ကမ္ဘာလုံးဆက်စပ်ပြောင်းလဲဖြစ်ပေါ်တိုးတက်လျက်ရှိနေသည်။ ထိုအကျိုးဆက်ကြောင့် ယဉ်ကျေးမှုရေစီးကြောင်းသည် ကမ္ဘာ့တစ်နေရာမှတစ်နေရာသို့ တံခါးမရှိ၊ ဓားမရှိ အရှိန်အဟုန်ဖြင့် စီးဆင်းဝင်ရောက်နေသည်။ ထိုယဉ်ကျေးမှု ရေစီးကြောင်းထဲတွင် အဆိပ်အတောက်များလည်းရောပါလာနိုင်ပါသည်။ ဆိုလိုသည်မှာ ပြတင်းပေါက်ဖွင့်ထားမည်ဆိုလျှင် လေကောင်းလေသန့်နှင့်အတူဖုန်မှုန့်များလည်းပါလာတတ်ပါသည်။ နုလုံးသားနုနယ်သောလူငယ်များ၊အထူးသဖြင့်မြန်မာအမျိုးသမီးငယ်လေးများသည် အတုမြင်အတတ်သင်တတ်ပါသည်။ မြန်မာ့ယဉ်ကျေးမှုနှင့်မလိုက်ဖက်သော လျှပ်ပေါ်လော်လည်သည့် ဝတ်စားဆင်ယင်မှုများ၊ အဂါရဝဆန်သောပြောဆိုပြုမူနေထိုင်မှုပုံစံများသည် မြန်မာလူငယ်ထုအတွင်းသို့ ကင်ဆာရောဂါကဲ့သို့ စိမ့်ဝင်ကူးစက်ပျံ့နှံ့လျက်ရှိသည်။ ဝိုင်းဝန်းထိန်းသိမ်းမှုမရှိလျှင်လူငယ်များသည် အတုခိုးမှားပြီးလမ်းမှားသို့ပင် ရောက်စေနိုင်ပါသည်။

> “ခေတ်ဆန်လွန်းသော ဝတ်စားဆင်ယင်မှုများသည် မြန်မာတို့၏ ယဉ်ကျေးမှုကို ဖုံးလွှမ်းလာနိုင် . . . မြန်မာမိန်းကလေးတစ်ဦးသည် မြန်မာဆန်ဆန်သာ ဝတ်ဆင်ထားမည်ဆိုလျှင် တွေ့ရမြင်ရသူတို့ ရှုမဝဖြစ်နေ . . .”

**ရုပ်သံမီဒီယာများ၏အခန်းကဏ္ဍ**

ဒီမိုကရေစီခေတ်တွင်ရုပ်သံမီဒီယာများအပေါ်ဖြေလျှော့မှုများရှိလာသည်။ အချို့သော စီးပွားရေးသမားများသည် ထိုအချက်အပေါ်လိုသည်ထက်ပိုကာအခွင့်အရေးယူလာကြသည်။ စီးပွားရေးဆန်လွန်းလှသည့် ပွင့်လင်းလွန်းလှသော ရုပ်သံလိုင်းများသည် ကိုရီးယား၊ တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ဂျပန်၊ အမေရိကန်၊ အင်္ဂလိပ်စသည့် နိုင်ငံပေါင်းစုံမှ ဇာတ်လမ်းတွဲများကို အပြိုင်အဆိုင်ထုတ်လွှင့်နေကြသည်။ ထိုဇာတ်လမ်းတွဲများတွင် ဇာတ်ဆောင်များသည် အတို၊ အကွဲ၊ အကျပ်၊ အဟိုက်များကိုသာဝတ်ဆင်ထားကြသည်။ အမျိုးသမီးများသည် အမျိုးသားများနှင့်အပြိုင် စားသောက်ဆိုင်ထိုင်ကာ အရက်သောက်ကြသည်။ ညဉ့်နက်သန်းခေါင်ကျော်အထိ မူးကြသည်။ တည်းခိုခန်းသွားကြသည်။ အိမ်ထောင်ရှင်များသည် အပြန်အလှန်ဖောက်ပြန်ကြသည်။ ထိုဓလေ့စရိုက်သည် သူတို့ဆီက ယဉ်ကျေးမှုလားဟုပင်ထင်ရပါသည်။

**အတုခိုးမမှားသင့်**

မြန်မာမိန်းကလေးများ၊အထူးသဖြင့်အိမ်ထောင်ရှင်အမျိုးသမီးများသည် ထိုဓလေ့စရိုက်မျိုးကိုသာ အတုခိုးလာမည်ဆိုလျှင် ရင်လေးစရာပင်ဖြစ်သည်။ လက်ရှိအချိန်တွင်တချို့သောလူငယ်များသည် စတင်အတုခိုးနေကြပြီဖြစ်သည်။ အသက်အရွယ်ရလာသည့်အချို့သော အိမ်ထောင်ရှင်များသည်ပင်လျှင် ထိုဇာတ်လမ်းတွဲများက ဇာတ်ဆောင်များကဲ့သို့ ပြုမူလာကြသည်။ မြန်မာ့ယဉ်ကျေးမှုနှင့်ဖီလာဆန့်ကျင် ပြုမူနေထိုင်လာကြသည်။ တစ်လင်တစ်မယားစနစ်ကိုစွဲမြဲစွာလိုက်နာပြီး ရိုးမြေကျပေါင်းသင်းသည်မှာမြန်မာလူမျိုးများသာဖြစ်ကြသည်။ မြန်မာ့လူမှုအသိုက်အဝန်းတွင် လူမှုရေးဖောက်ပြန်သူများကိုနှာခေါင်းရှုံ့ကြသည်။ မိမိအိမ်သို့ ထိုသူများလာမည်ကို ပင်ကြောက်ကြသည်။

တချို့သောမြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုပုံစံသည် ရဲတင်းလွန်းလှသည်။ ပေါင်လယ်အထိရောက်နေသောစကတ်အတို၊ အကွဲများကိုဝတ်ဆင်လာကြသည်။ ထိုစကတ်အတိုဖြင့် ယောက်ျားစီးမော်တော်ဆိုင်ကယ်ကို ခွစီးကြသည်။ ရှေ့ကကြည့်လျှင်မမြင်ချင်အဆုံးပင်ဖြစ်သည်။ ရင်သားမပေါ်တပေါ် လည်ဟိုက်အင်္ကျီကို ဝတ်ဆင်လာကြသည်။ ယဉ်ကျေးသိမ်မွေ့သော မြန်မာအမျိုးသမီးများသည် ထဘီကိုသာ ခုံမင်စွာဝတ်ဆင်ကြသည်။ သို့သော်ဝမ်းနည်းစရာကောင်းသည်မှာ တချို့သော မြန်မာသမီးပျိုများ၊ ခေတ်ရှေ့ပြေးနေသည့် အမျိုးသမီးများသည် စကတ်အတိုများ၊ ပေါင်ရင်းအထိရောက်သည့် ဘောင်းဘီတိုများကို ဝတ်ဆင်လာကြသည်။ တမင်သက်သက်များပြလာသလားဟုပင်ထင်ရသည်။ မမြင်သင့်သောအရာ၊ တန်ဖိုးရှိသောအရာများကို ထုတ်ဖော်ပြခြင်းသည် မိမိ၏တန်ဖိုးကိုချနေခြင်းဖြစ်သည်။ ထိုသို့ဝတ်စားဆင်ယင်ထားသူကို မြင်သူ၊ ကြည့်သူများကအထင်သေးကြသည်။ တချို့သောသူများသည် အထင်အမြင်ပင် မှားတတ်ကြသည်။ ဆိုလိုသည်မှာ အပျော်အပျက်မိန်းကလေးဟုပင် ထင်တတ်ကြသည်။

**မိဘများ၏တာဝန်**

'သား၊ သမီး မကောင်း မိဘခေါင်း' ဆိုသောစကားကို မြန်မာမှုနယ်ပယ်၌ တွင်ကျယ်စွာပြောဆိုလေ့ရှိကြသည်။ ဆိုလိုသည်မှာ တချို့သောမိဘများ၏သွန်သင်ပြသမှုအားနည်းခြင်းတို့ကြောင့် သား၊ သမီးများသည် လမ်းမှားကိုရောက်ကြရခြင်းဖြစ်သည်။ ထို့ကြောင့်မိဘများသည် သား၊ သမီးများကို ငယ်စဉ်ကတည်းကစနစ်တကျပြုစုပျိုးထောင်ရန်လိုအပ်ပေသည်။ လူမှုကျင့်ဝတ်အပြောင်အပြောအဆို၊အပြုအမူနှင့် ဝတ်စားဆင်ယင်မှု ပုံစံတို့ကိုလည်း စနစ်တကျသင်ပြပေးသင့်သည်။ တချို့သောမိဘများသည် သား၊ သမီးများကို လမ်းမှားရောက်အောင် တွန်းပို့တတ်ကြသည်။ ဆိုလိုသည်မှာ သမီးမိန်းကလေးများကို အရွယ်မရောက်ခင်ကတည်းက အပျိုလိုဝတ်စားဆင်ယင်ခိုင်းခြင်းဖြစ်သည်။ အတို၊ အပြတ်၊ အကွဲ၊ လယ်ဟိုက်များကိုဝတ်ဆင်ခိုင်းခြင်းဖြစ်သည်။ နောက်ဆုံးပေါ် တယ်လီဖုန်း၊ တက်ဘလက်များအားအပြိုင်အဆိုင်ဝယ်ပေးခြင်း၊ လူမှုကွန်ရက်စာမျက်နှာများကို လွတ်လပ်စွာသုံးစွဲခိုင်းခြင်းဖြင့် လမ်းမှားပေါ်ရောက်အောင်တွန်းပို့တတ်ကြသည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များ လမ်းမှန်ပေါ်ရောက်ရှိရေးသည် မိဘများ၏ တာဝန်ပင်ဖြစ်သည်။

ခြုံ၍တင်ပြရလျှင် နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် ကိုယ်ပိုင်ဝတ်စားဆင်ယင်မှုဟန်ပန်၊ ယဉ်ကျေးမှုစရိုက်လက္ခဏာများရှိကြသည်။ ထိုဝတ်စားဆင်ယင်ထုံးဖွဲ့မှုပုံစံ၊ ယဉ်ကျေးမှုဓလေ့စရိုက်များ ရေရှည်တည်တံ့နေစေရန်အတွက် သားစဉ်မြေးဆက် လက်ဆင့်ကမ်း ထိန်းသိမ်းသွားရန်လိုအပ်မည်ဖြစ်သည်။ ထိုသို့ ထိန်းသိမ်းမထားလျှင် မြန်မာ့ရိုးရာပုဆိုးနှင့်ထဘီများသည် တဖြည်းဖြည်းပျောက်ကွယ်သွားနိုင်ပါသည်။ လူမျိုးတိုင်းသည် မိမိတို့၏ရိုးရာဝတ်စုံကို တစ်ခုတ်တစ်ရ ထိန်းသိမ်းလေ့ရှိကြသည်။

တိုင်းတစ်ပါးယဉ်ကျေးမှုပေါင်းစုံစီးဝင်နေသော ခေတ်ကာလတွင် မြန်မာနိုင်ငံသားများ အထူးသဖြင့် အမျိုးသမီးများအနေဖြင့် မြန်မာချိတ်ထဘီနှင့်ရင်ဖုံးအင်္ကျီကိုလည်း မြတ်နိုးတန်ဖိုးထားသင့်ပါသည်။ အတွေးအခေါ်နှင့်ဝတ်စားဆင်ယင်မှုခေတ်မီခြင်းသည် ကောင်းမွန်ပါသည်။ သို့ရာတွင် ခေတ်ဆန်လွန်းသောဝတ်စားဆင်ယင်မှုများသည် မြန်မာတို့၏ယဉ်ကျေးမှုကို ဖုံးလွှမ်းလာနိုင်ပါသည်။ ခေတ်မီသောအဝတ်အစားများကို မည်သို့ပင်ဝတ်ဆင်နေကြစေကာမူ မြန်မာမိန်းကလေးတစ်ဦးသည် မြန်မာဆန်ဆန်သာဝတ်ဆင်ထားမည်ဆိုလျှင်တွေ့ရမြင်ရသူတို့ ရှုမဝဖြစ်နေမည်မှာဧကန်မုချပင်ဖြစ်သည်။

## “Rush Hour 4” အကြောင်း ထုတ်ဖော်ပြောကြားလာတဲ့ ဂျက်ကီချန်း ရုပ်ရှင်သစ်မှာ ပါဝင်သရုပ်ဆောင်နိုင်ဖွယ်ရှိ

ဟောင်ကောင်နာမည်ကျော်အက်ရှင်မင်းသားကြီး ဂျက်ကီချန်းဟာ လတ်တလောမှာတော့ သူ့ရဲ့ရုပ်ရှင်သစ် “The Foreigner”အတွက် နယ်လှည့်သတင်းစာရှင်းလင်းပွဲတွေ ပြုလုပ်နေတာဖြစ်ပါတယ်။ သတင်းစာရှင်းလင်းပွဲတစ်ခုမှာတော့ ဂျက်ကီချန်းက သူပါဝင်သရုပ်ဆောင်ထားတဲ့ “Rush Hour”ဇာတ်လမ်းတွဲတွေရဲ့ ရုပ်ရှင်သစ်ကို လာမယ့် ၂၀၁၈ ခုနှစ်အတွင်း စတင်ဖန်တီးသွားနိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်တယ်လို့ အေ့စ်ရှီးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက်(၆၃)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျက်ကီချန်းက ရုပ်ရှင်သစ် “Rush Hour 4”အတွက် ဇာတ်ညွှန်းနဲ့ပတ်သက်ပြီး ဝိုင်းတော်သားတွေက သဘောတူခဲ့ပြီးဖြစ်ကြောင်းနဲ့ ရုပ်ရှင်သစ်ဟာ ယခင်ထုတ်လွှင့်ပြသခဲ့ပြီးဖြစ်တဲ့ ရုပ်ရှင်တွေနဲ့မတူဘဲ ထူးခြားတဲ့ဇာတ်လမ်းဇာတ်ကွက်မျိုးနဲ့ ဖန်တီးထားတာဖြစ်ကြောင်းနဲ့ သူကိုယ်တိုင်ကလည်း တစ်မျိုးတည်းကို ထပ်ကာထပ်ကာသရုပ်ဆောင်ရတာကို မကြိုက်နှစ်သက်တဲ့သူဖြစ်တာကြောင့် ရုပ်ရှင်သစ်ဟာ ယခင်ရုပ်ရှင်တွေနဲ့ ကွဲပြားမှာဖြစ်ကြောင်း၊ ဂျက်ကီချန်းအနေနဲ့ “Rush Hour 4” မှာလည်း ပါဝင်သရုပ်ဆောင်နိုင်ဖွယ်ရှိကြောင်း အဆိုပါမီဒီယာက ဝေဖန်ရေးသားခဲ့တာဖြစ်ပါတယ်။

ရုပ်ရှင်သစ်နဲ့ပတ်သက်ပြီး အသေးစိတ်ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေမယ့် ဂျက်ကီချန်းက “ဒီရုပ်ရှင်သစ်က အတော်လေးကောင်းမှာပါ။ အရင်ရုပ်ရှင်တွေနဲ့လည်း တူမှာမဟုတ်ပါဘူး။ မူးယစ်ဆေးမှောင်ခိုသမားတွေအကြောင်းလည်း မဟုတ်ဘူး။ ပိုက်ဆံအတုထုတ်တဲ့အကြောင်းလည်း မဟုတ်ဘူး။ မတူတဲ့ဇာတ်လမ်းတစ်ခုခုဖြစ်မှာပါ။ ကျွန်တော်ကိုယ်တိုင်ကလည်း တူညီတဲ့အရာတစ်ခုကို ထပ်ခါထပ်ခါလုပ်နေရတာကို မကြိုက်ဘူးလေ” လို့ သတင်းစာရှင်းလင်းပွဲမှာပြောကြားခဲ့တာ ဖြစ်ပါတယ်။

“Rush Hour”ဇာတ်လမ်းတွဲတွေရဲ့ ပထမဆုံးသောရုပ်ရှင်ကို ပြီးခဲ့တဲ့ ၁၉၉၈ ခုနှစ်အတွင်း ရုံတင်ပြသခဲ့တာဖြစ်ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၂၄၄ သန်းရရှိခဲ့ကာ အောင်မြင်တဲ့ ရုပ်ရှင်တစ်ကားဖြစ်ခဲ့ပါတယ်။ အဲဒီနောက် “Rush Hour 2” ကိုတော့ ၂၀၀၁ ခုနှစ်အတွင်း စတင်ပြသခဲ့ပြီး “Rush Hour 3” ကိုတော့ ၂၀၀၇ ခုနှစ်အတွင်း ပြသခဲ့တာဖြစ်ပါတယ်။ “Rush Hour 4”ကိုတော့ လာမယ့် ၂၀၁၈ ခုနှစ်အတွင်း ဖန်တီးသွားမှာဖြစ်ကြောင်းနဲ့ ယခင်ပါဝင်နေကျ ဇာတ်ဆောင်တွေနဲ့ပဲ ရိုက်ကူးသွားမှာဖြစ်ကြောင်းလည်း သတင်းတွေထွက်နေတာဖြစ်ပါတယ်။



## “Starboy” ရုပ်ပြကာတွန်းစာအုပ် ထုတ်မယ့်အကြောင်း သယ်ဝိခ်ကန်းဒ် ကြေညာ




အာရန်ဘီတေးသံရှင်တစ်ဦးဖြစ်တဲ့ သယ်ဝိခ်ကန်းဒ်ဟာ လတ်တလောမှာတော့ မာဘယ်လ်ထုတ်လုပ်ရေးနဲ့ ပူးပေါင်းကာ နယ်ပယ်တစ်ခုကို ချဲ့ထွင်လာခဲ့ပြီဖြစ်ပါတယ်။ တေးသံရှင်သယ်ဝိခ်ကန်းဒ်ဟာ နောက်ဆုံးထုတ်လွှင့်ထားတဲ့ သူ့ရဲ့တေးအယ်လ်ဘမ်သစ် “Starboy”ရဲ့ အောင်မြင်မှုနဲ့အတူ တေးအယ်လ်ဘမ်ရဲ့ အမည်နဲ့ ရုပ်ပြကာတွန်းစာအုပ်ထုတ်လုပ်သွားမှာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက်(၂၇)နှစ်အရွယ်ရှိပြီဖြစ်တဲ့ သယ်ဝိခ်ကန်းဒ်က ပြီးခဲ့တဲ့ အောက်တိုဘာ ၇ ရက်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် သူ့ရဲ့ကာတွန်းစာအုပ်မျက်နှာဖုံးဓာတ်ပုံနဲ့အတူ စာအုပ်ထုတ်ဝေသွားမယ့်အကြောင်း ရေးသားဖော်ပြလာတာဖြစ်ပါတယ်။ ယင်းစာအုပ်ကို ထုတ်ဝေပေးသွားမယ့်မာဘယ်လ်ကလည်း စာအုပ်ထုတ်ဝေမယ့်အကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။

သယ်ဝိခ်ကန်းဒ်ရဲ့ ရုပ်ပြကာတွန်းစာအုပ်ကို “Starboy” လို့ပဲ အမည်ပေးထားပြီး မျက်နှာဖုံး ဓာတ်ပုံဟာလည်း သယ်ဝိခ်ကန်းဒ်ရဲ့ ပုံဖြစ်ပါတယ်။ စာအုပ်ကိုတော့ လာမယ့် ၂၀၁၈ ခုနှစ်အတွင်း စတင်ဖြန့်ချိသွားမှာဖြစ်ပြီး စာအုပ်မှာလည်း ရုပ်ပြပုံတွေနဲ့သီချင်းဆိုသွားမှာဖြစ်တယ်လို့ သယ်ဝိခ်ကန်းဒ်က အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ပရိသတ်တွေကို စာအုပ်အကြောင်းအသိပေးခဲ့စဉ် ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

သယ်ဝိခ်ကန်းဒ်ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် “Starboy” ဟာ ပြီးခဲ့တဲ့ ၂၀၁၆ နိုဝင်ဘာလအတွင်း စတင်ထုတ်လွှင့်ခဲ့တဲ့ တေးအယ်လ်ဘမ်ဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်စတင်ထုတ်လွှင့်ချိန်က သယ်ဝိခ်ကန်းဒ်ဟာ တေးဂီတဇယားအချို့ကို ဦးဆောင်နိုင်ခဲ့ပြီး ဘေဘုတ်ရဲ့ အကျော်ကြားဆုံးသောတေးသီချင်း ၁၀ ပုဒ် စာရင်းမှာလည်း ပါဝင်ခဲ့တာဖြစ်ပါတယ်။ “Starboy”တေးအယ်လ်ဘမ် ထုတ်လွှင့်စဉ်ကတည်းက တေးအယ်လ်ဘမ်နဲ့ပတ်သက်တဲ့ ရုပ်ပြကာတွန်းစာအုပ်ဖန်တီးဖို့ သယ်ဝိခ်ကန်းဒ်မှာ ဆန္ဒတွေရှိနေခဲ့တာဖြစ်ပြီး လတ်တလောမှာတော့ သူ့ရဲ့ဆန္ဒတွေပြည့်ဝလာခဲ့ပြီဖြစ်ပါတယ်။

ကျော်ကြားတဲ့တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “The Black Eyed Peas”ကလည်း မာဘယ်လ်နဲ့ပူးပေါင်းကာ ယခုနှစ် နှစ်စပိုင်းက ရုပ်ပြစာအုပ်ဖန်တီးထုတ်ဝေခဲ့ပြီးဖြစ်ကာ ယင်းတေးဂီတအဖွဲ့ရဲ့စာအုပ်ကိုတော့ “Master of the Sun” လို့ အမည်ပေးထားတာဖြစ်ကြောင်းလည်း သိရပါတယ်။

## မော်ဒယ်လ်လီအီစိုး ကွယ်လွန်

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ မော်ဒယ်လ်တစ်ဦးဖြစ်ပြီး ဒီဂျေသမားတစ်ဦးလည်းဖြစ်တဲ့ လီအီစိုးဟာ ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း သူ့ရဲ့ဖျော်ဖြေရေးအေဂျင်စီက ပြီးခဲ့တဲ့ အောက်တိုဘာ ၈ ရက်မှာ ထုတ်ဖော်ပြောကြားလာခဲ့ပါတယ်။ ဒ့ါအပြင် အေဂျင်စီရဲ့ ပြောကြားချက်အရ လီဟာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံခဲ့တာ ဖြစ်တယ်လို့လည်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



ပြီးခဲ့တဲ့ အောက်တိုဘာ ၈ ရက်က အက်စ်အမ်အေဂျင်စီရဲ့ လက်အောက်မှာရှိတဲ့ မော်ဒယ်လ်အေဂျင်စီတစ်ခုဖြစ်တဲ့ အက်စတမ်းမ်အန်တာတိန်းမန့်က လီကွယ်လွန်သွားပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။ အေဂျင်စီက “ကျွန်တော်တို့အနေနဲ့လည်း ဒီလိုသတင်းကို ရုတ်တရက်ကြားခဲ့ရတော့ ဝမ်းနည်းရပါတယ်။ ဒ့ါအပြင် ဒီလိုသတင်းဆိုးကြောင့် အံ့အားသင့်ခဲ့ရပါတယ်။ လတ်တလောသတင်းတွေထွက်လာခဲ့သလိုပဲ လီဟာ ကိုယ့်ကိုယ်ကိုယ် သတ်သေခဲ့တယ်ဆိုတာအမှန်ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း လီရဲ့ သေဆုံးခဲ့ရတဲ့အကြောင်းအရင်းနဲ့ ပတ်သက်ပြီး အသေးစိတ်သိရအောင် ကြိုးစားစုံစမ်းနေပါတယ်။ လီရဲ့ မိသားစုတွေကတော့ ဈာပနကို မိသားစုဝင်တွေနဲ့သာ အကျဉ်းချုံးကျင်းပလိုတာဖြစ်ပြီး လီကို တိတ်တဆိတ်ထွက်ခွာသွားစေလိုတာဖြစ်ပါတယ်။ ကျေးဇူးပြုပြီး လီအတွက် ဆုတောင်းပေးကြပါ” လို့ အွန်လိုင်းမီဒီယာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့ပါတယ်။

လီအီစိုးကွယ်လွန်ခဲ့တဲ့ သတင်းနဲ့ပတ်သက်ပြီး သူ့ရဲ့အေဂျင်စီအပြင် အစ်ကိုကလည်း သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ လီရဲ့အစ်ကိုဖြစ်သူက “ကျွန်တော်ရဲ့တစ်ဦးတည်းသော ညီအစ်ကိုဖြစ်တဲ့ အီစိုးဟာ ပြီးခဲ့တဲ့အောက်တိုဘာ ၆ ရက်က ကွန်လွန်သွားခဲ့ပြီဖြစ်ပါတယ်။ ကျွန်တော့်ရဲ့စိတ်ထဲမှာတော့ သူအသက်ရှင်နေပြီး မော်ဒယ်တစ်ဦးအဖြစ်၊ ဒီဂျေသမားတစ်ဦးအဖြစ် ဆက်လက်လုပ်ဆောင်နေတယ်လို့ ထင်မိပါတယ်။ သူ့အနေနဲ့လည်း ဒီလိုလုပ်ဆောင်ဖို့အတွက် တကယ်ကို ခက်ခက်ခဲခဲဆုံးဖြတ်ခဲ့ရမယ်လို့လည်း ကျွန်တော်ထင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သေဆုံးခဲ့ရတာနဲ့ပတ်သက်ပြီး နောက်ထပ်စုံစမ်းမှုတွေ ဆက်လက်လုပ်ဆောင်သွားမှာပါ”လို့ ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။

**အေးပြည့် - စုစည်းသည်**



ကွယ်လွန်သွားပြီဖြစ်တဲ့ ဟောလိဝုဒ်မင်းသမီး မာရီလင်မွန်ရိုး၏ ပုံနှိပ်ဖော်ပြခဲ့ခြင်းမရှိသည့် အလှဓာတ်ပုံများကို ပြီးခဲ့သည့်သီတင်းပတ်အတွင်း ထုတ်ဖော်ပြသခဲ့ရာ ယင်းဓာတ်ပုံများအနက် တစ်ပုံကို တွေ့ရစဉ်။

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ



**ပဲခူး အောက်တိုဘာ ၉**

ပဲခူးတိုင်းဒေသကြီး၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၈ ရက် မွန်းလွဲ ၁ နာရီခွဲက ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့ဝန်ကြီးချုပ် ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ရှေးဦးစွာ မစ္စတာ ဟုန်လျန်က မိမိအနေဖြင့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်များသို့ သွားရောက်လေ့လာခဲ့ပြီးဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးသည် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်များထက် လူဦးရေ၊ ဧရိယာ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပိုမိုပါကြောင်း၊ အဓိကအားဖြင့် ငြိမ်းချမ်းရေးရရှိခဲ့ခြင်း၏ အနှစ်သာရပင်ဖြစ်ပါကြောင်း၊ ပဲခူးမြို့ရှိ တရုတ်ဘုံကျောင်း၌ မွန်လူမျိုး၊ မြန်မာလူမျိုးတို့ လာရောက် ခြင်းကိုလည်း တွေ့ရှိရသဖြင့် တရုတ်လူမျိုးနှင့် မြန်မာနိုင်ငံသားတို့၏ ယဉ်ကျေးမှုတို့တူညီမှုရှိခြင်းကို သိရှိခဲ့ရပါကြောင်း၊ ယခုအခါ တရုတ်အစိုးရအနေဖြင့် မြန်မာအစိုးရနှင့်ပူးပေါင်းကာ နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေး အထူးဇုန်များနှင့် ရန်ကုန်မြို့သစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား စီးပွားရေးစင်္ကြံနှစ်ခု အဖြစ် ယူနန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ယူနန်ပြည်နယ်နှင့် မူဆယ်မြို့စသည်တို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးသည် စီးပွားရေးစင်္ကြံ လမ်းမကြီးပေါ်တွင် ကျရောက်လျက်ရှိပါကြောင်း၊ အနာဂတ်တွင် ပဲခူးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏အဓိကစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်ပါကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက နိုင်ငံရေးနှင့်ပတ်သက်၍ တရုတ်အစိုးရအနေဖြင့်မြန်မာနိုင်ငံ၏ နိုင်ငံရေးရပ်တည်ချက်ကို အပြည့်အဝ ထောက်ခံအားပေးခြင်း၊ ရပ်တည်ပေးခြင်းများအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ရှေးယခင်အချိန်ကတည်းက ကုန်စည်ကူးသန်းရောင်းဝယ်ခြင်းများ ဆောင်ရွက်ခဲ့သည်ဖြစ်၍ စီးပွားရေးအရ တစ်နိုင်ငံနှင့် တစ်နိုင်ငံ မှီခိုနေရခြင်းဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ပဲခူးရိုးမသည် တောင်-မြောက်ဖြတ်သန်းလျက်ရှိသဖြင့် ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းနှင့် အနောက်ခြမ်း ကန့်သတ်ထားသလိုဖြစ်နေ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များရှိကြောင်း၊ ပဲခူးရိုးမကို ဖြတ်သန်းပြီး အရှေ့ဘက် ထိုင်းနိုင်ငံ၊ မြောက်ဘက် တရုတ်နိုင်ငံ၊ အနောက်ဘက် အိန္ဒိယနိုင်ငံနှင့် တောင်ဘက် ရန်ကုန်တိုင်းဒေသကြီးတို့နှင့်ဆက်စပ်သည့် လမ်းမကြီးများ ဖောက်လုပ်ရန် ထပ်မံလိုအပ်မည်ဖြစ်ကြောင်း၊ ကုန်သွယ်ရေးလမ်းမကြီးများ ဖောက်လုပ်ခြင်းအားဖြင့် ပဲခူးတိုင်းဒေသကြီးသည် လမ်းဆုံတစ်ခု၌ ကျရောက်မည်ဖြစ်၍ အဆင့်မြင့်ကုန်စည်သိုလှောင်ရုံကြီးများ၊ ကုန်သွယ်ရေးဇုန်များ ပေါ်ပေါက်လာနိုင်မည်ဖြစ်ကြောင်း၊ ရိုးမဖြတ်သန်းဖောက်လုပ်မည့် စီမံကိန်းအား တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံလိုသည့် စီးပွားရေးလုပ်ငန်းရှင်များကိုလည်း ကြိုဆိုမည်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ တရုတ်နိုင်ငံမှ အဆင့်မြင့်နည်းပညာဖြင့် လာရောက်လုပ်ကိုင်စေလိုကြောင်း၊ မကြာမီ ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်ကြောင့် ဖွံ့ဖြိုးတိုးတက်လာသည့် ခရီးသွားလုပ်ငန်း၊ လမ်းပန်းဆက်သွယ်ရေးနှင့် စက်မှု၊ လက်မှုကဏ္ဍများအား တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လိုပါကြောင်းနှင့် ယခုလို ပဲခူးတိုင်းဒေသကြီး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာများကို လာရောက်လေ့လာသည့် သံအမတ်ကြီးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တရုတ်သံရုံးမှ ဒုတိယအတွင်းဝန်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## စည်းကမ်းမဲ့စွန့်ပစ်ထားသော အိုးခွက်ပုံးတာယာများ၌ ပေါက်ပွားသည့်ပိုးလောက်လမ်းရှင်းလင်း

**ရန်ကုန် အောက်တိုဘာ ၉**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ မြောက်ဉက္ကလာပမြို့နယ်၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာ ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ ရာသီတုပ်ကွေး(H1N1)ရောဂါဖြစ်ပွားမှု လျော့နည်းစေရန် စည်းကမ်းမဲ့စွန့်ပစ် အိုးခွက်ပုံးနှင့် တာယာများတွင် ပေါက်ပွားလေ့ရှိသောပိုးလောက်လမ်း ရှင်းလင်းခြင်းလုပ်ငန်းအား မြို့နယ်အတွင်းရှိ ၁၉ ရပ်ကွက်၌ အလှည့်ကျဆောင်ရွက်နေသည်ကို အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက တွေ့ရသည်။

ကျန်းမာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက စွန့်ပစ်အိုးခွက်ပုံးထဲတွင် ပေါက်ပွားသည့် ပိုးလောက်လမ်းက ရာသီတုပ်ကွေး(H1N1)ရောဂါပိုးမျိုးဆက်ဖြန့်နိုင်ကြောင်း၊ အမှုမဲ့ အမှတ်မဲ့ပစ်ထားသော အိုးခွက်ပုံးတာယာများအတွင်း ပေါက်သောခြင်အန္တရာယ်ကင်းဝေးစေရန် ပူးပေါင်းအားဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြောကြားသည်။

“ဒီလိုပြည်သူ့ကျန်းမာရေး အကျိုးပြုလုပ်ငန်းဆောင်ရွက်တဲ့အခါ ဝန်ထမ်းအင်အားများပေမယ့် ပြည်သူတွေနဲ့ လက်ရေတစ်ပြင်တည်း နေထိုင်ကြတဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများမှ ရာအိမ်မှူးနှင့် ဆယ်အိမ်မှူးများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အရန်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်သူတွေအတွက် အကျိုးရှိစေတဲ့ ကျန်းမာရေးစောင့်ရှောက်မှုဖြစ်အောင် ဝိုင်းဝန်းကူညီရန်လိုပါတယ်”ဟု ဝန်ထမ်းဦးဆောင်ကြီးကြပ်သူတာဝန်ရှိသူတစ်ဦးက ပြောသည်။

**ထွန်းဝင်း**

# ဖျာပုံမြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များ အလုပ်သမားရှားပါးမှုကြောင့် CCTV ကင်မရာများ တပ်ဆင်အသုံးပြုနေရ

**ဖျာပုံ အောက်တိုဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ရှိစီးပွားရေးလုပ်ငန်းများတွင် အလုပ်သမားရှားပါးမှုများ ကြုံတွေ့နေရသည်မှာ လုပ်ငန်းရှင်တိုင်း ကြုံတွေ့နေရသည့် ပြဿနာတစ်ရပ်ဖြစ်ပေသည်။

စီးပွားရေးလုပ်ငန်းများတွင် အလုပ်သမားမမြဲရခြင်းမှာ အကြောင်းအမျိုးမျိုးရှိနေပြီး လုပ်ငန်းရှင်များက ဝန်ထမ်းများ၏ စားဝတ်နေရေးအပြင် နောက်ကွယ်က မိသားစုစားဝတ်နေရေးကိုပါ ရှေးရှုပြီးဖြေရှင်းပေးနိုင်မှ ဝန်ထမ်းမြဲနိုင်မှာဖြစ်ကြောင်း၊ အလုပ်သမားရှားပါးမှုများသည် လုပ်ငန်းရှင်အားနည်းချက်ဟု မပြောနိုင်ဘဲဝန်ထမ်းတွေ၏ အားနည်းချက်များကြောင့် အလုပ်သမားရှားပါးမှုများ ဖြစ်ပေါ်နေရခြင်းဖြစ်ကြောင်း ဖျာပုံမြို့ စတိုးဆိုင်ပိုင်ရှင်တစ်ဦးထံမှသိရသည်။

ထို့အပြင် အလုပ်သမားမမြဲရခြင်းမှာလည်း အလုပ်သမားရေးရာကိစ္စများကို တာဝန်ရှိသူများက ဖြေရှင်းပေးနိုင်မှု မရှိခြင်း၊ အလုပ်ရှင်ဘက်က အားနည်းချက်ရှိပါက အရေးယူဆောင်ရွက်သော်လည်း ဝန်ထမ်းပိုင်းဆိုင်ရာ အားနည်းချက်ရှိပါက အရေးယူဆောင်ရွက်မှုများမရှိသလောက်ဖြစ်နေခြင်းကလည်း အလုပ်သမားရှားပါးရခြင်း အကြောင်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။

စီးပွားရေးလုပ်ငန်းရှင်များ၏ အလုပ်သမားပြဿနာများကို တာဝန်ယူဖြေရှင်းပေးနိုင်သည့် တာဝန်ရှိဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ တာဝန်ယူ ဖြေရှင်းပေးသင့်ပြီး စီးပွားရေးလုပ်ငန်းရှင်ကြီးများသည် မိမိတို့တွင်ရှိသည့် ဝန်ထမ်း အယောက်ပေါင်းများစွာကို နေထိုင်ရန်နေရာ၊ ကျန်းမာရေးနှင့် အစားအစာများကိုတာဝန်ယူပေးနေရသည့်အပြင် အလုပ်သမားများ၏ နောက်ကွယ်က မိသားစုများ၏ စားဝတ်နေရေးများ ပြေလည်စေရန်အတွက် ကြိုတင်လစာငွေများ ပိုမိုထုတ်ပေးနေရကြောင်း သိရသည်။

စီးပွားရေးလုပ်ငန်းရှင်များက မိမိလုပ်ငန်းခွင်အတွင်း ပြည်သူအများ ဝင်ထွက်သွားလာနေသည့်နေရာဖြစ်နေသဖြင့် လုံခြုံရေးအတွက် CCTV ကင်မရာတပ်ဆင်ထားသော်လည်း လုံခြုံရေးအားနည်းချက်များ ရှိနေကြောင်း၊ ပြဿနာတစ်ခုဖြစ်ပေါ်လာပါက CCTV ကင်မရာများက မှတ်တမ်းများကို ပြန်ကြည့်ဆောင်ရွက်ရကြောင်း၊ မိမိ၏စားသောက်ဆိုင်လုပ်ငန်းတွင် ဝန်ထမ်းအင်အား အမျိုးသား၊ အမျိုးသမီးဦးရေအယောက် ၈၀ ကျော်ရှိပြီး ဆိုင်အတွင်း CCTV ကင်မရာအလုံးရေ ၇၀ တပ်ဆင်ထားပြီး (360°) ကြည့်နိုင်သည့် ကင်မရာရှစ်လုံးတပ်ဆင်ထားပြီး ပြဿနာတစ်စုံတစ်ရာဖြစ်ပါက CCTV ကင်မရာအတွင်းမှ မှတ်တမ်းများကို ပြန်ကြည့်ပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နေရသဖြင့် စီးပွားရေးလုပ်ငန်းများတွင် CCTV ကင်မရာများ တပ်ဆင်အသုံးပြုခြင်းဖြင့် အလုပ်သမားအင်အားနည်းပါးမှုကို ဖြေရှင်းနိုင်သလို ပိုမိုတပ်ဆင်အသုံးပြုသင့်ကြောင်း ဖျာပုံမြို့နယ် စားသောက်ဆိုင်ပိုင်ရှင် ဦးမျိုးကြည်ထံမှ သိရသည်။

ဖျာပုံမြို့ရှိ စီးပွားရေးလုပ်ငန်းရှင်အများစုသည် မိမိတို့လုပ်ငန်းများတွင် ဝန်ထမ်းတစ်ဦး၏ အခြေခံလစာကို စားရိတ်ငြိမ်း တစ်လလျှင်ငွေကျပ် ခြောက်သောင်းမှ တစ်သိန်းကျော်အထိ ပေးထားသော်လည်း လစာငွေထုတ်ယူပြီး တခြားလုပ်ငန်းရှင်များထံ ကူးပြောင်းလုပ်ကိုင်မှုများ၊ နိုင်ငံရပ်ခြားသို့ သွားရောက် လုပ်ကိုင်မှုများ၊ အလုပ်သမားပွဲစားများကပြန်လည်ခေါ်ယူ၍ လုပ်ငန်းပြောင်းပေးမှုများကြောင့် အလုပ်သမားရှားပါးမှုများ ဆက်လက်ကြုံတွေ့ နေရမည်ဖြစ်သဖြင့် တာဝန်ရှိဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းအဖြေရှာ ဆောင်ရွက်သင့်ပြီဖြစ်ကြောင်း သိရသည်။

**(၅၄၀)**

■



## ကော့သောင်းမြို့အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**ကော့သောင်း အောက်တိုဘာ ၉**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၉ ရက် နံနက် ၁၀ နာရီက မြို့နယ်မီးသတ်စခန်း၌ ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်းက သင်တန်းကာလအတွင်း တပ်ဖွဲ့ဝင်အချင်းချင်း စည်းလုံးညီညွတ်မှု၊ ကူညီဖေးမမှုတွေနှင့်အတူ သင်တန်းဆရာများ သင်ကြားပေးသည့် စာတွေ့လက်တွေ့ ဘာသာရပ်များကို ကောင်းစွာသင်ယူကာ မိမိရပ်ကွက် ကျေးရွာပြန်ရောက်သည့်အခါ သင်တန်းမှ သင်ကြားလေ့ကျင့်ပေးခဲ့သည့် မီးသတ် တပ်ဖွဲ့ဝင်များ၏ စွမ်းရည် (၄)ရပ်ဖြစ်သည့် မီးသတ်စွမ်းရည်၊ ရှာဖွေကယ်ဆယ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်များကို လက်ဆင့်ကမ်းဆင့်ပွားသင်ကြားပေးသွားရန်လိုအပ်သလို အပတ်စဉ်လေ့ကျင့်ခြင်းဖြင့် ပြည်သူများအကြား လက်တွေ့အသုံးချ ဆောင်ရွက်သွားကြရန် ပြောကြားသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်နှင့်ကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာပို့ချသွားမည် ဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးဖြိုးမင်းဇော်က ပြောသည်။

**ကျော်စိုး(ကော့သောင်း)**

# စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့ဝန်ထမ်းများ၏အခန်းကဏ္ဍ

**နိုင်ငံ့ဝန်ထမ်းတစ်ဦး**

နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံတော်၏ အစိုးရယန္တရားကြီးတစ်ခုလုံး ဟန်ချက်ညီညီ ရေရှည်လည်ပတ်နိုင်ရေးသည် အဓိကလိုအပ်ချက်တစ်ခု ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အစိုးရယန္တရားကြီးကို အဓိကမောင်းနှင်သူများဖြစ်သည့် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးသွားရန် လိုအပ်သလို နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်အတွင်း စိတ်ပျော်ရွှင်ချမ်းမြေ့စွာဆောင်ရွက်နိုင်ရေး၊ ဘဝတစ်သက်တာ စားဝတ်နေရေးအတွက် အာမခံရရှိစေရေးစသဖြင့် လိုအပ်ချက်အဖုံဖုံကို နည်းလမ်းမျိုးစုံဖြင့် ပံ့ပိုးဖြည့်ဆည်းပေးသွားရမည် ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းဆိုရာဝယ် နိုင်ငံ့တာဝန်ကို ကျေပွန်အောင် ဖြူစင်သောစိတ်ထားဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသူများ၊ ပြည်သူနှင့်အစိုးရ တစ်သွေးတည်းတစ်သားတည်းဖြစ်စေရန် ပြည်သူများ၏ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးလျက်ရှိသည့် ဝန်ထမ်းများကို ဆိုလိုခြင်းဖြစ်ပါသည်။ နိုင်ငံ့တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းတိုင်းသည် တည်ဆဲနိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များကို တိကျစွာလိုက်နာရန် လိုအပ်သကဲ့သို့ ပြစ်မှုဆိုင်ရာဥပဒေများ၊ တရားမဥပဒေများ၊ အထူးဥပဒေများကိုလည်း လိုက်နာရမည်ဖြစ်သည်။ ထို့အပြင် ဝန်ထမ်းတစ်ဦးချင်းစီသည် မိမိတို့ထမ်းဆောင်ရမည့်တာဝန်၊ စောင့်ထိန်းရမည့် ကျင့်ဝတ်၊ လိုက်နာရမည့် စည်းကမ်းများနှင့် ဝန်ထမ်းမှုဆိုင်ရာ ရရှိနိုင်သည့် ခံစားခွင့်များကို သေချာစွာသိရှိထားရန် လိုအပ်ပါသည်။

နိုင်ငံတော်အနေဖြင့် ဝန်ထမ်းများ၏ စိတ်ပျော်ရွှင်ချမ်းမြေ့မှုကို အဓိကစွမ်းဆောင်ပေးနိုင်မည့် ဝန်ထမ်းများ၏ ကျန်းမာကြံ့ခိုင်ရေး၊ လုပ်ငန်းခွင်အတွင်း သက်သောင့်သက်သာစွာဖြင့် ဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းများအဆင်ပြေလွယ်ကူချောမွေ့စေရေးနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၏ သက်သာချောင်ချိရေးအပိုင်းတို့ကို ဦးစားပေး ပံ့ဖော်ပေးသွားရန် လိုအပ်လာပါသည်။

ဒုတိယအချက်အနေဖြင့် မိမိရရှိသည့် လစာအပေါ် ကျန်းမာရေးစရိတ်အတွက် မကာမိသဖြင့် ဝန်ထမ်းများအနေဖြင့် ကျန်းမာရေးအပိုင်းကို ပိုမိုဂရုစိုက်ရန် လိုအပ်လာပါသည်။

ဝန်ထမ်းများ၏ ကျန်းမာရေးအတွက် ရုံးတိုင်း/ဝန်ကြီးဌာနတိုင်းတွင် အားကစားလှုပ်ရှားမှုများနှင့် စပ်လျဉ်း၍ အားကစားကော်မတီများ ဖွဲ့စည်းထားရှိရန် လိုအပ်ခြင်း၊ အားကစားဌာနစိတ်(သို့မဟုတ်) အားကစားနည်းပြများကို ဖွဲ့စည်းပုံတွင် ထည့်သွင်းပြီး ခန့်အပ်တာဝန်ပေးရန် လိုအပ်ခြင်း၊ ဝန်ထမ်းများအကြား အားကစားဆိုင်ရာ ဗဟုသုတများ၊ နည်းစနစ်များနှင့် အားကစားစိတ်ဓာတ်များ ကိန်းအောင်းလာရန် တိုက်တွန်း စည်းရုံးလှုံ့ဆော်သွားရန်လိုအပ်ပါသည်။

အားကစားကော်မတီအနေဖြင့် ဝန်ကြီးဌာနအတွင်း အားကစားနည်းများအလိုက် အားကစားကွင်းများ ဖန်တီးပေးခြင်း၊ အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်းတို့ကို အားကစားပြက္ခဒိန်ရေးဆွဲပြီး ဆောင်ရွက်ထားရှိသင့်ပါသည်။ သို့မှသာ ဝန်ထမ်းများအချင်းချင်း၊ ရာထူးအကြီးအငယ်မရွေး ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေမည်ဖြစ်ပြီး ကျန်းမာကြံ့ခိုင်စေရုံသာမက အလုပ်ပင်ပန်းမှုဒဏ်၊ စိတ်ဖိစီးမှုဒဏ်တို့ကို ပြေပျောက်စေမည်မှာ အမှန်ပင်ဖြစ်သည်။

တတိယလိုအပ်ချက်အနေဖြင့် ဝန်ထမ်းများသက်သောင့်သက်သာဖြင့် ဆောင်ရွက်နိုင်မည့် လုပ်ငန်းခွင်ဝန်းကျင်တစ်ရပ်ကို ဖန်တီးပေးရမည်ဖြစ်သည်။ သာဓကများအနေဖြင့် ရုံးခန်းဖွဲ့စည်းပုံများ၊ ရုံးသုံးပစ္စည်းများ၊ ရုံးသုံးပရိဘောဂများကို ခေတ်နှင့်လျော်ညီသော နိုင်ငံတကာအဆင့်မီဒီဇိုင်းများဖြင့် ပံ့ဖော်ပေးသွားရန် လိုအပ်သလို ရုံးခန်းများ၏ လုပ်ငန်းခွင်ဧရိယာအလိုက် လိုအပ်မည့် လေအေးပေးစက်များ၊ ပန်ကာများကို တပ်ဆင်ပေးရန် လိုအပ်မည်ဖြစ်သည်။ ထို့အပြင် ရုံးသုံး စက်ပစ္စည်းများကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးသည့် ပစ္စည်းများဖြင့် အစားထိုးသွားရန် လိုအပ်ပါသည်။ ထို့အပြင် ရုံးဥပဓိရုပ်ကောင်းစေရန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်မည့် သန့်ရှင်းသပ်ရပ်သည့် သစ်ပင်၊ ပန်းမန်များဖြင့် လှပတင့်တယ်သည့် Green Office Complex တစ်ခုအနေဖြင့် ဖန်တီးဖော်ဆောင်ပေးနိုင်ရန် လိုအပ်ပါသည်။

စတုတ္ထအချက်အနေဖြင့် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် နိုင်ငံတကာရုံးများကဲ့သို့ လိုအပ်ချက်အဖုံဖုံကို One-Stop တစ်နေရာတည်းရရှိနိုင်အောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ဥပမာအနေဖြင့် သန့်ရှင်းသပ်ရပ်သည့် အဆင့်မီစားသောက်ဆိုင်များ၊ အလွယ်တကူ ဝယ်ယူနိုင်မည့် ရုံးသုံးပစ္စည်းများနှင့်စာရေးကိရိယာဆိုင်များ၊ မီနီစတိုးဆိုင်များ၊ မော်တော်ယာဉ်များ စနစ်တကျထားရှိနိုင်ရန် သန့်ရှင်းသပ်ရပ်သော ကားပါကင်၊ ပြည်သူများကို ဝန်ဆောင်မှုပေးနေသည့် ရုံးများအတွက် စာစီစာရိုက်၊ မိတ္တူများ အလွယ်တကူဆောင်ရွက်နိုင်ရန် DTP ဆိုင်များကို စီစဉ်ပေးထားရန် လိုအပ်ပါသည်။

ပဉ္စမအချက်အနေဖြင့် ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအပိုင်းကို ပံ့ဖော်ပေးရန် လိုအပ်ပါသည်။ သာဓကများအနေဖြင့် ဝန်ထမ်းသားသမီးများ၏ ပညာရေးနှင့် ပတ်သက်၍ ရုံးဧရိယာအတွင်း (သို့မဟုတ်) ရုံးအနီးအနားဝန်းကျင်တွင် ဝန်ထမ်းများ၏ မူကြိုအရွယ်သားသမီးများအတွက် စိတ်ချလုံခြုံစွာ ထားရှိနိုင်မည့် မူကြိုကျောင်းများ စီစဉ်ပေးခြင်း၊ ပညာရည်ထူးချွန်သည့် ဝန်ထမ်း သားသမီးများအား ပညာရည်ချွန်ဆုများ ချီးမြှင့်ပေးခြင်း၊ ကျန်းမာရေးနှင့် ပတ်သက်၍ ရုံးတိုင်း၌ဆေးပေးခန်းများ ဖွင့်လှစ်ရန်လိုအပ်ခြင်း၊ ဆရာဝန်(သို့မဟုတ်) သူနာပြုများခန့်အပ်ထားရန်လိုအပ်ခြင်း၊ လူမှုရေးနှင့် ပတ်သက်၍ ဝန်ထမ်းများ၏ သာရေး၊ နာရေးကိစ္စများ၊ ပင်စင်ခံစားမည့် ဝန်ထမ်းများအတွက် နေထိုင်ရေးကိစ္စများ၊ လူမှုဖူလုံရေးကိစ္စများကို စီမံချက်ချမှတ်ပြီး ဆောင်ရွက်ပေးသွားရန်လိုအပ်ပါသည်။

ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ အချင်းချင်း စည်းလုံးညီညွတ်မှုနှင့် စိတ်အပန်းဖြေနိုင်စေရန် အပန်းဖြေခရီးများ၊ ဘုရားဖူးခရီးစဉ်များကို အခါအားလျော်စွာ စီစဉ်၍ပို့ဆောင်ပေးရန် လိုအပ်ပါသည်။ အဆိုပါခရီးစဉ်များသည် ဝန်ထမ်းများအတွက် တန်ဖိုးမဖြတ်နိုင်သည့် စိတ်ပျော်ရွှင်မှုကို ရရှိစေမည် ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဆိုသလို အနာဂတ်နိုင်ငံတော်ကြီးအတွက် ဆန်းသစ်တီထွင်ဖန်တီးနိုင်သည့် အတွေးအခေါ်ကောင်းများဖြင့် နိုင်ငံ့တာဝန်ကို ဆတက်ထမ်းပိုးထမ်းရွက်နိုင်ရန် နိုင်ငံ့ဝန်ထမ်းများ၏ ဘဝတစ်သက်တာ ပျော်ရွှင်ချမ်းမြေ့စေရေးအတွက် အထက်တင်ပြပါလိုအင်အရပ်ရပ်ကို ဖြည့်ဆည်းပံ့ပိုးပေးနိုင်ပါက နိုင်ငံတော်၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အပံ့ပေးနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဗုဒ္ဓဂယာ အဆင့်မြင့်ဘုရားဖူးခရီးစဉ်(၇)ညအိပ် (၈)ရက်
ASIAN YGN TRAVELS & TOURS
သံဝေဇနီယလေးဌာန ၊ အဝိဇဟိတသုံးဌာန (အိန္ဒိယ+နီပေါ)
ဟိုတယ် ▸ နိုင်ငံတကာအဆင့်မှီဟိုတယ်ကြီးများအားအသုံးပြုခြင်း(ဟိုတယ်အများစုတွင်ဓါတ်လှေခါးပါဝင်ခြင်း)
ခရီးစဉ် ▸ နေ့စဉ်ဟိုတယ်ကြီးများတွင်(မနက်/နေ့လည်/ည) ဘူဖေးဖြင့်ကျွေးမွေးညှိခြင်း
▸ အရည်အသွေးမြင့် 20 Kg ဆံ့သည့်ခရီးဆောင်သေတ္တာ
တစ်ထောင်
ထွက်ခွာမည့်ရက် ၈.၁၁. / ၂၀.၁၂.၂၀၁၇ ၇.၂.၂၀၁၈/၁၁.၄.၂၀၁၈
ဗီယက်နမ် + ကမ္ဘောဒီးယား နှစ်နိုင်ငံခရီးစဉ်
★ ဟိုချီမင်း-ဖနွမ်းပင်-ဆီရမ်းရိ $650
★ ဟန္နိုင်း-ဟလောင်း-နမ့်ဘင် $391
Vietnam
၀၉ ၄၅၇၁၁၀၁၈၆၇ ၊ ၀၉ ၄၅၆၄၃၁၄၂၀ asianygntravels.com

## မင်းကွန်းတိပိဋက–နိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့
## လှူဒါန်းနိုင်ပါသည်

မြန်မာနိုင်ငံတော်တွင် အဆင့်မြင့်တိပိဋကဓရ ပရိယတ္တိစာပေများကို သင်ကြားပို့ချနေသည့် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက-နိကာယကျောင်းတိုက်ကြီးများတွင် ဓမ္မာစရိယအောင်မြင်ပြီး တိပိဋက(၁)ပုံအောင်၊ (၂)ပုံအောင်၊ (၃)ပုံဆောင်၊ (၃)ပုံအောင် ဆရာတော်၊ သံဃာတော်များ ပိဋကတ်စာပေများကို ကျက်၊ အံ၊ ကြုံ၊ ကြည့်၍ ဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀) တို့ကို နှလုံးအိမ်၌ ကိန်းအောင်းစေလျက် သီတင်းသုံး နေထိုင်တော်မူကြသော သာသနာ့အာဇာနည်အရှင်သူမြတ် အပါး(၁၅၀)တို့အား ဆွမ်း၊ ပစ္စည်းလေးပါး၊ မပူမပင် မကြောင့်မကြရလေအောင် တိ-နိအဖွဲ့များမှ ကြိုးပမ်းဆောင်ရွက်တော်မူ၍ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ နေ့-ည စတုမဓု အချိုရည်များ ဆက်ကပ်လှူဒါန်းလျက်ရှိပါသည်။

| | | | |
|---|---|---|---|
| ၁။ | ဆွမ်းပဒေသာပင်တစ်ပင်လျှင် | ကျပ်-၁၀၀၀ဝိ/- | ပိတ်ရက် |
| ၂။ | ပစ္စည်းလေးပါးပဒေသာပင်တစ်ပင်လျှင် | ကျပ်-၂၀၀၀ဝိ/- | မရှိ |
| ၃။ | ဆေး မီး၊ ဆေးပဒေသာပင်တစ်ပင်လျှင် | ကျပ်-၅၀၀ဝိ/- | လှူဒါန်း |
| ၄။ | စာအောင်ဆုနှင်းပဒေသာပင်တစ်ပင်လျှင် | ကျပ်-၅၀၀ဝိ/- | နိုင် |
| ၅။ | ကျောင်းရှိသံဃာအကုန် အရုဏ်ဆွမ်း | ကျပ်-၅၀၀၀ဝိ/- | ပါသည် |
| ၆။ | ကျောင်းရှိသံဃာအကုန်နေ့ဆွမ်း | ကျပ်-၁၀၀၀၀ဝိ/- | |

လှူဒါန်းပြီး အနုဂါမိကရွှေအိုးကြီးမြှုပ်နှံ၍ ပရိယတ္တိသာသနာတော်ကြီးအား ချီးမြှောက်တော်မူကြရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ ဆွမ်းပဒေသာပင်များ (၁၀၀၀)စီပြည့်တိုင်း မှတ်တမ်းတင်စာအုပ်ထုတ်၍ ဓရစက်ချပွဲအခမ်းအနားကို ရန်ကုန်မြို့၊ တိပိဋကကျောင်းတော်၌ ကျင်းပပြုလုပ်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ
၁။ တိ-နိ ရန်ကုန်၊ တိပိဋကကျောင်းတော်၊ အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊
-မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်(၂)၊ ရန်ကုန် A/C No.SS.177064
-KBZ BAHOSI BR Yangon. A/C No.061-301-06100094501
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၄၀၄၉၂၊ ၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉၊ ၀၉-၇၃၁၉၇၉၉၅
၂။ တိ-နိ မန္တလေး၊ အမှတ်(၁၉)၊ ၂၆(ဘီ)လမ်း၊ ပိုက်ကျုံးရပ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၃၀၁၉၀

EAZY DRIVE
ရန်ကုန်မြို့ထဲ ကားကျပ်လမ်းမများပေါ်တွင် ကိုယ်တိုင်ကျွမ်းကျင်ပိုင်နိုင်စွာ မောင်းနိုင်ရန်နှင့် မြို့ထဲကားပါကင်တစ်စီးထိုးနိုင်အောင်လည်း တစ်ဦးချင်း အမြန်ရက်တို အတတ်သင်ပေးသည်။
ဖုန်း-၀၉-၂၆၄၈၀၇၆၉၉

ရောင်ခြည်ထိစ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
APPROVED LEARNING PARTNER ACCA Gold
အချိန် (၃) လအတွင်းပြီးမြောက်အောင်မြင်နိုင်မည့်အခွင့်အရေး
ACCA (UK) PART-II
F4 , F7 (Block)
Nay Lin Aung Finance & Accountancy Academy
အမှတ်(၁၈၊၃အေ~ ၆ဘီ)၊ သပြေညို(၂)တိုက်၊ ဦးထွန်းလင်းခြံလမ်း၊ (Giordano) ဆိုင်အနီး၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၅၀၄၇၃၇၊ ၅၁၂၉၀၀၊ ၅၁၄၁၀၂၊ ၀၉ ၄၅၀၀၂၂၆၄၆၊ ၀၉ ၄၄၂၂၉၉၆၆၅
တာမွေကျောင်း - ၀၁ ၅၅၆၄၂၅၊ ၀၉ ၃၀၁၆၇၂၇၂၊ ၀၉ ၉၇၁၄၉၀၃၀၃

## အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်း

ဒေါ်တင်မိုးမိုးစိုး(ဘ-ဦးတင်ရွှေ)[၉/လဝန(နိုင်)၁၃၅၇၆၂]အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် GPအမှတ်-၁၁၀၈၄/၂၀၁၆(၈-၁၂-၂၀၁၆)ရက်တွင် ဒေါ်ခင်မလေး(ဘ-ဦးဘရှင်)[၁၂/မဂတ(နိုင်)၀၃၁၇၆၀]မှ ယုံကြည်စွာ လွှဲအပ်ပေးခဲ့ပါသည်။ ယခုအခါအဆိုပါ လွှဲအပ်ထားသော GPအား ဆက်လက်ပေးလိုသောဆန္ဒမရှိပါသဖြင့် ဤကြေညာစာပါသည့်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း ဒေါ်တင်မိုးမိုးစိုးနှင့် အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မာမာသိန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၉၂/၂၀၁၃)**
**အမှတ်-၄၂၊ ၄-လွှာ၊ လမ်း(၁၄၀)၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၆၄၉၅၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ ၅၁ လမ်း၊ အမှတ် (၁၁၇)၊ (ပ-ထပ်/ညာ)၊ ပေ(၁၅×၆၀)ဟုခေါ်တွင်သော တိုက်ခန်းအား အမှန်တကယ်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်းစန်းမြင့်[၆/ထဝန(နိုင်)၀၁၂၈၇၁]ထံမှ ကျွန်ုပ် ဒေါ်ဘီနာဒါတ်(စ်)(ခ)နီနီဝင်း[၁၂/ပဇတ(နိုင်)၀၁၈၇၅၈]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဘီနာဒါတ်(စ်)(ခ)နီနီဝင်း**
**အမှတ် (၇၂)၊ လမ်း ၅၀၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။**
**ဖုန်း-၀၉-၇၉၇၈၀၅၅၁၀**

NEW MOTION Travels & Tours
New Motion
အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။
ဈေးလျှောသစ်လွင် ခရီးစဉ်

| | | | |
|---|---|---|---|
| ★ တောင်ကြီးမီးပုံးပျံပွဲခရီးစဉ် | Nov; 1,10, Dec;15,22,29 | ★ မြိတ်ခရီးစဉ် | Nov; 2,11, Dec;16,23,30 |
| ★ မန္တလေး ခရီးစဉ် | Nov; 1,10, Dec;15,22,29 | ★ ကလော - လှိုင်ကော်ခရီးစဉ် | Nov; 1,10, Dec;15,22,29 |
| ★ ပုဂံ ခရီးစဉ် | Nov; 1,10, Dec;15,22,29 | ★ ထားဝယ် - မော်လမြိုင်ခရီးစဉ် | Nov; 1,10, Dec;15,22,29 |
| ★ ချင်း ခရီးစဉ် | Nov; 1,10, Dec;15,22,29 | ★ မြဂတိ - မဲဆောက်ခရီးစဉ် | Nov; 1,10, Dec;15,22,29 |

အမှတ်-16၊ကျွန်းတောလမ်း၊စမ်းချောင်း။ Ph ; 09 73148922, 09 260792879, 09 260792878, 01 527 922 , 01 538 811

ဗုဒ္ဓ ဓမ္မ သံဃ
ရတနာခမိုး ဗုဒ္ဓဂယာနှင့် သီရိလင်္ကာဘုရားဖူးအဖွဲ့
(၁၄)ည(၁၅)ရက် ခရီးစဉ်တွင်လိုက်မည့်ဓမ္မမိတ်ဆွေများအတွက် ဗုဒ္ဓဂယာမြေမြတ်မဟာဗွဲ့ တန်ဆောင်မုန်းလပြည့်နေ့တွင် ဆီမီးပူဇော်နိုင်ရန် စီစဉ်ပေးထားပါသည်။
ညဟောင်းခရီးစဉ်လုံးဝမပါဝင်ပါ ဟိုတယ်(၂)ညတည်း/တား အဆင့်မြင့်ကား
21Oct
ထွက်ခွာမည့်ရက် 12,29 Nov/2,14 Feb/21Mar
(၇)ည (၈)ရက်ခရီးစဉ် 3* & 4* Hotel တည်း
1,19 Nov/22 Dec/28 Jan
11,28 Feb/25 Mar/13 Apr
ရန်ကုန်ရုံးချုပ် - Tel : 01-377351,377352,246239, 09-73029315, 5069882
ရန်ကုန်ရုံးခွဲ - Tel : 01-227925, 2300302,09-5091205, 257781722
မန္တလေးရုံးခွဲ - Tel : 09-5068857, 2019207, 797190092
ပြင်ဦးလွင်ရုံးခွဲ -Tel : 085-28162,09-2044951, 442045059,778293629

ဝိနည်းတရားတော်သည် ဗုဒ္ဓသာသနာတော်၏ အသက် ဖြစ်ပါသည်။

ဗုဒ္ဓမှ ရဟန်းသံဃာတော်တို့အတွက် သင်္ကန်းတော်မြတ် ဝတ်ဆင်သုံးစွဲခွင့်ကို သင်္ကန်းအရောင်တူရုံ၊ ဝတ်ဆင်ရရုံ၊ အသွင်ပုံသဏ္ဌာန် တူညီရုံမျှလောက်ဖြင့် အလွယ်တကူ ခွင့်ပြုခဲ့သည် မဟုတ်ပါ။ သင်္ကန်းလျာပိတ်စ ရွေးချယ်ခြင်း၊ ဆေးဆိုးခြင်း၊ သင်္ကန်းပိတ်စ ဖြတ်တောက်ခြင်း၊ ချုပ်လုပ်ခြင်း၊ ဝတ်ဆင်ခြင်း၊ လှူဒါန်းခြင်းကိစ္စများ အားလုံးတို့အတွက် ဗုဒ္ဓမှ စနစ်တကျ စည်းကမ်းချက်များ ချမှတ်ခဲ့ပြီးဖြစ်၍ ဗုဒ္ဓလမ်းညွှန်စကား၊ ဝိနည်းတရားတော်အတိုင်း အတိအကျ လိုက်နာဆောင်ရွက်ရမည်မှာ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူတို့၏ အဓိက တာဝန်တစ်ရပ် ဖြစ်ပါသည်။ zawtikathingan contact@zawtika.com www.zawtika.com

ကထိန်သင်္ကန်းလှူဒါန်းခြင်းသည် ဝိနည်းဒေသနာတော်အရ လှူဒါန်းခြင်းဖြစ်၍ ရဟန်းသံဃာတော်တို့အတွက် ဝိနည်းတရားတော်နှင့် ညီညွတ်စေမည့် သင်္ကန်းအမှတ်တံဆိပ်များကိုသာ ရွေးချယ်၍ ဝယ်ယူလှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

ဇောတိက သင်္ကန်း အာမခံစနစ်
ဇောတိက (၉)စ ဓားခွဲသင်္ကန်းသည် ၁၉၈၁ ခုနှစ်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ ပထမအကြိမ်၊ ဒုတိယ ညှိနှိုင်း အစည်းအဝေး(၂/၈၆)မှ သင်္ကန်းချုပ်နည်း ဩဝါဒ ဆုံးဖြတ်ချက်များအတိုင်း ဝိနည်းတရားတော်နှင့်အညီ ချုပ်လုပ်ထားပါသည်။
❖ သင်္ကန်းအရွယ်အစားနှင့် ပစ္စည်းအမျိုးစား မမှန်ကန်ပါက ဝယ်ယူသည့် တန်ဖိုး (၃)ဆ ပြန်ပေးပါမည်။
❖ သင်္ကန်းလျာပိတ်စ(၉)စအား (၅)ဖြတ် (၅)ခန်းဖြတ်၍ ဝိနည်းတရားတော်နှင့်အညီ ဖြတ်တောက် ဆက်စပ် ချုပ်လုပ်ထားပါ၍ မမှန်ကန်ပါက ဝယ်ယူသည့် တန်ဖိုး (၃)ဆ ပြန်ပေးပါမည်။

ပေး၍မကုန် လှူ၍မခန်း ဇောတိက သင်္ကန်း
hot line 09-253348646, 09-799888667, 09-785013609

ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးမှုန့်
လေငန်းပမ်း၍ကိုယ်တစ်ခြမ်းသေခြင်း၊ ပါးရွဲ့ခြင်း၊ လေဖြန်းခြင်း၊ ခြေလက်ထုံကျဉ်ကိုက်ခဲခြင်း ဖြစ်လျှင်လိမ်းနိုင်ပါသည်။
Certificate TH09/3125
Certificate TH06/3966.01
ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက်

Industrial Seminar on Logistics &Warehouse Management In Myanmar

Shenton Institute of Applied Finance

Industrial Seminar on Logistics & Warehouse Management ခေါင်းစဉ်ဖြင့် Shenton Institute of Applied Finance မှ ကြီးမှူးကျင်းပမည့် ဟောပြောပွဲကို စိတ်ဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။ တက်ရောက်လိုပါက 01 553897 , 09250793994 သို့ ကြိုတင် စာရင်းပေးသွင်းနိုင်ပါသည်။

Date : October 13th 2017
Time : 2:00 pm - 4:00 pm
Venue : Melia Hotel (Function room 6)

တာဝတိံသာ
အဆင့်မြင့် အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
အိမ်ခန်း၊ရုံးခန်း၊ဆိုင်ခန်းပြောင်းရွှေ့လိုပါက ၁၀ ပေ၊၁၄ ပေ၊၁၅ ပေ၊၁၆ ပေ၊၁၇ ပေ၊၂၄ ပေ ၁၀ဘီး၊၁၂ဘီးကားများနှင့် အလုပ်သမားများ အပါပြောင်းရွှေ့ပေးသည်။ (မြို့တွင်း / နယ်ဝေး)
09-32152526
09-421024222
09-31483218
09-49344288

" တိုက်ခန်း အမြန်ရောင်း/ငှါးမည် " (ပွဲစားမလို)

| | | | | | |
|---|---|---|---|---|---|
| ၁။Orchid Condo | (1750Sqft) | Lift | M3,A/C4,ပြင်ပြီး | 2600L |
| ၂။တက္ကသိုလ်ရိပ်မွန်ကွန်ဒို | (1350Sqft) | Lift | M1,B2,A/C4 | 2300L |
| ၃။စကားဝါကွန်ဒို | (1624Sqft) | Lift | M1,B3,A/C3,ပြင်ပြီး | 2100L |
| ၄။စမ်းချောင်း၊ဗဟိုလမ်း | (12½x50) | G/F | Hall,ပြင်ပြီး | 1150L |
| ၅။ကြည့်မြင်တိုင်လမ်းသန့် | (25x50) | 3/F | M1,B1,A/C,ပြင်ပြီး | 850L |
| ၆။MMG Tower | (1800Sqft) | Lift | M1,B2,ပြင်ပြီး | 13L |
| ၇။မြရိပ်ကွန်ဒို | (1350Sqft) | Lift | M1,B1,A/C2,F-F | 10L |
| ၈။လှိုင်၊အင်းစိန်လမ်းနီး | (15x50) | 1/F | B1,A/C,ပြင်ပြီး | 3L |

Ph: 01 510600, 09 5185539, 09 5012951

FAME Neurodopa®
Natural dopamine supplement
ကိုယ်စိတ်သန့်စွမ်းဆေး
TMR 010851 (0117)
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
09-965559860

FAME SawPalmetto
5α-reductase inhibitor
ဆီးကျိတ်ရောဂါဆေး
TMR 007343 (1216)
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
09-73142216

ဂုဏ်ရည်ဆေးတိုက်
ဂုဏ်ရည် အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ်- တဆဝက (စာနယ်ဇင်း) ၀၅၄/၀၇၁၇
ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။
စျ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက်
အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။
အချိန်-နံနက်(၁၀:၀၀)နာရီမှ ညနေ(၅:၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း-၀၉ ၇၇၇၇၇ ၃၃၁၄၊ ၀၉ ၇၇၇၇၇ ၃၃၁၅၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀



Oway

www.oway.com.mm




အိုးဝေခရီးသွားဝန်ဆောင်မှုလုပ်ငန်း

(၅)နှစ်ပြည့် နှစ်ပတ်လည်အထူးပရိုမိုးရှင်းပွဲ

YOU ARE

INVITED!

၁၄.၁၀.၂၀၁၇ – ၁၅.၁၀.၂၀၁၇

(ရုံးခန်းနေရာပြောင်းရွှေ့ဖွင့်လှစ်ခြင်း အထူးပရိုမိုးရှင်းပွဲ)

ပြည်တွင်းပြည်ပလေယာဉ်လက်မှတ်တွေ၊
ပြည်တွင်းခရီးသွားဘတ်စ်ကားလက်မှတ်တွေ၊
ဟိုတယ်တွေနဲ့ Tour Package တွေကို

ဒေါ်လာ ၁၀၀ အထိလျှော့ပြီး ရောင်းချပေးမှာနော်

ပထမဆုံး အယောက်(၅၀) အတွက်သာ

For more information @ /oway.com.mm

HOTLINE : 01 231 8939

နေရာ - အမှတ် (အေ - ၃)၊ မင်းရဲကျော်စွာလမ်း၊ မင်းရဲကျော်စွာ စီးပွားရေးအဆောက်အဦ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။


telenor
အသက်သာဆုံး
၁ မိနစ်
၁၀/-နဲ့
တယ်လီနောအချင်းချင်း
သာသာယာယာ
အမြဲအတူရှိသော တယ်လီနော
*979*10#
telenor


ကျွန်တော် SCG ကို ယုံကြည်တယ်။
ဘာလို့လဲဆိုတော့ SCG က ကျွန်တော်တို့နဲ့အတူ
ပိုမိုကောင်းမွန်သော လူမှုအဖွဲ့အစည်းနှင့်
ဘဝအရည်အသွေးတွေကို မြှင့်တင်ပေးနေလို့ပဲ ဖြစ်ပါတယ်။
SCG Sharing the Dream
ပညာသင်ဆုပေးအပ်ပွဲ အခမ်းအနား
SCG Sharing the Dream
မျိုးဆက်သစ်လူငယ်တွေအတွက်
အနာဂတ်နေ့သစ်များကို
တည်ဆောက်ပေးရန်
ပညာသင်ဆုများကို
2012 ခုနှစ်ကတည်းက
ချီးမြှင့်ပေးအပ်ခဲ့ရာ ယခုဆိုရင်
လူငယ်အယောက်ပေါင်း
1,300 ကျော်ရှိခဲ့ပါပြီ။
Sharing a Brighter Vision
မျက်စိအတွင်းတိမ်
ကုသပေးမှုအစီအစဉ်အနေဖြင့်
2015 ခုနှစ်မှ စတင်ကာ
မွန်ပြည်နယ်အတွင်းရှိ အတွင်းတိမ်
မျက်စိဝေဒနာရှင်များအား
အခကြေးငွေမယူပဲ
အမြင်အာရုံပြန်လည်ရရှိအောင်
ပံ့ပိုးကူညီပေးပြီး စိတ်ချမ်းသာမှုတွေကို
ပြန်ပေးနိုင်ခဲ့ပါတယ်။
SCG ကို ယုံကြည်ပြီး ပိုမိုကောင်းမွန်တဲ့
အနာဂတ်နေ့ရက်များကို ကျွန်တော်တို့နဲ့အတူ
တည်ဆောက်လိုက်ပါ။
SCG
SCG
SCG
SCG PORTLAND CEMENT
www.scg.com/mm
SCG

# ရိုးရာနဂါးလှေသဘင်ပွဲတော် တနင်္သာရီမြို့၌ စည်ကားစွာဆင်နွှဲ



တနင်္သာရီ မြို့တည်နန်းတည် နှစ်(၈၆၄)နှစ်မြောက်အဖြစ် ရိုးရာနဂါးလှေသဘင်ပွဲ ကျင်းပစဉ်။ ဓာတ်ပုံ-မြင့်ဦး(မြိတ်)

**တနင်္သာရီ အောက်တိုဘာ ၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့၏ ရှေးဟောင်းရိုးရာ ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သည့် နဂါးလှေသဘင်ပွဲတော်ကို ချောင်းကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဒီပ၏ ဩဝါဒလမ်းညွှန်မှုအရ မြို့တည်နန်းတည်နှစ်(၈၆၄)နှစ်မြောက်အဖြစ် နဂါးလှေတော်ခြောက်စင်းဖြင့် သီတင်းကျွတ်လပြည့်ကျော် ၄ ရက်(အောက်တိုဘာ ၉)ရက် နံနက် ၇ နာရီမှစ၍ ချောင်းကြီးမြစ်နှင့် ချောင်းငယ်မြစ်နှစ်သွယ်၏ မြစ်ရေပြင်အတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

၎င်းနဂါးလှေတော် ခြောက်စင်းမှာ တနင်္သာရီမြို့ရှိ ရွှေနန်းသာရီနှင့် ငွေနန်းသာရီနဂါးလှေ နှစ်စင်း၊ လယ်သစ်ကျေးရွာအုပ်စုအတွင်းရှိ မြကြီးအောင်၊ ရန်ကြီးအောင်၊ ပတ္တမြားသွယ်နှင့် စိန်ပန်းသွယ်နဂါးလှေလေးစင်း စုစုပေါင်း နဂါးလှေတော် ခြောက်စင်းတို့ဖြစ်သည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**

# YBS ယာဉ်မောင်းသင်တန်းတွင် အမျိုးသမီးယာဉ်မောင်းများပါ တက်ရောက်

**ရန်ကုန် အောက်တိုဘာ ၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA)တို့ ပူးပေါင်း၍ YBS အထူးယာဉ်မောင်းသင်တန်းများကို ဆက်တိုက်ဖွင့်လှစ်လျက်ရှိရာ အောက်တိုဘာ ၁၁ ရက်တွင် ဖွင့်လှစ်မည့်သင်တန်းတွင် အမျိုးသမီးယာဉ်မောင်းများ စတင်ပါဝင်လာမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့အတွင်းရေးမှူး ဒေါက်တာမောင်မောင်အောင်က ပြောသည်။

YBS ယာဉ်လိုင်းများရှိ ခရီးသည်တင်ယာဉ်များတွင် မောင်းနှင်ရန် ကျွမ်းကျင်ယာဉ်မောင်းများစွာ လိုအပ်လျက်ရှိရာ အထူးယာဉ်မောင်းသင်တန်းအပတ်စဉ်(၁)ကို ပြီးခဲ့သည့် ဇူလိုင် ၁၇ ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ယခုအောက်တိုဘာ ၁၁ ရက်တွင် အပတ်စဉ်(၄)ကို ဖွင့်လှစ်သွားမည်ဖြစ်ရာ အဆိုပါသင်တန်းတွင် အမျိုးသမီးယာဉ်မောင်း လေးဦး ပါဝင်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

"ဆရာတို့အနေနဲ့ကတော့ အမျိုးသမီးယာဉ်မောင်းတွေကို ပိုအလိုရှိပါတယ်။ ခန့်လိုပါတယ်။ ပြီးခဲ့တဲ့ အပတ်စဉ်(၂)ကစပြီး အမျိုးသမီးယာဉ်မောင်းတစ်ဦး စလျှောက်လာတယ်။ ဒါပေမယ့် တစ်ယောက်တည်းဖြစ်နေတော့ စောင့်နေရင်း အခုအပတ်စဉ်(၄)မှာတော့ အမျိုးသမီးယာဉ်မောင်း လေးဦး စပြီးပါဝင်လာမယ်"ဟု ၎င်းက ပြောသည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✳**




## ၂၀၁၉ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၉**

၂၀၁၉ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲအုပ်စုပတ်လည် ဒုတိယအကျော့ ဘောလုံးပြိုင်ပွဲ မြန်မာ့လက်ရွေးစင်အသင်းနှင့် ကာဂျစ္စတန်လက်ရွေးစင်အသင်းတို့သည် အောက်တိုဘာ ၁၀ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အဆိုပါပွဲစဉ်အား MRTV Digital Sports Channel နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

